www.burmeseclassic.com

Nyay

# ညေး

ပျော်ကစကောင်း

ရေးရာ ဝတ္ထု

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| ထုတ်ဝေသူ | – ဦးဝင်းသူရလွင် (အိပ်မက်အသစ်စာပေ) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | – ဦးစန်းရွှန်းအောင် (ငါတို့စာပေပုံနှိပ်တိုက်) |
| မျက်နှာဖုံးဒီဇိုင်း | – မိုးဝင်းမြတ် |
| ပုံနှိပ်ခြင်း | – ပထမအကြိမ် (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ) |
| အုပ်ရေ | – ၁၀၀၀ |
| တန်ဖိုး | – ၁၅၀၀ ကျပ် |


ဧည့် ၏ ဆက်လက်ထွက်ရှိမည့်စာအုပ်များ

(၁၂) အုပ်မြောက် အထူးထုတ်

# ဧည့်

# ကိုယ့်ဇာတ်လမ်းမှာ ကိုယ်သာဇာတ်လိုက်

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

ထုထည်..သိပ်သည်းဆ..
ကြီးမား ကျစ်လစ်လွန်းလှတဲ့လောကကြီးထဲမှာ
ငါဟာ...
ရိုက်လိုက်တိုင်း ကွေးသွားတတ်တဲ့
"သံတစ်ချောင်း"...ပါ...။

အသင်သူ

www.burmeseclassic.com

www.burmeseclassic.com

- A -

သူငယ်ချင်းတစ်ယောက် သင်္ဘောတက်တော့မည်ဖြစ်၍ ဒီည စည်ဘီယာဆိုင်မှာ သူတို့ အပြတ်သောင်းကျန်းကြသည်။

မြို့ပြည်တွေဆိုတာတော့ ဒီအတိုင်းချည်းပင်…။

ဘတ်(စ်)ကားခပ်ကျပ်ကျပ်တွေ၊ ဆာလ်ဖြူရစ်အက်ဆစ် ပါဝင်နှုန်း များလွန်းလှတဲ့ ငရုတ်ဆီတွေနဲ့ နယ်ဖက်ထားတဲ့ အသုပ်စုံတွေက ဝိုက်ဆံနှစ်ရာ၊ သုံးရာလောက်သာ တတ်နိုင်သူတွေရဲ့ အိမ်အပြန်လမ်းကို စောင့်မျှော်နေကြသလို….

စည်ဘီယာဆိုင်၊ နိုက်ကလပ်နဲ့ အနှိပ်ခန်းတွေကလည်း ငွေကြေးတတ်နိုင်သူများ အပန်းဖြေလာမယ့်ညကို စောင့်မျှော်လျက် ရှိလေ၏။

ခု သူတို့ စည်ဘီယာဆိုင် တစ်ဆိုင်ထဲ ရောက်နေကြသည်။

ပွင့်ပွင့်လင်းလင်းပြောရလျှင် ပန်းကုံးတွေ တစ်ပွေ့တစ်ပိုက်နဲ့ တစ်ကီးဝင်တစ်ကီးထွက် သီဆိုနေတဲ့ စင်တင်အဆိုတော်



မလေးကိုခေါ်ပြီး အသင်သူ နရင်းနှစ်ချက်လောက် ရိုက်ပေးချင်နေမိသည်။

မူးတာတောင် ဖိမ်ကျကျ မမူးရ…။

ကြောင်ကို ဝမ်းနှုတ်ဆေးကျွေးထားတဲ့ အသံနဲ့ အော်ချင်ရာတွေအော်နေသည်။ "မေ့းစက်နော်… အသည်းဝယ်… မောပန်းလို့ နွမ်းရင်…မေလေ ချော့ကာ သိပ်ပါ့မယ်…အေး…အေး… အို…အို…မောင်ရယ်…အိပ်…အိပ်တော့ကွယ်…"

အမလေးဟဲ့…နင်က သိပ်နေတာလား…။

ငါ့နားထဲ ကြားနေရတာကတော့…

"နှိပ်စက်မယ် အမြဲကွယ်…နားညည်းလို့ သွားရင်…မေလေ ထပ်ကာ နှိပ်စက်မယ်…အေး… အေး…အို…အိုမောင်ရယ် …လစ်…လစ်တော့ကွယ်…"

ဟုတ်တယ်…သူ့ရဲ့ အနုပညာရသက ဘယ်လောက်တောင် ပြောင်မြောက်သလဲဆိုတော့ ကိုယ့်နားထဲ အဲဒီလို ကပေါက်တိ ကပေါက်ချာကို ကြားနေတာ…။

"အချစ်ရယ်…အိပ်…အိပ်တော့ကွယ်…"

အေး…လစ်…လစ်တော့မှာ…။

ခေါင်းလဲမူး…နားလည်းပူ…။

"ဟိတ်ကောင်…ဟန်ထူး…"

"အေ့…ဟေ…ပြော…အသင်…"

သင်္ဘောသားကလည်း မူးနေပြီ…။ ဆေးကျော်နဲ့ညီ

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဇော်လည်း မှုံးနေကြပြီ။

"မင်း ဒီတစ်ခေါက်သွားမှာ ဘယ်လောက်ကြာမှာလဲ..."

"နှစ်နှစ်...နှစ်နှစ်ခွဲလောက်ပေါ့..."

သူက ခေါင်းတဆတ်ဆတ် ညိတ်ရင်း...

"ကနေဒါ ဘက်ကော ရောက်မှာလား..."

"ရောက်မှာလေ...ဘာဖြစ်လို့တုန်း..."

"ကနေဒါရောက်ရင် ငါ့အတွက် မျောက်တစ်ကောင် လောက်ဝယ်ခဲ့စမ်းပါ"

"ဟမ်..."

ဟန်ထူး ရေချိုးကိုက်နေရင်းမှ မျောက်တစ်ကောင်ဆိုတဲ့ အသံကြောင့် လန့်ဖျတ်သွားရသေးသည်။

အေးကျော်နဲ့ ညီချစ်ဇော်လည်း ထိုနည်းလည်းကောင်း ပင်...။

"မျောက်...ဘာလုပ်ဖို့တုန်း..."

သူက မဖြေ...။

ခေါင်းကိုသာ တွင်တွင် ခါယမ်းလိုက်ပြီး...

"ဝယ်မှာသာ ဝယ်ခဲ့စမ်းပါကွာ...အဲဒီမှာတော့ အလွယ်တကူ ဝယ်လို့ရလိမ့်မယ် ထင်ရတာပဲ...ငါ မင်း ကျေးဇူးမမေ့ပါဘူး... တွေ့တဲ့မျောက် လျှောက်ဝယ်မလာနဲ့နော် သူငယ်ချင်း... ငါပြောတဲ့ မျောက်ပဲဝယ်ခဲ့..."

"အေးလေ...မင်းမှာတဲ့ မျောက်က ဘာမျောက်



တုန်း..."

"ကာပူချင်း...မျောက်..."

www.burmeseclassic.com

www.burmeseclassic.com



(၇)လုံး သူဝယ်ယူလာခဲ့သည်။

ဒါ…သူ့ ဘဝကံကြမ္မာကို အလှည့်အပြောင်း ဖန်တီးပေးတော့မယ့် မှော်သေတ္တာ (၇)လုံးလေ…။

- B -

ပန်းတိုင်ဆီ အရောက်သွားဖို့ လမ်းတွေက ရှည်လျားလွန်းလှသည်။ လမ်းဟောင်းအတိုင်းသွားလေ…လမ်းတွေက ရှည်လျားလေ…ခက်ခဲပင်ပန်းလွန်းလှပါဘိ…။

ကဲ…GOAL ကိုရဖို့ ဘယ်လမ်းကြောင်းကနေ သွားကြမလဲ…

ဖြတ်လမ်းတစ်ခုကို သူ ရွေးချယ်လိုက်နိုင်ချိန်မှာဘဲ လူအုပ်ထဲကနေ သူ ခွဲထွက်ပစ်လိုက်၏။

မဖြစ်ညစ်ကျယ် စိတ်ကူးတွေက သူ့ ခေါင်းထဲ ဒုန်းဒေးဆိုသလို နေရာဝင်ယူလာကြသည်။

ဒုက္ခတွေကြားထဲက မက်မက်မောမော ဆုပ်ကိုင်လာခဲ့တဲ့ ကလောင်တံကို သူ လွှင့်ပစ်လိုက်သည်။

ဒါဆို သူ စာမရေးတော့ဘူးလား…။

ဒီလိုတော့လည်း မဟုတ်ပါ…။

စတိုးဆိုင်တစ်ဆိုင်ကနေ အရွယ်တူ သေတ္တာလေး

www.burmeseclassic.com

www.burmeseclassic.com

## - C -

လောလောဆယ် သူစဉ်းစားမိထားတာက ခေါင်းစဉ် (၇) မျိုးပါ…

1) Emotion (စိတ်ခံစားချက်…)
2) Names (အမည်နာမများ…)
3) Short Events (အဖြစ်အပျက် အတိုလေးများ…)
4) Imagination (စိတ်ကူးပြင်းအား…)
5) Psychological Sketch (စိတ်အာရုံ ပုံကြမ်းရေးခြယ် မှု)
6) References (အကိုးအကားများ…)
7) Way without way (နည်းလမ်းမရှိသော နည်းလမ်းများ…)

ဒီခုနစ်မျိုးကို သင်ဖတ်ပြီးသွားရင် စာရေးဆရာများ (အထူးသဖြင့် မော်ဒန်စာရေးဆရာများ) မြွေမြွေချင်း ခြေမြင်ကြ



လောက်ပြီ ထင်ပါသည်။

ပြဿနာမရှိ…။ ခြေမကလို့ ဘာမြင်မြင်…။

သူကလည်း ဆရာကြီးဆိုပြီး သူ့ကိုယ်သူ ဟစ်ကြွေးထားတာ မဟုတ်…။ စိတ်အချဉ်ပေါက်ပြီး လုပ်တတ်သလောက်လျှောက် လုပ်ထားခြင်းပါ…။

သူ စဉ်းစားမိသလောက် အထက်ပါ ခေါင်းစဉ် (၇) မျိုးကို (သူ့ဘာဝကို အလှည့်ပြောင်းပေးတော့မည်) မော်သေတ္တာ ခုနစ်လုံးမှာ တစ်ခုဆီ သူလိုက် "ကပ်" လိုက်သည်။

ဝတ္ထုကို ဝတ္ထုလိုမရေးတော့… စာကို စာလို မရေးတော့…။

အာရုံလာသလို မှတ်စုတိုကလေးတွေပဲ ရေးဖြစ်လာသည်။

ဥပမာ ဆိုပါစို့…။

ဘတ်(စ်)ကား ကျပ်ကျပ်ကို တိုးစီးခဲ့တဲ့နေ့က လမ်းပေါ်မှာ သူဘာတွေ မြင်တွေ့ခဲ့ရသလဲ။

*ခြေတစ်ဖက်ပြတ်နေတဲ့ သူတောင်းစား၊ အဝါရောင်အပူ၊ စိမ့်စိမ့်သူ လက်ဖက်ရည်ဆိုင်၊ စိတ်ညစ် အသက်ရှုကျပ်၊ ချွေးနံ့၊ လှည်းတန်းမီးပွိုင့်မှာ ဆားချိုသီး တက်ရောင်းတဲ့ကောင်လေး၊ မျှော်လင့်ချက်မျက်လုံး၊ ထိုင်ခုံတစ်ခု လွတ်ပြီ၊ အပြေးအလွှား နေရာဝင်လုကြ၊ မျက်စောင်း၊ အကြွားအ ဝါစကားများ၊ စပယ်ယာ ဟောက်သံ၊ မီးပွိုင့်မီ၊ ကတ္တရာလမ်းနဲ့ ကားဘီးပွတ်တိုက်သံ၊ ချစ်ဖူးတယ်…ချစ်ဖူးတယ်…အို*

www.burmeseclassic.com

www.burmeseclassic.com



*မလွယ်ဘူး ရှုးနိုင်တယ်၊ ကဲ…လက်တို့ မတောင်းဘူးနော်··လွယ်ရင်ထုတ်ကြ၊ အကြွေပါ တစ်ခါတည်းပေး၊ City FM အသံလွှင့်နေ ပြည်သူများ အပန်းပြေ ပျော်ရွှင်နိုင်စေဖို့၊ တီ…တီ…။*

ကဲ အဲဒါသာကြည့်…။

အမြင်တွေ၊ အကြားတွေ၊ စိတ်ခံစားမှုတွေ၊ နမိတ်ပုံတွေက ယူတတ်ရင်ယူတတ်သလို ကြောက်စရာ ကောင်းလောက်အောင် ရလာသည်။

(ဒီထက် အသေးစိတ် ထပ်ရေးလျှင် သင်လည်း နားရှုပ်သွားလိမ့်မည်)

အသင်သူက (ဆန့်ပြာသည်တစ်ယောက် ဆန်ကောထဲထည့် ဆန့်ပြာလိုက်သလို) အထက်ပါ Short notes ကို သူ့ဦးနှောက် ဆန်ကောထဲထည့် ပြာလိုက်ရာ အမျိုးအစားတူတွေ အခုလို ရလာသည်။

ခြေတစ်ဖက်ပြတ်နေတဲ့ သူတောင်းစား၊ အဝါရောင်၊ စိမ့်စိမ့် သူ့ လက်ဖက်ရည်ဆိုင်၊ လှည်းတန်း မီးပွိုင့်မှာ ဆားချိုသီး တက်ရောင်းတဲ့ ကောင်လေးတွေက Names သေတ္တာထဲကို သွား…။

အပူ၊ စိတ်ညစ်အသက်ရှူကျပ်၊ ချွေးနံ့၊ မျှော်လင့်ချက်မျက်လုံး၊ စပယ်ယာဟောက်သံ၊ ချစ်ဖူးတယ်··ချစ်ဖူးတယ် အိုမလွယ်ဘူးရှုးနိုင်တယ်၊ City FM အသံလွှင့်နေ ပြည်သူများ အပန်းပြေပျော်ရွှင်နိုင်စေဖို့··တွေက Emotion သေတ္တာထဲကို



သွား။

ထိုင်ခုံ တစ်ခုလွတ်ပြီ၊ အပြေးအလွှားနေရာဝင်လုကြ၊ မျက်စောင်း၊ အကြွားအဝါစကားများ၊ မီးပွိုင့်မိ၊ ကတ္တရာလမ်းနဲ့ ကားဘီး ပွတ်တိုက်သံ၊ ကဲ…လက်တို့ မတောင်းဘူးနော် … လွယ်ရင်ထုတ်ကြ၊ တီ…တီတွေက Short Events သေတ္တာထဲကိုသွား…။

အရက်မူးတဲ့ညတွေ၊ စိတ်ဒဏ်ရာရတဲ့ အချိန်တွေမှာ ရေးဖြစ်ခဲ့တဲ့ တောင်စဉ်ရေမရ အဖြစ်အပျက်တွေက Psychological Sketch နဲ့ Imagination သေတ္တာထဲကိုသွား…။

ဖတ်ဖူးခဲ့တဲ့ ဂျာနယ်တွေ စာစောင်တွေထဲက ကြိုက်လို့ဆိုပြီး ရပ်တည်ကြီးနဲ့ ကူးချခဲ့တဲ့ စာပိုဒ်တွေ၊ စာစုတွေကတော့ References နဲ့ Way without way သေတ္တာထဲတွေ ကြွကြ…။

နှစ်နှစ်…။

အဲဒီ နှစ်နှစ်အတွင်းမှာ သူ ဝတ်ခဲ့တဲ့ ဂျင်းဘောင်းဘီတွေ အရောင်ပြယ်လွှင့်ခဲ့ပြီ…။ သပ်သပ်ရပ်ရပ် ဖြီးသင်ခဲ့တဲ့ ဆံပင်တွေ အရိုင်းဆန်ဆန် ရှည်လာလို့ ဖြစ်သလို ချည်နှောင်တတ်ခဲ့ပြီ…။

ဘောင်းဘီအိတ်ကပ်ဟာ ငွေစက္ကူတစ်ရွက်မှ မရှိတဲ့ ဒဏ်ကို ရင်ကော့ခံနိုင်လာလေပြီ…။

သူဟာ artist တစ်ယောက်လည်း မဟုတ်တော့…။ မဖြစ်ညစ်ကျယ် စုဆောင်းတတ်သူတစ်ယောက်သာ ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော...။

ဟန်ထွန်း ပြန်ရောက်မလာခင် နှစ်နှစ်ဆိုတဲ့ အချိန် ကာလအတွင်း သူ့ရဲ့ မှော်သေတ္တာခုနစ်လုံးဟာလည်း စာတို ပေစတွေအပြည့် ဖြစ်လာခဲ့ရသည်။

- D -

"ကွိ...ကွိ..."

မျောက်က ဟန်ထွး ဟောကိန်းအတိုင်း နှစ်နှစ်လောက် နေတော့ သူ့ဘဝထဲ ရောက်လာ၏။

တစ်ကိုယ်လုံး အညိုရင့်မကျ အမည်းမကျနှင့် မျက်နှာ နေရာမှာတော့ အမွေးဖြူကလေးများ ပေါက်နေသည်။ ဦးခေါင်း တစ်ပိုက်မှာတော့ ဦးထုပ်အမည်းဆောင်းထားသလို အမွေးနက် ကလေးများ ပေါက်နေပြီး အစွယ်နှစ်ချောင်းလည်း ပါလေ၏။

အင်တာနက်ထဲက အတိုင်းပါပဲလား...။

"ဘယ်လိုလဲ...ဟုတ်ရဲ့လား...အသင်...မင်းမှာလိုက်တဲ့ ကာပူချင်းမျောက်..."

"ဟုတ်တယ်...အစစ်ပဲ...မင်းကို ငါဘယ်လိုတောင် ကျေးဇူး ဆပ်ရမှာမှန်းမသိတော့ဘူး...ဘယ်လောက်ပေးခဲ့ရသလဲ ဟိတ်ကောင်..."

"ဟိတ်ကောင်...ပိုက်ဆံက အရေးမကြီးဘူး... ဒီမျောက်နဲ့ငါ ဘယ်လို ပြန်လာခဲ့ရသလဲဆိုတာသာ...။

www.burmeseclassic.com

www.burmeseclassic.com



မင်းကွာ…တော်တော် ငါ့ကို ပြဿနာပေးတာ…မျောက်နဲ့ငါ တိုင်တွေကို ပတ်လို့…”

ဟန်ထူးက မျောက်နဲ့ မိုင်ထောင်ချီခရီးဝေး အတူသွားခဲ့ရတဲ့ ဟာသတွေ သူ့ကို ပြောပြသည်။ ရယ်လည်း ရယ်စရာတွေချည်းပင်…။

အခု အချိန်အထိ ဒီမျောက်ကို သူ ဘာကြောင့် ဝယ်ခိုင်းလိုက်ရသလဲဆိုတဲ့ အကြောင်းပြချက်ကို သူငယ်ချင်းတွေ ပြောမပြမိ…။ ဒီကောင်တွေကလည်း အဲဒီကိစ္စ ဒီလောက် စိတ်မဝင်စား၍ တော်…တော်ချေသေးတော့သည်။

“ကောင်းပါတယ်…ရည်းစားမရှိမယ့်အတူတူ မျောက်တစ်ကောင် မင်းအနားရှိနေတော့ မပျင်းရတော့ဘူးပေါ့…နာမည်လည်း ရှိပြီးသားနော်…။ အမိုက်စားကွ…”

“ဟုတ်လား…ဘာတဲ့လဲ…”

“ADAM (အာဒမ်)…တဲ့ အဟားဟား…”

“ဝါးဝိုး…”

“အာဒမ်က မင်းကို ဧဒင်ဥယျာဉ်ကြီးထဲ ခေါ်သွားလိမ့်မယ်…”

သေချာတာပေါ့…။

မင်းတို့ကောင်တွေ ငါ့လောက် မသိနိုင်ပါဘူး…။

မျောက်က ငါ့ကို ဧဒင်ဥယျာဉ်ကြီးဆီ ခေါ်သွားလိမ့်မယ်… ဒါပေမယ့် သူ ငါ့ကို ဧဒင်ဥယျာဉ်ကြီးထဲ ခေါ်တတ်အောင် ငါ သင်ကြားပေးရဦးမှာ…။



ဟုတ်ပါတယ်…။

အာဒမ်ဆိုတဲ့ ကာပူချင်း မျောက်ကလေးဟာ အင်တာနက် သတင်းတွေထဲကအတိုင်း သင်လွယ်တတ်လွယ် ရှိလှသည်။

အရင်ဆုံး သူ့ကို ဘယ်လိုတွေ သင်ပေးခဲ့သလဲဆိုတော့ အရောင်ခုနစ်မျိုးပါတဲ့ သေတ္တာခုနစ်လုံးပေးပြီး သူ့စိတ်ကြိုက် အရောင်တွေ ရွေးယူခိုင်းစေသည်။

“အာဒမ်…မင်းရှေ့မှာ သေတ္တာ (၇) လုံး ဟုတ်ပြီနော်…”

“ကွိ…ကွိ…”

“အဲဒီ သေတ္တာ (၇) လုံးထဲမှာ အရောင်တွေ (၇) ရောင်ရှိတယ်၊ မင်းကြိုက်တဲ့ အရောင်တွေ ဆွဲထုတ်လာစမ်းကွာ…”

“ကွိ…”

အစိမ်းရောင်၊ လိမ္မော်ရောင်၊ အပြာရင့်၊ မီးခိုး၊ လိမ္မော်ရောင်၊ လိမ္မော်ရောင်၊ ပန်းရောင်…ဒါ…မျောက်တစ်ကောင်ရဲ့ အရောင်ရွေးချယ်မှု…။

“ဟုတ်ပြီ…မင်းတော်တယ် အာဒမ်…ဟောဒီမှာ တတ်ကြေးတစ်လက်၊ မင်းကြိုက်သလို စိတ်ကွန့်မြူးခွင့်ရှိတယ်၊ မင်းရွေးလိုက်တဲ့ အစိမ်းရောင်စာရွက်က သိပ်ကြီးနေရင် ကတ်ကြေးနဲ့ ညှပ်ပစ်လိုက်နိုင်တယ်၊ ပြီးရင် ကြိုက်တဲ့အရောင် ထိုးပစ်လိုက် စိတ်ကြိုက်စုစည်းပြီးရင် ငါ့ကို ပြန်လာပြ…။

“ကွိ…”

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တော့နေလေပြီ…။

ရောက်ပြီး သိပ်မကြာ…။

အာဒမ် ကတ်ကြေးကောင်းကောင်း ကိုင်တတ်သွားလေပြီ…။

သူ့ စိတ်ကြိုက်အရောင်အဆင်းတွေ ရလာဖို့ ဖြတ်ညှပ်ကပ်တွေ လုပ်လာတတ်ခဲ့ပြီ…။

ရလဒ်တွေကို သူကြည့်ကြည့်လိုက်တော့ မျောက်တစ်ကောင် ဖန်တီးထားတဲ့ လက်ရာတွေက လူသားဖန်တီးထားတာနဲ့မတူ…။ တစ်ခါတစ်ရံ ပို အဆင့်မြင့်နေသယောင်…။ တစ်ခါတစ်ရံ မသိ နားမလည်ခြင်း ဆိုင်ရာတွေနဲ့ ပဋိလက်ဆန်နေသယောင်။

"ဟုတ်ပြီ…အာဒမ်…။ very well done…။ မင်းသိပ်ကိုတော်ပါပေတယ်။ တတ်နိုင်ရင် ငါ့ကို ဒေင်ဉယျာဉ်ကြီးဆီခေါ်သွားပေးပါတော့…။

"ကွိ…"

အောင်မြင်မှုတစ်ခုရဖို့ဆိုတာ လူတွေအပေါ် သိပ်ရိုးသားနေစရာ မလိုပါဘူး… လှည့်ဖျားတတ်ဖို့ပဲ လိုတယ်…။

အသင်သူ

www.burmeseclassic.com

www.burmeseclassic.com

## (1)

သိပ်မကြာ…။

စာပေလောကမှာ ပေါက်ကွဲမှုကြီးတစ်ရပ် ဖြစ်ပွားခဲ့လေတော့သည်။

စာဖတ်ပရိသတ်ကြားမှာရော၊ စာရေးဆရာ အသိုင်းအဝိုင်းမှာရော၊ ဝေဖန်လေကန်ရေး လောကမှာပါ… လူပြောအများဆုံးက ဝုန်းကနဲ ထ,ပေါက်လာတဲ့ စာရေးဆရာတစ်ယောက်အကြောင်း ဖြစ်နေလေတော့၏။

“ပြတ်ရွေ့အနမ်းကြွေမျောကာရန်…တဲ့ဗျ…ပေးထားတဲ့ စာအုပ်နာမည်ကိုက အဲဒီလိုမျိုးကြီး…ဖတ်ပြီး ကျုပ်တော်တော်ကျွတ်ထွက်သွားတာ…”

ဘာကျွတ်ထွက်သွားလေတယ်ရယ်တော့မသိ…။ သူကြည့်လိုက်တော့လည်း ပုဆိုးက မြဲမြဲနေသေး၍ ရေချိန်တော့ ကိုက်ဦးမည့်ပုံ မပေါ်…။

အဲဒီစကားကို ပြောတဲ့လူကတော့ အင်မတန် လက်သံ



ပြောင်လှတဲ့ စာပေဝေဖန်ရေးသမား တစ်ယောက်ပါ…။ တော်ရုံတန်ရုံလောက်နဲ့တော့ တက်မလာနဲ့…ရင်မခုန်ဘူးဆိုတဲ့ လူစားမျိုးထဲကပေါ့…။

“အာ…ကျုပ်သိပြီ…။ ခင်ဗျား ဖတ်တဲ့ စာအုပ်က အခုတလော အရမ်းကို နာမည်ကြီးနေတဲ့ စာရေးဆရာ အသင်သူရဲ့ ဝတ္ထုမဟုတ်လား…ကျုပ်ဖတ်ပြီးပြီ…။ ဒီလူ အတွေးရဲရဲ အရေးရဲရဲ ထဲကနော်…၊ ထုတ်ပေးတဲ့သူကလည်း မိုက်ရူးရဲထုတ်ပေးချင်စိတ်ရှိလို့ပေါ့…၊ ကြိုက်တယ်ဗျ…။ Fragmentation (အဆက်အစပ်ကင်းမဲ့ခြင်း) အရသာတွေ တော်တော်များများ တွေ့ရတယ်…”

“ဟုတ်တယ်ဗျာ…၊ ဒီချာတိတ်ကို ကျုပ် စုံစမ်းပါဦးမယ်…၊ ကျုပ်မဂ္ဂဇင်းမှာလည်း သူ့အကြောင်း အင်တာဗျူးလေး ဘာလေး ထည့်ပေးချင်လို့ပါ…၊ သူ့စာအုပ်တိုက်ကို တစ်ချက်လှမ်းထောက်တော့ ဒီချာတိတ် အသက်ငယ်သေးတယ်လို့တော့ ကြားတယ်ဗျ… စာအုပ်လောကမှာ ဒီလိုလူမျိုး ဝင်လာတာတော့ ကြိုဆိုတယ်ဗျာ၊ လုံးဝကို anti art (သမရိုးကျ အနုပညာကို ဆန့်ကျင်ဖွဲ့သူ)၊ anti sense (သမရိုးကျ ခံစားမှုကို ဆန့်ကျင်ခံစားသူ) ပဲဗျ…”

စာအုပ်တန်းက လက်ဖက်ရည်ဆိုင်မှာ ဝေဖန်ရေးသမားတွေ စုထိုင်နေကြတုန်း အသင်သူ့အကြောင်း ပြောနေကြခြင်းပါ…။

ဒါကို ခပ်လှမ်းလှမ်း စာဝိုင်းကနေ ခေါင်းစွပ်အင်္ကျီကို

www.burmeseclassic.com

www.burmeseclassic.com



ခပ်ငိုက်ငိုက်စောင်းထားတဲ့ လူငယ်လေးတစ်ယောက်ကလည်း တိတ်တဆိတ် နားထောင်ရင်း နှုတ်ခမ်းတစ်ချက် မဲ့သွားလိုက်ပါသေး၏…။

သူ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်တော့ နာမည်ကြီး ဝေဖန်ရေးဆရာ သုံးလေးယောက်လောက်နဲ့ နာမည်ကြီး ထုတ်ဝေသူ နှစ်ယောက်လောက် ဝိုင်းဖွဲ့ထိုင်နေတာ တွေ့လိုက်ရသည်။

"အသင်သူ…ဟုတ်လား…အာ…ဒီကလေး ကျုပ်သိတယ်၊ ကျုပ်တိုက်ကိုတောင် သူစာမူလာပြဖူးသေးတယ်၊ အသက်ကငယ်ငယ် ရုပ်က ခပ်ချောချောထဲကပဲဗျ၊ နေဦး…သူကျုပ်ဆီ လာပြတုန်းက ရိုးရိုးအချစ်ဝတ္ထုတွေ…အခုခေတ်က သိတဲ့အတိုင်းပဲလေ…တော်ရုံတန်ရုံ လုပ်ပြနိုင်ရုံလောက်နဲ့ကတော့ မတိုးတော့ဘူး… ဒါနဲ့ ကျုပ်လည်း မထုတ်ဘူးလို့ ငြင်းလွှတ်လိုက်တာ… အခုထွက်မယ့် ထွက်လာတော့ သူ့ဝတ္ထုတွေက မော်ဒန်တွေ ဖြစ်နေတယ်ဗျ…ကျုပ်တို့ ဉာဏ်မမှီနိုင်လောက်အောင်ကို ကောင်းလာတယ်၊ ဘာကြောင့် များပါလိမ့်…"

မျောက်ကို ငှက်ပျောသီးဝဝ ကျွေးထားလို့ပေါ့ ငပိန်းကြီးရဲ့…လို့ သူစိတ်အချဉ်ပေါက်စွာ စိတ်ထဲကနေ ပြောလိုက်မိသေးသည်။

အခုတော့ သူအောင်မြင်ပြီ။

အောင်မြင်တာမှ လုံးဝ အထွဋ်အထိပ် ရောက်ရှိသွားရချေပြီ…။



သေချာတာတစ်ခုက သူ့နှလုံးသားတွေ မဖြူစင်တော့…။

အရောင်မျိုးစုံ အဆိုးခံလိုက်ရသဖြင့် ခပ်ပုပ်ပုပ်အရောင်ထွက်သွားလေပြီ…။

www.burmeseclassic.com

www.burmeseclassic.com

## (1-a)

ခြောက်…။

လူတွေ…။

လူက လူလိုတွေးပြီး လူဆန်ဆန်ရေးတော့ မနှစ်ခြိုက်ကြ…။ မျောက်တစ်ကောင်ကို ခေါ်ပြီး ဝတ္ထုရေးခိုင်းလိုက်တော့မှ ထ, ချီးကျူးကုန်ကြသည်။

ဒီစိတ်ကူးကို သူ ရလာခဲ့တာက "မျောက်ရေးတဲ့ ပန်းချီတစ်ကား ဒေါ်လာ ၄၀၀ တန်" ဆိုတဲ့ အင်တာနက် သတင်းတစ်ပုဒ် ကနေပါ…။

မျောက်တစ်ကောင် ပန်းချီဆွဲနိုင်အောင်လို့ ဆိုတာက ဆေးဗူးနဲ့စုတ်တံတော့ လိုတယ်လေ…ဒါဆိုရင် မျောက်ကို ဝတ္ထု ရေးခိုင်းဖို့ဆိုရင်တော့ အချက်အလက်တွေ မလိုနိုင်ဘူးလား…။

အဲဒီအတွေးက သူ့ကို မော်သေတ္တာခုနှစ်လုံး စုဆောင်း တတ်စေဖို့ တွန်းအားပေးခဲ့သည်။

မျောက်တွေထဲမှာ ကာပူချင်မျောက်ဆိုတာ ဦးနှောက် အတော်ထက်တဲ့မျောက်ဆိုပဲ…ဒါ့ကြောင့်ပဲ သဘော်သားကို အပူကပ်ခဲ့သည်။

အာဒမ်ရောက်လာတော့ ရောင်စုံစာရွက်ကလေးများနဲ့ ဦးစွာ လေ့ကျင့်သင်ကြားပေးခဲ့သည်။

ရွေးချယ်မှုကို အရောင်ကနေ စတင်စေခဲ့ခြင်းဖြစ်၏။

နောက်တော့ ဒီအလုပ်အပေါ် အာဒမ် အကျွမ်းတဝင် ရှိပြီ ဆိုတော့မှ မော်သေတ္တာခုနစ်လုံး ချပေးလိုက်၏…။

ကျေးဇူးရှင် ဆရာသမားက ကတ်ကြေးတစ်လက်နဲ့ သေတ္တာခုနစ်လုံးထဲက သူ့စိတ်ကြိုက် အချက်အလက်စာရွက်များ ထုတ်ယူကာ ညှပ်သင့်တာ ညှပ်ပစ်သည်။ တွဲပေးသင့်တဲ့ဟာ တွဲပေးသည်။ အရှေ့၊ အနောက်၊ အထက်၊ အောက် အားလုံး စီစဉ်ပေးသည်။

အားလုံး သူ့စိတ်ကြိုက် ဖြစ်ပြီဆိုတော့မှ "ကွဲ"ဟု ဆိုကာ သခင်ဖြစ်သူထံ လာပေး၏…။

ဒါ…အာဒမ် ချပေးလိုက်တဲ့ ဖယားကွက်…။

အာဒမ် ချပေးလိုက်တဲ့အတိုင်း အစကနေ အဆုံးတိုင် ဖတ်ကြည့်လိုက်တော့ အသစ်အရသာ တစ်ခုကို သူစတင် ခံစားရနိုင်လေတော့၏။

ချောတော့မချော…ခပ်ကြမ်းကြမ်း…။

ဒါကို သူက အနည်းငယ် ချောသွားအောင် ရွှေဘော် ဆိုးပေးလိုက်သည်။ ဝတ္ထုတစ်အုပ်စာရအောင် စာမျက်နှာတွေကို ချဲ့သင့်တာချဲ့၊ ချုံ့သင့်တာချုံ့ ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အစောကတည်းက မျောက်တစ်ကောင်ရေးပေးတဲ့ ဝတ္ထုမို့ ယုတ္တိကတော့ မရှိ…။ ဒါကို တချို့ ဝေါ်းတွေကလည်း ခြပ်မဲ့ အနုပညာတို့၊ စိတ်ကူးအစိက အနုပညာတို့ ပြောပြီး ချီးကျူး တတ်ပြန်သေးသည်။

ကိစ္စမရှိ။

သူကလည်း လူကောင်းတစ်ယောက်တော့ မဟုတ်တော့…။

ဆေးရောင်အမျိုးမျိုး အခြယ်ခံခဲ့ရသဖြင့် နလုံးသားအရောင်က အပုပ်ရောင်ထနေပြီ…။ သူ ဗီလိန်တစ်ယောက်ဖြစ်နေလေပြီ။

မျောက်ရေးပေးတဲ့စာတွေ လုံးချင်းတစ်အုပ်ရယ် ဖြစ်လာတော့ ထုတ်ဝေသူတွေထဲမှာ ဘယ်သူမိုက်လဲ လေ့လာကြည့်ရာ အိပ်မက်သစ်စာပေ ဝင်းသူရလွင်ကို သွားတွေ့မိပြန်သည်။

"မိုက်တယ် ဘရာသာ…။ ကျွန်တော်က ဒီလို အသစ်တွေ စိတ်ဝင်စားတာလေ…"

"အားကိုးပါတယ် ကိုဝင်းသူရလွင်ရယ် …စာအုပ်တိုက် နာမည်ကိုက အိပ်မက်အသစ်ဆိုတော့ အသစ်တွေကို ကြိုက်လိမ့်မယ်ဆိုတာ ယုံကြည်ပြီးလာ ဆက်သွယ်ရတာပါ…"

မြောက်ပင့်ကျပ်ပေးလိုက်တော့ ဝင်းသူရလွင်လည်း ဘဝင်ခိုက်သွားသည် ထင်ပါသည်။ လူရေးတဲ့စာလား၊ မျောက်ရေးတဲ့စာလား မသိဘဲ တဖောက်ကန်းထုတ်သည်။

လုပ်ကတည်းက အကြောင်တွေ လုပ်လာခဲ့လို့လား



မသိ…။

စာအုပ်ထွက်တာနှင့် ဝိုန်းကနဲ ဒိုင်းကနဲ ထ၊ ပေါက်သည်။

အာဒမ်ကြောင့် ဆေးသားပြယ်လွင့်နေတဲ့ ဂျင်းဘောင်းဘီတွေ လွှတ်ပစ်နိုင်ခဲ့ပြီး ဈေးကြီးမှေ့ဆိုတဲ့ အဝတ်အစားတွေ အွန်လိုင်းကနေ ဝယ်ယူခဲ့နိုင်သည်။

ကိုယ့်အပေါ် နားလည်မှုမပေးခဲ့နိုင်တဲ့ မိသားစုထဲကရုန်းထွက်ပြီး မြို့ထဲမှာ တိုက်ခန်းကလေးဝယ်ပြီး ကိုယ်ပိုင်ကမ္ဘာလေး ဆောက်တည်ခဲ့နိုင်သည်။

အရင်တုန်းက လမ်းဘေးမှာ စမူဆာသုပ်တစ်ပွဲ ဝယ်စားဖို့ကိုပင် လက်ရွံ့နေခဲ့ရာ အခုတော့ ဟိုတယ်မှာ ညစာကောင်းကောင်း စားလာခဲ့နိုင်ပြီ။

အောင်မြင်မှုရဲ့ နောက်ဆက်တွဲ ဂယက်တွေက နည်းနည်းတော့ ပြင်းထန်၏။ သူ သတိထားမိသလောက်ကတော့ "ပြတ်ရွေ့အနမ်း ကြွေမျောကာရန်" ထွက်ပြီးတဲ့နောက် သူအများဆုံးဝယ်ဖြစ်တဲ့ အရာတွေက စီးကရက်နှင့် ကွန်ဒုံးများပင်…။

🍎🍎🍎

www.burmeseclassic.com

www.burmeseclassic.com

# (2)

“ပြော…ဘာဖြစ်သလဲ…”

“သူ နည်းနည်းဖျားတယ် ထင်တယ်ဗျ၊ ကိုယ်လေး နွေးနေတယ်…”

တိမ္မွေးကု ဆရာဝန်မလေးက အတော်ချောသည်။

အာဒမ် နေမကောင်း၍ တိမ္မွေးကုဆေးခန်း လာပြရာ ဆရာဝန်မ ချောချောလေးတစ်ယောက်နဲ့ အမှတ်မထင် ဆုံဆည်းပြီး သူပါ ရောဖျားလိုက်ရရင် ကောင်းမလား စဉ်းစား လိုက်မိသေး၏။

ဒီ ဒေါက်တာမလေးကို အခုမှ သူတွေ့ဖူးတာတော့ မဟုတ်၊ မျောက်ရေးပေးတဲ့ ဝတ္ထုမထွက်ခင်တုန်းက၊ သူ့ဝတ္ထုကို ဖတ်ရှုဝေဖန်ပေးရန်နှင့် အမှာစာရေးပေးရန် စာပေဂုရုကြီး တစ်ပါးဖြစ်တဲ့ ရက္ခနီ ဆီသွားစဉ်ကတည်းက ဒင်းလေးကို တွေ့ခဲ့သည်။

ကြည့်ရတာ ဆရာဝန်မလေးက ရက္ခနီရဲ့သမီးများ



ကားမသိ။ အဲဒီတုန်းက ကိုယ့်အပူနှင့်ကိုယ်မို့ သူလေးကို စိတ် မဝင်စားနိုင်။ အခုတော့ သူလည်းအောင်မြင်ခဲ့ပြီမို့ ဖွန်ကြောင် လိုက ကြောင်နိုင်ပြီ…။

“အဲလိုဖြစ်တာ ဘယ်နှစ်ရက်ရှိပြီလဲ…”

“မနေ့ညကတည်းကဗျ…”

“ရှင် သေသေချာချာ ကိုင်ထားပေးနော်…”

သူ ခေါင်းပဲညိတ်ပြလိုက်ပြီး မျောက်ကို ရင်ဖွင့်ပေး လိုက်သည်။ ဆရာဝန်မလေးက နားကြပ်နှင့်ထောက်၏။

အာဒမ်ရေ…။ မနာလိုလိုက်တာဟာ…။ နင်နဲ့ငါ နေရာ ချင်းတောင် လဲပစ်လိုက်ချင်တယ်။

အဲဒီ နားကြပ်ကလည်း မျောက်ရင်ဘတ်ထောက်ပြီးရင် ကိုယ့် ရင်ဘတ်လာထောက်စမ်းပါ…။ တဒုတ်ဒုတ် ဆောင့်ခုန် နေတဲ့ ရင်ခုန်သံတွေ မင်းကြားသွားလည်း မနည်းဘူးပေါ့…။

“ကာကွယ်ဆေး ထိုးထားလား…”

“ဟင့်အင်း…”

ဆရာဝန်မလေးက ခေါင်းကို တဆတ်ဆတ် ညိတ် ရင်း…

“ကျောက်ပေါက်နေတာပါ…”

သူ နည်းနည်းတော့ ခေါင်းနပန်းကြီးသွားရပြီ…။

ဟုတ်တယ်လေ…။ သူ့ဘဝမှာ ဒီမျောက် မရှိလို့မရ။ မျောက်ကို ဝတ္ထုရေးခိုင်းပြီး သူက အချောင်နှိုက်နေတာ မဟုတ်ပါ လား…။

www.burmeseclassic.com

www.burmeseclassic.com



"ဆေးတစ်လုံး ထိုးပေးလိုက်မယ်…၊ အန်တီဘိုင်ရောတစ်(antibiotic)ပေးလိုက်မယ်၊ တစ်နေ့လေးကြိမ် ဝင်အောင်တိုက်ပေးလိုက် ပါ…"

"ဟုတ်ကဲ့…"

"လောလောဆယ် အိမ်ပြန်ရောက်ရောက်ချင်း ဂလူးကို့(စ်)တစ်ဇွန်းကို ရေနဲ့ဖျော်ပြီး သူ့ကို ဝင်အောင်တိုက် လိုက်ပါဦး…။ ရေဆာတိုင်းလည်း ဂလူးကို့(စ်)ဖျော်ရည်ပဲ တိုက်ပါ…"

သူက ပြုံးပြီးပဲ ခေါင်းညိတ်ပြလိုက်သည်။ သူ့အပြုံးနဲ့အကြည့်က တဖက်သားထံ ဘယ်လောက် နှစ်ဝင်သွားလေတယ်မသိ…။ ဆရာဝန်မလေးပင် မနေတတ်မထိုင်တတ် ဖြစ်ကုန်သည်။

"ဟောဒါ…သောက်ရမယ့် ဆေးအညွှန်း…"

"ကွဲ…"

သွားပြီ…။ မျောက်က ဘယ်အချိန် သူ့လက်ထဲက လွတ်ထွက် သွားလိုက်မှန်းမသိ…။

"ကွီ"ဆိုတော့မှ ကြည့်လိုက်မိရာ ဘယ်အချိန်ကတည်းက ဆရာဝန်မလေးရဲ့ ဘေးလွယ်အိတ်ကို မွှေနှောက်ထားလေတယ်မသိ…။ ရောင်စုံခဲတံလို အချောင်းတစ်ချောင်း ထောင်ပြလာသည်။

"အဲတော့…ကျွန်မ Lip Gloss သူ့လက်ထဲ ရောက်နေပြီ…"

"ဒေါက်တာ…အဲဒါ ဘာအချောင်းလဲဟင်… ဟိတ်



ကောင် …အာဒမ် ပြန်ပေးစမ်း…"

"နှုတ်ခမ်းနီရှင့်…အရောင်တင်ဆီ ဆိုပါတော့…အဲ… ရှင့် မျောက်ပါးစပ်ကိုလည်း ကြည့်ဦး…၊ သွားပါပြီ…ကျွန်မ Lip Gloss တွေ ယူဆိုးပစ်လိုက်ပြီ…ရှင့်မျောက်က ဘယ်လို မျောက်တုန်း…"

နိုင်ငံကျော် စာရေးဆရာကြီးပဲလေဗျာ…။ ဒီလောက်ကတော့ ဘာဟုတ်ဦးမတုန်း။

"ဒီကောင်…နှုတ်ခမ်းနီကြော်ငြာတွေ တီဗွီထဲက မြင်ဖူးလို့နဲ့ တူတယ်…၊ အတုခိုး အရမ်းမြန်တယ်၊ ဒီလိုလုပ်ပါ…မျောက်ဆိုးပြီးသား နှုတ်ခမ်းနီတော့ ပြန်မယူပါနဲ့တော့ ဒေါက်တာ၊ ကျွန်တော် မနက်ဖြန် အသစ်ဝယ်လာပေးပါ့မယ်…ကျွန်တော့်ကို အဲဒီနှုတ်ခမ်းနီတောင့်လေး လက်ဆောင်ပေးတယ်လို့ပဲ သဘောထားလိုက်ပါတော့…"

ခွင်ထဲဝင်လာတာနဲ့ မလွှတ်မလပ်စကားတွေပြောပြီး သူက ထည့်တတ်သည်။

ဆရာဝန်မလေးကတော့ ရှက်ပြီး ခေါင်းငုံ့သွားလေ၏။

အာဒမ်…။

မင်းဟာ တကယ့်ကို ငါ့ကို ခေင်ဥယျာဉ်ကြီးထဲ ခေါ်ဆောင် သွားနိုင်ခဲ့တာကိုး…။

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူမရှိတဲ့ဘဝ . . . ဆိုတာ
သူ့ရဲ့ကောင်းမရှိတဲ့ တိုင်းပြည်လိုပဲ . . .
သားကောင်ရှာတဲ့ တောကြောင်တွေ
သိပ်များလွန်းတယ် . . .။

နှိုင်းခကြွယ်

(2-a)

နိုင်ငံကျော် စာရေးဆရာကြီးရဲ့ မျောက်က ကိုယ့်နှုတ်ခမ်းနီကို ယူဆိုးသွားလေတယ်…တဲ့။ နှိုင်းခကြွယ်ရယ်လည်း ရယ်ချင်မိရသလို၊ ရင်လည်းခုန်မိပါရဲ့…။

ရင်ခုန်မိတယ်ဆိုတာက ဒီလိုပါ…။

နှိုင်းခကြွယ် ကိုယ်တိုင်ကလည်း သူ့ပရိသတ်ပင်…။ အခုလို နာမည်ကြီးလာတော့မှ သူ့စာတွေကို ကြိုက်လာခဲ့တာ မဟုတ်…။ သူ့စာအုပ်မထွက်ခင် ဖခင်ဖြစ်သူထံ လာရောက်ပြသ အကြံဉာဏ်ယူကတည်းက ဖေဖေ့ဆီက ခွင့်တောင်း ဖတ်ကြည့်ကာ ကြိုက်လာခဲ့မိရသည်။

"အဲဒီ စာအုပ်က တကယ်ထုတ်ဖြစ်ရင် ပေါက်ကို ပေါက်မှာ ဖေဖေ…"

သူမ အဲဒီလို ပြောခဲ့ဖူးသည်။

သူ့စာတွေထဲမှာက Appearance(ပုံသဏ္ဍာန်)နဲ့ Frame (ဘောင်)တွေ ပျောက်ဆုံးနေတာကိုက သူ့ဟန်ပန်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း သူမ ဆေးခန်းကို သူရောက်လာတော့ ရင်တွေတုန်ပြီး စာအုပ်အကြောင်းပင် မပြောဖြစ်ခဲ့ကြ။ အင်း… နှုတ်ခမ်းနီ ဆိုးဆေးဝင်လှတဲ့ မျောက်ကြောင့်လည်း ဖြစ်ချင်ဖြစ်မှာပေါ့…။

ဒါပေမယ့် သူ နောက်နေ့ ကိုယ့်ဆေးခန်းကို Lip Gloss လာပေးရင် စာပေအကြောင်း ဆွေးနွေးလို့တော့ ရနိုင်သေးတာပဲ။

"ရှင် ဘယ်လို ဉာဏ်ရည်မျိုးနဲ့ ဒီလို Fragmentation စာပေတွေ ရေးနိုင်လာခဲ့သလဲ" ဆိုတဲ့ မေးခွန်းလောက်တော့ သူ့ကို မေးချင်နေမိသည်။

"ဒေါက်…ဒေါက်…ဒေါက်…"

"သမီးရေ…"

အဲ…ကိုယ့်ရဲ့ အခန်းကျဉ်းလေးထဲမှာ ဖက်လုံးလေး ဖက်ပြီး အသင်သူ့အကြောင်း စဉ်းစားခန်းဖွင့်နေစဉ် မွေးသမိခင် အခန်းတံခါးလာခေါက်မှ စိတ်နဲ့ကိုယ် ပြန်ကပ်သွားရပြီး…

"ရှင်…မေမေ…"

"အောက်ထပ်မှာ ခင်မောင်မျိုးမင်းသိန်း ရောက်နေတာကြာပြီနော် သမီး…"

အဲဒါ ဘာလုပ်ရမှာတုန်း…။ တစ်ခါတစ်လေ မြန်မာကား ဆန်လွန်းတဲ့ ကိုယ့်ဘဝကိုယ် စိတ်လေမိပြန်သည်။

ခင်မောင်မျိုးမင်းသိန်းဆိုတာ မေမေ့သူငယ်ချင်းရဲ့သားပါ…။ ကိုယ်ထက်လည်း အသက်အများကြီး ကြီးသည်။



ငယ်ငယ်တုန်းက ၂ ခါလောက် ဝက်ရူးပြန်ဖူးတယ်လို့လည်း ကြားဖူး၏။ ဝက်ရူးပြန်ဖူး မဖူး သေချာမသိပေမယ့်၊ တစ်ခါတစ်ရံ သူမကို လွှတ်ပြီး ငမ်းကြောဆွဲလျှင် ပါးစပ်ကသွားရည်ပင်မ နိုင်ချင်။ ကျောချမ်းစရာလည်း ကောင်း၏…။

ဒီလူက ဟိုစပ်စပ် ဒီစပ်စပ် စီးပွားရေးသမားဆိုတော့ မွေးသမိခင်ကြီးက အထင်ကြီးမှုရှိ၏။ အိမ်အဝင်အထွက် လိုင်စင်ကလည်း ကျထားသူမို့ နှိုင်းခြကြယ် အလိုက်အထိုက်သာ ဆက်ဆံနေရသည်။

"ကလေး အိပ်နေတာလား…ကိုသိန်း ရောက်နေတာ တောင်ကြာပြီ…ပြန်တောင်ပြန်တော့မလို့" တဲ့။ ပြန်ချင်လည်း ပြန်သွားတာမဟုတ်…။ မိခင်ကို အပူတိုက်ပြီး သူမကို ရအောင် ခေါ်တတ် ပြန်သေးသည်။ ခြော်…မိန်းမဖြစ်ရတဲ့ ဒုက္ခ…။

"မတွေ့တာကြာပြီနော်…တရားစခန်း ဝင်လိုက်သေးတယ်ဆို…"

နှိုင်းခြကြယ် ခပ်လှမ်းလှမ်း ဆက်တီတစ်ခုံမှာ ထိုင်ရင်း ဆိုလေတော့…

"ဟုတ်တယ် ကလေးရေ..။ ခန္ဓာငါးပါး ရုပ်နမ်နှစ်ပါး ဆိုတာ ပဉ္စက္ခန္ဓာဒုက္ခောလို့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ အတိုင်း ဒုက္ခအရိယသစ္စာကြီးလေ…"

ဟိုက်…ဘာတွေတုန်းဟ…

"ကိုသိန်းတို့မှာ ချမ်းသာတဲ့ ခန္ဓာကိုယ်တွေ မရှိကြဘူး —ဒါကြောင့်လည်း နတ္ထိခန္ဓသမာဒုက္ခာလို့ ဘုရားရှင်က ဟော

www.burmeseclassic.com

www.burmeseclassic.com



ကြားတော်မူခဲ့တာပေါ့…အဲ…မဇ္ဈိမပဋိပဒါကို သွားချင်ရင် ကာမ သုခလ္လိကာနုယောဂနဲ့ အတ္တကိလမထာနုယောဂကို ရှာရဦးမှာ…"

ခင်မောင်မျိုးမင်းသိန်း စကားမဆုံးခင် သူမက တစ်ချက် သမ်းဝေလိုက်ရင်း…

"မသိပါဘူး…အရင်တုန်းက ဦးခင်မောင်မျိုးမင်းသိန်း ပါးစပ်က ဒီလို တရားစကားတွေ မကြားခဲ့ရဘူးလေ…။ အခုမှ ဒါတွေ ကြားနေရလို့ ကားဝိုင်းမှာ ကားဈေးတွေ ထိုးကျနေပြီလား လို့… အဟီး…"

"အဲ…"

ဝေါဟာရ ပျက်သွားရပြီ…။

ဒီလူက အရင် ကားဈေးတွေမာတုန်းက ဝိုင်းမှာ ဈေးတွေ ကစားလာရင်း ချမ်းသာလာခဲ့တာ…။ အခု ခေတ်ကလည်း မကောင်းလာတော့ ကားပွဲစား မလုပ်တော့လို့တော့ သတင်းတွေက ကြားရပြန်သည်။

သူနဲ့ ပတ်သက်ပြီး သိုးသိုးသန့်သန့် သတင်းတစ်ခုလည်း နှိုင်းခကြယ် ကြားထားမိပြန်သေးသည်။

ကားပွဲစားကနေ အခု နွားပွဲစား ပြောင်းလုပ်နေသတဲ့…။

ကြားကြားချင်းတုန်းက ယုတ္တိမရှိလို့ ထင်ခဲ့မိသော်ငြား သေချာ ပြန်စဉ်းစားကြည့်လိုက်တော့ ဖြစ်လည်း ဖြစ်နိုင်ပြန်သည်။



အခုတလော တရုတ်ဘက်က မြန်မာပြည်ကနေ နွားတွေ တရားမဝင် ဝယ်နေတာ မဟုတ်လား…။ အကာအရန်တွေနဲ့ ပိတ်ထားတဲ့ ကုန်တင်ကားကြီးတွေနဲ့လေ…။

"ကားဈေးထိုးကျရုံလောက်နဲ့ကတော့ ကိုသိန်း တရားစခန်းမဝင်ပါဘူး ကလေးရယ်… စိတ်ကကို ဘာသာတရားအပေါ် နက်နက်ရှိုင်းရှိုင်း သက်ဝင်ယုံကြည်လာလို့ပါ…"

အင်း…။ ယုံကြည်တာလည်း ယုံကြည်…။ လူကိုလည်း လျှော့ငမ်း…။ ထိုင်ရင်းနဲ့တောင် ကျော့ချမ်းလာပြီ…။

"ကားဈေးတွေက ကျလာတယ်ဆိုတော့ ၂၀၀၇ ဟာရီရာတစ်စီး ဘယ်လောက်ရှိမလဲ ဦးမျိုး…"

"၁၅၀ ဝန်းကျင်ပေါ့…ကောက်ဈေးကတော့ ဒီထက်ပိုနည်းမယ် ထင်တယ်…"

"ဟို…ဘွတ်အဲ…တွေကျတော့ရော‌ဟောင်…ခေတ်ကောင်းသေးလား…တက်လား၊ ကျလား…"

"ဟမ် ဘယ်ဘွတ်အဲတွေတုန်း…"

"ဟို တရုတ်ပြည် တရားမဝင်ပို့နေတဲ့ ဘွတ်အဲတွေလေ…"

"အာ…ဒီကလေးမ အိပ်ချင်မူးတူးနဲ့ ဘာတွေမေးနေတာတုန်း…ကိုသိန်းက ကားပွဲစား၊ နွားပွဲစားမဟုတ်ဘူး… ခနောလိုတဲ့သူတော့ များတယ်နော်…၊ ကောလဟာလတွေ ကြားတိုင်း လွှတ် မယုံမိစေနဲ့…၊ ဒါ…ဓိတနာနဲ့ သတိပေးတာ အဟောင်းဟောင်း…"

www.burmeseclassic.com



အမလေးဟဲ့…မနာလိုရအောင် ဒင်းက ဘာမို့တုန်း…။

အရင် ခေတ်ကျုပ်ကြီးတုန်းကသာ လူပေါ်လူဇော်လုပ်တတ်တိုင်း ချမ်းသာကြတာ။ အခုခေတ်မှာတော့ ဒီလို မဖြစ်ညစ်ကျယ်လုပ်တိုင်း အောင်မြင်ဖို့ ဝေးစွ…။

“ဦးသိန်း လူကို ဘာကြည့်နေတာလဲ…”

ဟုတ်တယ်လေ…။ ကိုယ့်အိမ်လာပြီး လက်ဖက်ရည်ဆိုင်မှာ မိန်းမငမ်းကြောဆွဲတဲ့ အထာနဲ့တော့ လာမကြည့်နဲ့…။ နှိုင်းခကြယ်တို့က ဒါမျိုး သည်းမခံနိုင်တာမို့ ပေါ်တင်ပဲ ဟောက်ပစ်လိုက်ရာ…

“ဩော်…ကလေး ပိုချောလာလို့ ကြည့်မိတာပါကွယ်…စောစောက ကိုသိန်းစကားတွေ နည်းနည်း ဆရာဆန်ပြီး တရားသံပေါက်သွားတာများရင် ခွင့်လွှတ်နော် ကလေး ကိုသိန်းက ကလေးကို အလင်းရောင် မျှဝေတာပါကွယ်။ ကလေးသာ လင်းလက်မယ်ဆိုရင် ကိုသိန်း ဘယ်လောက် လောင်ကျွမ်းရ…လောင်ကျွမ်းရ…အလောင်ကျွမ်းခံနိုင်ပါတယ်‧ ‥ဟင်း…ဟင်း”

“ဒါ…ဒါဆို ဦးသိန်းက အပူဒဏ်တော်တော်ခံနိုင်ရည် ရှိမယ့်ပုံပဲ…”

“အဲ…ကလေးအတွက် ဆိုရင်ပေါ့လေ…”

“အတော်ပဲ…ရပ်ကွက်ထဲမှာ ထမနဲ့ထိုးပွဲ ရှိလို့ရှိရင် ဦးသိန်းကို ခေါ်မယ်နော်…၊ လူကြီးကတိနော်…ဒါပဲ…ဦးသိန်း အပူခံနိုင်ရည်ရှိတယ်ဆိုတာ နှိုင်းခ မှတ်ထားလိုက်ပြီ…”



“အင်…”

အပူဒဏ်ခံနိုင်ရည် ရှိမရှိတော့ မသိ…။

နှိုင်းခကြယ်စကားကြောင့် ငနဲခများ ဝမ်းလျှောနေတဲ့ လင်းတလို အိုမင်းသွားရချေပြီ…။

နောက်တော့…

“အဲ…ကလေး…ကိုသိန်းလေ…ပါတနာတစ်ယောက်နဲ့ ဘစ်ဇစ်နက်(စ်)ကိစ္စလေးချိန်းထားလို့ ခွင့်ပြုပါဦးနော်…နောက်မှ ဆုံတာပေါ့…”

အဲဒီလိုပြောကာ တစ်ချိုးထဲ လစ်လေတော့၏။

ကန်တော့ဆွမ်းပါတဲ့ရှင်…။ ကြွ…ကြွ…။

www.burmeseclassic.com

www.burmeseclassic.com

## (3)

အဲ...သူရောက်လာပြီ...။

ကြည့်...။ သူ့မရင်တွေ ဘာကြောင့် ဒီလောက်ခုန်နေရတာလဲ...။

အလုပ်ရှုပ်ချင်ယောင်ဆောင်ပြီး ယောင်တိယောင်ကန်းနှင့် ပလက်စတာတွေ ခွာမိလို့ခွာ...ဖွမ်းတွေ ဖွမိလို့ ဖွမိနဲ့...။

"ဒေါက်တာ..."

"အဲ...ဩော်...မျောက်ကလေးရော..."

"သူက သက်သာသွားပါပြီဗျာ...မသက်သာတာက သူ့ပိုင်ရှင်ပါ...၊ ဒေါက်တာက လူရော ကုသလား"

"အို...မကုပါဘူး...တောက်တီးတောက်တဲ့..."

ရယ်လည်း ရယ်ချင်လာမိသည်။

တိရစ္ဆာန်ကုပါတယ်ဆိုမှ လူရောမကုဘူးလားတဲ့...။ ဆမ လက်မှတ်မရှိဘဲ ကုချင်တိုင်း ကုလို့ရတာကျလို့...။ တကတည်း...။



"ရှင်က ဘာဖြစ်နေလို့လဲ..."

ထိန်းချုပ်ထားရင်း ကြားကနေ လှာရှည်မိပြန်ပါသည်။

"ရောဂါဖြစ်တယ် ထင်တာပဲ...၊ မနေ့ညကစပြီး ဘယ်ဘက်ရင်အုံ နည်းနည်းအောင့်နေတယ်..."

ဟိုက်ရှားပါး...ရုပ်တည်ကြီးနဲ့ လူကို လာရိနေတာပဲ့လား...။

"ဒါဆို နှလုံးအထူးကု သမားတော်ဆီသွားလေ..."

"ကျွန်တော့်ရောဂါက အဲဒီလူတွေနဲ့ မဆိုင်ပါဘူး...ထားလိုက်ပါတော့...ပြောရင် ဒေါက်တာ စိတ်ဆိုးနေပါဦးမယ်...ဟောဒီမှာ ဒေါက်တာ့အတွက် အစားထိုးပြန်ဝယ်လာတဲ့ Lip Gloss ...။ ဟုတ်တယ်နော်...။ အမျိုးအစားရော...Code နံပါတ်ရော..."

သူပေးလာတဲ့ Lip Gloss ကို လှမ်းယူရင်း သူမ ပြုံးသွားရပြီး...

"အလျှော်အစားမလိုပါဘူးရှင်...။ မနေ့ကတည်းက မဝယ်ခဲ့နဲ့လို့ ပြောလိုက်ချင်တာ...။ မျောက် နှုတ်ခမ်းနီဆိုးတာတွေ့ပြီး ရယ်လည်းရယ်ချင်လာလို့ ပြောဖို့ မေ့သွားတာ...။ ဒါလေးလည်း ရှင်ပြန်ယူသွားလိုက်ပါ...။ လက်ဆောင်ပေးရမယ့်သူရှိရင် ပေးလိုက်ပါလား"

"ကျွန်တော့်မှာ နှုတ်ခမ်းနီလက်ဆောင်ပေးရလောက်အောင် ရင်းနှီးတဲ့ မိန်းကလေး မိတ်ဆွေမရှိပါဘူး ဒေါက်တာ...တကယ်ပြောတာပါ..."

www.burmeseclassic.com

www.burmeseclassic.com



"အို…ကြွားလိုက်တာ…"

ဟာ…ဟ စာရေးဆရာလို့ မပြောရဘူး…။ ကြုံသလို လေးတွေတော့ ထည့်တတ်သား…။

"တလက်စာထဲပဲ ကြွားလိုက်ပါမယ်…။ ကျွန်တော့် နာမည် အသင်သူပါ…။ စာတိုပေစလေးတွေ မတောက်ခေါက် ရေးပါတယ်…"

"နာမည်ကြီး စာရေးဆရာဆိုလည်း နာမည်ကြီး စာရေးဆရာပေါ့…။ ကြွားပါတယ် ဆိုတာတောင် ရှင်က လျှို့ပြီးမှ ကြွားတာ အဆန်းပါလား…"

"အဟားဟား…ကျွန်တော့်ကို ခေါက်တာ သိတယ် ပေါ့…"

"ကျွန်မနာမည် နှင်းခကြယ်ပါ…။ ခေါက်တာလို့ မခေါ်ပါနဲ့လား…"

"ကောင်းပြီလေ…နှင်းခလို့ပဲ ခေါ်တော့မယ်…။ ကျွန်တော်တို့ ဆရာကြီး ရက္ခနီဆီမှာ ဆုံဖူးသလားလို့…"

"ကျွန်မ ဖေဖေပါ…။ ရှင် မအောင်မြင်ခင်ကတည်းက နှင်းခ ရှင့်စာအုပ်ကို ဖတ်ဖူးတယ်၊ ဖေဖေ့ဆီက တစ်ဆင့် ပေါ့…"

"ဩော်…"

"ရှင့် အရေးအသားတွေကို ကြိုက်တယ်…။ ဝေ့ဝေ့ ဝါးဝါး ဆန်တာလိုလို၊ စိတ္တဇဆန်တာလိုလိုနဲ့…၊ လုံးချင်းစာအုပ် လို့သာပြောတယ်၊ ဇာတ်လမ်းကျတော့လည်း ဘာမှ မယ်မယ်ရရ



မရှိဘူးနော်…၊ ဘယ်လို စိတ်ကူးမျိုးတွေနဲ့များ ရှင် ဒီလောက် ရေးနိုင်တာပါလိမ့်"

"အဲ…ဟို…အဟင်း…မေးရတာ လွယ်သလောက် ဖြေရမှာတွေက အရှည်ကြီးနော်…၊ တထိုင်တည်းပြောရင် နှင်းခ အိပ်ပျော်သွားလိမ့်မယ် ထင်တယ်၊ အခွင့်အရေးယူတယ်လို့ မထင် ဘူးဆိုရင် တစ်ရက်လောက် ကော်ဖီဆိုင် ထိုင်ပြီးပြော ပြမယ်လေဗျာ…"

တော်လိုက်တာပါလား…။

မိန်းကလေးတစ်ယောက်ကို တဖြည်းဖြည်းချင်း သူ့ ဘက်ပါအောင် ဆွဲခေါ်နိုင်တတ်ပြန်သည်။ မှူးမှူးမေ့မေ့နှင့် ခေါင်းညိတ်ချင် မိအောင်လည်း ဖျားယောင်းတတ်ပြန်သည်။

နှုတ်ခမ်းကို တွန့်ကွေးမိရင်းသာ သူမ ခေါင်းညိတ် လိုက်မိသည် ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## (4)

တိမ်တွေလိုပဲ…။

လွင့်မျောကောင်းကောင်းနဲ့ လွင့်မျောလာလိုက်တာ မြေပြန့် လွင်ပြင်တွေ၊ တောင်တန်းတွေ၊ ပင်လယ်တွေဆီ သူ ရောက်ဖူးခဲ့ရပြီ…။

တကယ်တော့ ကိုယ်ဆိုတဲ့ကောင်ဟာ ပီကာဆိုဘဝကို အားကျနေမိတဲ့ ဂျစ်ပစီမိုးတိမ်လေးပါ…အချစ်ရယ်…။

မဖြစ်ညစ်ကျယ် စိတ်ကူးတွေနဲ့ ဘီလျှံနာ တစ်ယောက် ဖြစ်ချင်သူဆိုလည်း မမှားဘူးပေါ့…။ ဟုတ်တယ်…။ ကိုယ်က ဗီလိန် တစ်ယောက်ပါ…။

ဗီလိန်တစ်ယောက် ဖြစ်လာတော့မှ နတ်သမီးနဲ့ ဆုံဆည်းခဲ့ရလေခြင်းကွယ်…။ ချစ်တယ်…။ မင်းဟာ ကိုယ့်ကို အလှပဆုံး နှောင်ဖွဲ့နိုင်ခဲ့တဲ့ ခရမ်းနုရောင်ချည်တိုင်လေး တစ်ခု ပါပဲ…။

ချစ်ရမှုက်ကို ယောကျ်ားတိုင်း နှစ်သက်ကြတယ်…။



ဒါပေမယ့် မင်းဆီကနေ မိခင်နဲ့တူတဲ့ မေတ္တာတရားများ ထပ်ရ နိုင်ဦးမလားလို့ မသိစိတ်ကနေ မျှော်လင့်မိပြန်တယ်။

ဘာ့ကြောင့် ဒီမိန်းကလေးကိုမှ မိခင်နဲ့ စံထားရမိမှန်း ကိုယ့်ကိုယ်ကိုယ်လည်း မတွေးတတ်ဘူး…။

အရက်လျှော့သောက်ဖြစ်လာတယ်။ ကွမ်းဒုံးနဲ့ စီးကရက် လည်း လျှော့သုံးဖြစ်လာတယ်။ ကိုယ်က ဗီလိန်တစ်ယောက် ပါ…။ ဝိပိရိရိနဲ့ ညာယူတတ်ခဲ့တဲ့ အောင်မြင်မှုအပေါ် လိပ်ပြာ မလုံတတ်စေဖို့ သင်ကြားပေးခဲ့တဲ့ ပထမဆုံးမိန်းကလေးဟာ မင်းပဲ နှိုင်းခကြယ်…။

ဒါပေမယ့် မင်း သိပ်ကိုစပ်စုတတ်လွန်းတဲ့ ကလေးမ ပဲ…။

မျောက်ကို ဝတ္ထုရေးခိုင်းတဲ့ ကောင်တော့ စကားကြီး စကားကျယ်တွေ ဟန်မပျက်ကလေး ဖြေနိုင်အောင် စာတွေ ပြန်ဖတ်ခဲ့ရတယ်…။

"ရှင့် အကြိုက်ဆုံးစာရေးဆရာတွေ ပြောပြနိုင်မ လား…"

"ဂျိမ်းဂွိုက်(စ်)…မြန်မာပြည်မှာတော့ ကြည်အေး.."

"အဲလိုဖြေလာမယ်လို့ ထင်ပြီးသားပါ…ကျွန်မတို့ ခပ် ပြင်းပြင်း ရသစာပေတွေတော့ ငတ်မွတ်နေကြတယ် သိလား… အနုပညာဆိုတာ တကယ့်ကို မရှိမဖြစ် အရေးပါလွန်းတဲ့ အရာ ပဲ…"

မင်းက အနုပညာကို ရူးသွပ်…။ ငါကလည်း မင်းကို

www.burmeseclassic.com

www.burmeseclassic.com



ရှူးသွပ်နေပြီ ငတိမရေ…။ ကော်ဖီဆိုင်ကို ညာတာပါတေး ခေါ်လာခဲ့လို့ ရရုံလောက်နဲ့တော့ မကျေနပ်ဘူး။ မင်းနဲ့ငါ ချစ်သူဖြစ်ကြည့်ရအောင်…"မင်းကို ချစ်နေပြီ"လို့ ဖွင့်ပြောလိုက်တော့မယ် လေ…စိတ်မဆိုးကြေး…။ ဘယ်လိုလဲ…။

"အသင်…"

"ဟင်…"

မေးခွန်းတွေကို ဂရုစိုက်ပြီး မေးနော်…။ မင်းတစ်ကွက်မှားတာနဲ့ ကိုယ်…စားတော့မှာ…။ ခုန်အုပ်တော့မှာ…။

"ဟိုလေ…နှိုင်းခဆီက ယူသွားတဲ့ Lip Gloss ဗူးလေးလေ… အသင်ဘာလုပ်လိုက်ပြီလဲ…လွှင့်ပစ်လိုက်ပြီလား…"

"လွှင့်မပစ်ပါဘူး…အဲဒီ နှုတ်ခမ်းနီ ဆိုးဆေးတွေနဲ့ ပန်းချီတစ်ကား ဆွဲထားတယ်…"

"အို…ဟုတ်လား…ရှင်တို့ အနုပညာသမားတွေကလည်း အဆန်းပါလား၊ Lip Gloss အရည်နဲ့တောင် ပန်းချီဆွဲရတယ်လို့… ဆေးရည်က လောက်ရောလောက်ရဲ့လား…"

"လောက်ပါတယ်…ပုံက သေးသေးလေးကို…"

"ကျွန်မလည်း ကြည့်ချင်တယ်။ ဘာပုံလေးလဲဟင်…"

"ယူခဲ့မယ်လေ ကိုယ့်ကွယ်ရာရောက်တော့ ဖွင့်ကြည့်ပေါ့…"

ဒီလိုနဲ့ပေါ့…။

မျောက်တစ်ကောင်ကို အသုံးချပြီး အောင်မြင်မှုတစ်ခု



ကို လှည့်ဖျားယူနိုင်ခဲ့တဲ့ ဗီလိန်လေးဟာ ပန်းနုရောင် Lip Gloss အရည်တွေ သုံးပြီး ပန်းချီတစ်ချပ် ရေးဆွဲလိုက်သည်။

သူရေးခဲ့တဲ့ ပန်းချီက ပို့(စ်)ကတ် သာသာလောက်သာရှိ၏။

ပန်းနုရောင် အသည်းပုံလှလှလေးတစ်ခုနဲ့ စာတန်းကလေးတစ်ခု ရေးပေးလိုက်ခြင်းပါ။

စာတန်းလေးက…Can You Love Me ??…တဲ့…။

www.burmeseclassic.com

www.burmeseclassic.com

## (4-a)

ဒုက္ခဟာ သူ့ရဲ့ ဆွေမျိုးမိတ်ဆွေတွေကိုပါ ခေါ်လာလေ့ရှိတယ်ဆိုတဲ့ စကားပုံလိုပဲ…

အောင်မြင်ခြင်းဟာလဲ သူ့ရဲ့ ငယ်ပေါင်းကြီးဖော်တွေကို ခေါ်ဆောင်ပြီး၊ အသင်သူ့ ဘဝထဲ အရောက်လာခဲ့လေပြီလား မသိ…။

သူ့စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ဝက်ဝက်ကွဲအောင် မြင်နေချိန်မှာပဲ နှိုင်းခကြယ်နှင့် ချစ်သူတွေ ဖြစ်ခဲ့ကြသည်။

သူဟာ အရင်လို ဘဝနာနေတဲ့ လူရိုးလေးတစ်ယောက် မဟုတ်တော့…။ ချစ်သူအတွက် အကောင်းစားရေမွှေးပုလင်းတွေ၊ အကောင်းစား ဒေါက်မြင့်ဖိနပ်တွေ ဝယ်ပေးတတ်ပြီး၊ ပြဇာတ်ရုံတွေ၊ ဟိုတယ်၊ စားသောက်ဆိုင်တွေဆီ ခေါ်ဆောင်သွားတတ်သည့် ပါးနပ်မှုရှိသည့် လူတစ်ယောက် ဖြစ်လာခဲ့လေပြီ။

နှိုင်းခကြယ်နှင့် ချစ်သူတွေ ဖြစ်သွားကြတဲ့နောက် အာဒမ်ကိုပေးရတဲ့ မော်သေတ္တာ (၇) လုံးမှာလည်း (၁)လုံးအို



တိုးလာခဲ့ရသည်။

သေတ္တာနာမည်က Something from sweetheart …တဲ့။ ချစ်သူဆီမှ ရလာသော တစ်စုံတစ်ရာ ဆိုပါတော့…။

ဟုတ်တယ်…။

နှိုင်းခဟာ စာပေဂုရုကြီးရဲ့ သမီး မို့လို့လားမသိ…။

စာတိုပေစ စုဆောင်းတဲ့နေရာမှလည်း တော်သလို ကြံကြံ ဖန်ဖန်တွေလည်း တွေးခေါ်တတ်သူ ဖြစ်၏။

"မောင်…လတ်သခင်ဆိုတာ ကြားဖူးလား… သီပေါမင်းရဲ့သမက်တော် ဆိုပါတော့"

"လတ်သခင်လို့တော့ မသိဘူးလေ… သီပေါမင်းရဲ့ သမက်ဆိုရင်တော့ သိတယ်ဆိုပါတော့ ဘာဖြစ်လဲ…လတ်သခင် ဆ…"

"ဩော်…ကုန်းဘောင်ခေတ်က တော်ဝင်စိန်ခေါ်စာ မောင် ဖတ်ဖူးသလားလို့ပါ…"

"တော်ဝင်စိန်ခေါ်စာ..ဟုတ်လား…။ မဖတ်ဖူးဘူး…။ နှိုင်းခမှာ ရှိလား…"

"ရှိပါ့…လတ်သခင်က ဆာဟိုက်ကုတ်ဘဏ္ဍာကို စိန်ခေါ်ထားတဲ့စာလေ..။ နတ်ရွာစံသွားတဲ့ သီပေါမင်းရဲ့ အလောင်းကို မြန်မာပြည်ပြန်ပို့ဖို့နဲ့ ပတ်သက်ပြီး မကျေနပ်လို့ အင်္ဂလိပ်အစိုးရဆီ ပေးခဲ့တဲ့ စိန်ခေါ်စာ…"

နှိုင်းခကြယ်က စာရွက်တစ်ရွက် ထုတ်ပြလေ၏..။

ကျွန်ုပ်တို့ ဆုံးဖြတ်ထားသည်ကို ဘုရင်ခံချုပ်နှင့်အိုးရ

www.burmeseclassic.com

www.burmeseclassic.com



*တို့ သဘောတူလိမ့်မည်ဟု မျှော်လင့်သည်။ မတရားသဖြင့် စီမံပြု လုပ်သွားသော ဆာဟိုင်းကုတ်ဘတ္တလာနှင့် ကျွန်ုပ် ခင်မောင်လတ် သခင်တို့ နှစ်ဦးသဘောတူ သတ်ဖြတ်ထိုးခုတ်ရန် ခွင့်ပြုစေလို၏ ...။*

*အကယ်၍ နှစ်ဦးသဘောတူ သတ်ဖြတ်ရန် သဘောတူ ပါက မည်သည့်လက်နက်ကို ကြိုက်သည်...မည်သည့် နေရာကိုရွေးမည်..။ မည်ကဲ့သို့ သတ်ဖြတ်မည်။ မည်သည့် အချိန်တွင် သတ်ဖြတ်ထိုးခုတ်မည် အစရှိသည်တို့ကို ဆာဟိုင်း ကုတ်ဘတ္တလာနှင့် တွေ့ဆုံဆုံးဖြတ်မည်...။ ကျွန်ုပ်မှာ ဟိမဝန္တာတောင်တွင် သုံးသော လေးနှင့်မြားရှိ၏...။*

*ဆာဟိုင်းကုတ်ဘတ္တလာမှာ ကြိုက်ရာရွေးပါစေ...။ ၄င်းလက်နက်ကို မကြိုက်လျှင် သေနတ်အသုံးပြုနိုင်သည်..။ ကျွန်ုပ်သည် သေနတ်နှင့်ပင် တိုက်ခိုက်ပါမည်...။*

*ဟိုက်ချ်..။*

ဖတ်ပြီး အသင်သူများစွာ ကျွတ်ကျဲသွားရချေပြီ..။

"တော်တော်ကို ပြည့်ပြည့်စုံစုံရေးထားတဲ့ စိန်ခေါ်စာပဲ ...။ နိုင်းခက ဒါတွေဘယ်လိုလုပ်ရလာခဲ့တာတုန်း..."

"နိုင်းခက ဒီလိုပဲ စာတိုပေစတွေ စုဆောင်းတတ်တယ် လေ မောင်ရဲ့...။ ရေးထားတာ မိုက်တယ်နော်...အဟီး..."

"ဟုတ်ပါ့...။ ဟိမဝန္တာတောင်မှာ သုံးတဲ့ လေးနဲ့မြား ရှိတယ်တဲ့...နိုင်းခမှာရော ဘာတွေရှိလဲ.."

"အင်း...နားကြပ်နဲ့ဆေးထိုးအပ်ပေါ့..မောင့်မှာရော"



"စာရွက်နဲ့ကလောင်လို့ ပြောမယ်ထင်ထားလို့လား...။ နိုး.. အချစ်နဲ့နှလုံးသားပဲ ရှိတယ်..။ ဟောဒီ ကောင်မလေးကို ချစ်ဖို့.."

"အဲ...ကြော်ငြာဖြတ်ဝင်ပြီတော့..."

စိတ်ကူးယဉ် မဖြစ်ညစ်ကျယ် စာရေးဆရာပဲလေ...။ မင်းလောက်နဲ့တော့ တက်မလာနဲ့...။

"ရင်ခွင်ကြိုက်သလား။ အနမ်းကြိုက်သလား..။ နိုင်းခကြယ်မှာ ကြိုက်ရာရွေးပါစေ.."ဆိုပြီး လတ်သခင်လိုပဲ စိန်ခေါ်ပစ်လိုက်မယ်။ ဘာမှတ်သလဲ...။

အဲဒီလို အချစ်ရဲ့ချိုမြိန်တဲ့ နေ့စွဲတွေက တစ်ရက်ပြီး တစ်ရက်ပေါ့...။ အာဒမ်ရောက်လာတဲ့အချိန်ကစပြီး သူ့ဘဝ ပြောင်းလဲလာခဲ့တာလေ...။

တစ်ရက်ကလည်း သူမကပဲ...

"မောင်..။ အနာမျိုး ၉၆ ပါးဆိုတာ ကြားဖူးတယ် နော်လား..."

"အင်း...ကြားဖူးတယ်လေ..."

"မောင် အလွတ်ရလား.."

"အမ်..အလွတ်တော့ ဘယ်ရမလဲ နိုင်းခရဲ့.."

"အလွတ်မရလည်း စာရွက်ကြည့်ပြီး ဖတ်ပြနိုင်သလား ...။ နိုင်းခဆိုလိုတာက မောင့်မှာ အနာမျိုး (၉၆)ပါး စာရင်းရှိ လား.."

"ဆရာကျပါပေတယ်.. ဆရာမှုရယ်...မောင့်မှာ

www.burmeseclassic.com

www.burmeseclassic.com



မရှိပါ ဘူး..”

“ရှော့မရှိရင်..ယူထား..။ မောင်က စာရေးဆရာ..။ အချက်အလက်စုဆောင်းတဲ့နေရာမှာ သူများထက် ညံ့လို့ မဖြစ်ဘူး..”

ရောက်လာရပြန်ပြီ...။ နောက်ထပ် စာရွက်တစ်စောင်..။

သူဖတ်ကြည့်လိုက်တော့ ၉၆ ပါးကွက်တိပင်..။

(၁) ဖဝါးပူပါဒရက်နာ၊ (၂) ဘိန်းပြဲကိုယ်ရောင်နာ၊ (၃) ကုတ်ဟီးချောင်းဆိုးနာ၊ (၄) ဝက်ရူးနာ၊ (၅) ရူးနာ၊ (၆) ဖက်သ ကပ်နာ၊ (၇) ကြို့ထိုးနာ၊ (၈) စိမ်ရေသင့်နာ၊ (၉) ကြွက်နို့နာ၊ (၁၀) ထွက်မြင်းနာ၊ (၁၁) ခူကိုက်နာ၊ (၁၂) သနပတ်နာ၊ (၁၃) မှည့်နာ၊ (၁၄) တင်းတိပ်နာ၊ (၁၅) သင်းခွေချပ်နာ၊ (၁၆) ပွေးညှင်း နာ၊ (၁၇) ရေယုန်နာ၊ (၁၈) အသားမာနား၊ (၁၉) ကြက်လည် ပင်းကြီးနာ၊ (၂၀) အနာမောက်ခုံ၊ (၂၁) ရမ်းနမဲနာ၊ (၂၂) မွေး ကျွတ်နာ၊ (၂၃) သွေးစုနာ၊ (၂၄) ဝက်ခြင်နာ၊ ဝက်ချုပ်နာ၊ (၂၅) တောင်စဉ်ခုနှစ်ထပ်နာ၊ (၂၆) အနာပဆုပ်၊ (၂၇) ဆင်ကူလည်ပြတ် နာ၊ (၂၈) ဖွတ်သိုနာ၊ (၂၉) အနာသစ်ငုတ်၊ (၃၀) ရေရူနာ၊ (၃၁) အိုင်းနာ၊ (၃၂) အိုင်ငယ်ရေမြွေဆိပ်နာ၊ (၃၃) ခရုဘေနာ၊ (၃၄) ဘက်တံခေါင်းလှိုနာ၊ (၃၅) သတပိုနာ၊ (၃၆) မြွေလက်ပတ်နာ၊ (၃၇) ဆံကျင်နာ၊ (၃၈) မှန်ကင်းနာ၊ (၃၉) အနာပတ္တမြား၊ (၄၀) မင်နာ၊ (၄၁) ဂရင်ဂျီအနာမီး၊ (၄၂) နဂါးပွက်နဂါးဖုံးနာ၊



(၄၃) ငရှဉ့်ပွက်နာ၊ (၄၄) ကိန္နရာနာ၊ (၄၅) မုတ္တကိတ်နာ၊ (၄၆) ထွက်နာ၊ ဝက်အူနာ (၄၇) သရက်ကင်းနာ၊ (၄၈) အနာထွတ်၊ (၄၉) အထင်ကာလိနာ၊ (၅၀) မုက္ခစိုနာ၊ (၅၁) ကာလနာ၊ (၅၂) မြင်းသရိုက်ပိတ်ဝမ်းပျက်နာ၊ (၅၃) မျက်စိနာ၊ (၅၄) သွေးကျနာ၊ (၅၅) ခေါင်းခဲဦးယင်းနာ၊ (၅၆) အမူးနာ၊ (၅၇) နှလုံးသွေးနာ၊ (၅၈) တကျည်းနာ၊ (၅၉) ဂူနာ၊ (၆၀) ကျပ်သဖီနာ၊ (၆၁) မေမုန်သနပတ်နာ၊ (၆၂) သွေးပျက်နာ၊ (၆၃) နူနာ၊ (၆၄) ဝဲနာ၊ (၆၅) အင်ပြင်နာ၊ (၆၆) မြေပြုတ်ရှပ်နာ၊ (၆၇) သွေးကင်ပိန့်နာ၊ (၆၈) ဝက်ခမ်းနာ၊ (၆၉) လိင်သေနာ၊ (၇၀) မုဿနာ၊ (၇၁) လေပူလောင်နာ၊ (၇၂) ရိစ္ဆဲနာ၊ (၇၃) ဆီးအောင့်နာ၊ (၇၄) အော့ နာ၊ (၇၅) မြွေငန်းသွေးငန်းနာ၊ (၇၆) ပျမ်းခိုက်နာ၊ (၇၇) သွေး မွှန်နာ၊ (၇၈) အတွင်းသွေးပျက်နာ၊ (၇၉) သွေးသဖုံးနာ၊ (၈၀) ကာလမူနာ၊ (၈၁) နို့ယဉ်နာ၊ (၈၂) ကျဗဟုံးကြက်ညှာနာ၊ (၈၃) နို့မြွေသူငယ်နာ၊ (၈၄) ကျောက်နာ၊ (၈၅) ဝက်သက်နာ၊ (၈၆) မီးယပ်နာ၊ (၈၇) မြံနာ၊ (၈၈) မြေသလိပ်နာ၊ (၈၉) သည်းခြေနာ၊ (၉၀) လေနာ၊ (၉၁) တုတ်သံနာ၊ (၉၂) ဒူလာသရောသွေးသွန်နာ၊ (၉၃) ဥတုယာဉ်ငယ်မန်းနာ၊ (၉၄) ပယောဂနာ၊ (၉၅) လောဘ၊ဒေါသ၊မောဟနှင့် ယှဉ်သောအနာ၊ (၉၆) ကိလေသာနှင့် ယှဉ်သောအနာ။

ဖတ်ပြီး အသင်သူ လေသွားရပြန်သည်။

ချစ်သူကို ကျေးဇူးလည်း တင်မိသလို လန့်လည်းလာရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူက မျောက်ကို ဆရာတင်ပြီး ဝတ္ထုရေးခိုင်းထားသည့် ညစ်ကလေးမဟုတ်ပါလား..။

"နှင်းခက တော်တော်လေ့လာထားတာပဲ မောင်က အနာမျိုး ဇဖါပါးတွေ ဘာတွေ သိတာမဟုတ်ဘူး။ အချစ်နာ၊ အသဲနာ၊ အလွမ်းနာ၊ အရက်နာ ဒီလောက်ပဲ သိတာ"

"သွားပါ..."

"ဟား...ဟား...အဟုတ်.."

"မောင့်ကို နည်းနည်းကျပ်မလို့...အဟီး"

"ဟင်.."

"ဩော် နှင်းခသိချင်တာကလေ အခု နှင်းခပြတဲ့ အနာမျိုး ဇဖါပါးစာရင်းနဲ့ ဒသင်္ဂုတ္တိုရ်ရဲ့ မဟာနိဒ္ဒေသပါဠိတော်မှာပါတဲ့ အနာမျိုး ဇဖါပါးက လုံးဝမှကို မတူတာ မောင်ရဲ့ အဲဒါဘာကြောင့် မတူရသလဲဆိုတာ စာရေးဆရာကြီးရဲ့ အမြင်လေးပြောပါဦး"

သူ နှင်းခကို စူးစူးနစ်နစ် ကြည့်လိုက်မိသည်။

ချစ်သူမျက်နှာက လုံးဝ အဖြူထည်လေးပါ။ ချစ်သူကို နောက်ချင်ပြောင်ချင်လို့ ကျပ်နေတာလား..။ ဒါမှမဟုတ် ချစ်သူရဲ့ မဖြစ်ညစ်ကျယ် လုပ်ရပ်တွေကို ရိပ်မိပြီး ကျပ်နေတာလားဆိုတာတော့ မှန်းဆရခက်နေ၏။

"နှင်းခရယ် ဒီလောက်ခက်ခဲနက်နဲတဲ့ ပုစ္ဆာတွေကို အဖြေထုတ်ချင်တာများ ဘာ့ကြောင့် ကိုယ့်အဖေစာပေ ဂုရုကြီးကို ကျော်ခွပြီး မောင်လို ငချွတ်ကလေးဆီ ရောက်



လာရတာလဲ.."

"အွန်...အဲဒီစာပေ ဂုရုကြီးက ငချွတ်ကလေးဆီ မေးဖို့ ညွှန်လိုက်လို့ပေါ့.."

"ဟင်..."

ဒါ ဘာအဓိပ္ပာယ်လဲ...။ ဘာသဘောလဲ...။

ကိုယ်နဲ့ သူ့သမီး...ချစ်သူ ဖြစ်နေတာကို စာပေဂုရုကြီး ရိပ်မိသွားလို့လား..။

"မောင် လက်ဆောင်ပေးထားတဲ့ စာအုပ်တွေ နှင်းခမှာ ရှိတယ်လေ မောင်ရဲ့...။ နှင်းခအဖေက စာရေးဆရာပဲ...။ အရိပ်ပြရင် အကောင်မြင်တတ်ပါတယ်.."

"ဩော်.."

နည်းနည်းတော့ ကြည်နူးသွားရသည်။

သူ့သမီးနဲ့ ချစ်သူ ဖြစ်သွားတဲ့အပေါ် ဆရာကြီးကရော ကိုယ့်ကို ဘယ်လိုသဘောထားရှိလေမယ်ရယ် မသိ...။

"ဟိုလေ...ဆရာကြီးက ဘာပြောလဲ...။ ဟို... ချစ်သူ ဖြစ်တာသိတော့ နှင်းခကို ဆူရော မဆူဘူးလား.."

"မဆူပေါင် နှင်းခက ကလေးမှမဟုတ်တော့တာ နှင်းခ ကို မေးလည်းမမေးဘူး။ ဒါပေမယ့် သူသိတယ်။ သိဆို မောင် လက်ဆောင်ပေးတဲ့ စာအုပ်တွေကို ဖေဖေက နှင်းခဆီကနေ ယူဖတ်နေကြကိုး။ ရှေ့ဆုံးစာမျက်နှာ ဖတ်ပြီးကတည်းက သိမှာပေါ့ မောင်ပဲ ချစ်သူဖတ်ဖို့ဆိုပြီး ရေးပေးတာကိုး.."

"အဲ...အဟား..ဟား..ဆရာကြီးနဲ့တွေ့ရင်တော့ မျက်

www.burmeseclassic.com



နှာပူစရာကြီး"

ဒီလောက်ဆိုရင်တော့ စာပေဂုရုကြီးဟာ သူ့အပေါ် မီးစိမ်း ဒါမှမဟုတ် မီးဝါတစ်ခုခု ပြနေတာသေချာသည်။ မီးနီတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်တော့။

"နှိုင်းခမေမေကရောဟင်…မောင်နဲ့ ချစ်သူဖြစ်တာ ရိပ်မိနေပြီလား…နောက်ပြီး မောင့်အပေါ် ဘယ်လို သဘောထား ရှိလဲ…"

သူ့စကားကြောင့် သူမမျက်နှာ နည်းနည်း တည်ငြိမ်သွားရပြီး…

"မေမေလား…အင်း…မေမေက ဘယ်လိုခေါ်မလဲဆို တော့…"

"အင်း…ပြောပါဦး…"

"နှိုင်းခလည်း စိတ်ညစ်ပါတယ် မောင်ရယ်…နှိုင်းခအ ဖြစ်က နည်းနည်းတော့ ဗီဒီယို ဆန်တယ်…အတင်းအကျပ်ကြီး သဘောတူထားတာမျိုး မဟုတ်ပေမယ့်လည်း မေမေက သူ့ သူငယ်ချင်းရဲ့သားကိုမှ အထင်ကြီးနေတာ…"

"ဟင်…"

"ဟုတ်တယ်မောင်ရဲ့…နှိုင်းခထက်လည်း အသက်အ များကြီး ကြီးတယ်၊ လူကြီးအထင်ကြီးအောင်တော့ နေတတ် တယ် မောင်ရဲ့…ဒါပေမယ့် နှိုင်းခကတော့ လုံးဝကို ကြည့် မရတာ… ခင်မောင်မျိုးမင်းသိန်း…တဲ့…"

(4-b)

ကိုယ့်မှာ ပြိုင်ဘက်တစ်ယောက်ရှိပြီဆိုတာ သိပြီးတဲ့ နောက် သိပ်မကြာခင် အဲဒီပြိုင်ဘက်နဲ့ တည့်တည့်တိုးခဲ့ရသည်။

မိုးတစ်ဝက်အုံ့ပြီး နေတစ်ခြမ်းသာတဲ့နေ့ကပေါ့…။

တိရစ္ဆာန်ရုံရဲ့ မြက်ခင်းပြင် တစ်နေရာမှာ…

ချစ်သူတို့ သဘာဝ လှပတဲ့ရှုခင်းများရှိရာဆီကိုသာ ရွေးချယ်သွားတတ်ကြတာမို့…သူနှင့် သူမလည်း ပန်းခြံများကို ငြီးငွေ့လာပြီးတဲ့နောက် တိရစ္ဆာန်ရုံသို့ ရောက်ရှိခဲ့ကြခြင်း ဖြစ် လေ၏။

ချစ်သူကလည်း ထုံးစံအတိုင်း သူမရဲ့ ခပ်ဆန်းဆန်း ဒဿနစကားတွေ ပြောနေသည်။

"မောင်…"

"ပြော…ဗျာ…"

"တိရစ္ဆာန်လေးတွေ သံလှောင်အိမ်ထဲ ရောက်နေကြ တာတွေ့တော့ မောင် လူတွေနဲ့ နှိုင်းယှဉ်မတွေးမိဘူးလား…"

www.burmeseclassic.com

www.burmeseclassic.com



"အင်း…တွေးတော့ တွေးမိတယ်ကွ…နှိုင်းခနဲ့ မောင် အတွေးတော့ တူချင်မှ တူမှာပေါ့…ပြောပါဦး…နှိုင်းခ ဘယ်လို တွေးမိသလဲလို့…"

"ဩော်…အပေါ်ယံ ကြည့်မယ်ဆိုရင်တော့ လူတွေ ဟာ လှုပ်လပ်နေကြသလိုပဲ…၊ သံလှောင်အိမ်ထဲ ရောက်မ နေကြသလိုပဲ တကယ့်တကယ်ကျတော့ လူတွေလည်း လှောင် အိမ်တွေထဲ ရောက်နေကြတာပဲလေ…၊ ချစ်ခြင်းမေတ္တာ၊ ဂုဏ် သိက္ခာ၊ အတ္တ၊ သံယောဇဉ် ကိုယ်သန်ရာသန်ရာ ဆောက် ထားကြတဲ့ လှောင်အိမ်တွေထဲ ရောက်နေကြတာပဲ မဟုတ်လား၊ တခုကွာသွားတာက သံလှောင်အိမ်ထဲ ရောက်နေတဲ့ တိရစ္ဆာန် ကျတော့ ပိုက်ဆံတစ်ထောင် ပေးကြည့်ရတယ်၊ ဒြပ်မဲ့လှောင် အိမ်ထဲ ရောက်နေကြတဲ့ လူတွေကျတော့ ပိုက်ဆံတစ်ပြားမှ ပေးစရာမလိုဘဲ ကြည့်ကြရတယ်၊ နှိုင်းခတော့ မကျေနပ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် ရုံသွင်းပြစားရရင် ကောင်းမလားလို့…"

"ကောင်းသားပဲ…မောင် ထောင့်ငါးရာပေးမယ် လေ… ပြီးတော့ တစ်သက်လုံး ဝနေအောင် အတန်ကြည့်မယ် …ဘယ့်နှယ်လဲ…"

"ခစ်…ခစ်…ခစ်…"

ကဲ‥ဘယ်လောက်ကြည်နူးစရာကောင်းသလဲ

မြက်ခင်းစိမ်းစိမ်းမှာ တီတီတာတာပြောရင်း ချစ်သူက ပန်းသီးများကို ဓားနှင့်အခွံနွှာ၊ အစိပ်ကလေးများစိပ်ကာ တစ် ယောက်တစ်လှည့် ခွံ့ကျွေးနေတုန်းမှာပင်…



"အဲ…ကလေး တစ်ယောက်တည်းလား…"

ဖြုန်းစားကြီး လူတစ်ယောက် ရောက်လာပါရော…

"ဟမ်…"

မေးတဲ့ ပုံလည်း ကြည့်ဦး…။

ချစ်သူနဲ့ နှစ်ယောက်အတူ ထိုင်နေတာတွေ့ပါရက်နဲ့… "ကလေး…တစ်ယောက်တည်းလား" တဲ့။ ဘယ်လောက်မုန်း ချင်စရာကောင်းလဲ…။

"အန်…ဦးသိန်း…"

ဦးသိန်း ဆိုပဲ…။ ရုပ်ကလည်း ဘိုးဘွားရိပ်သာကနေ ပြစ်မှုနဲ့ ထွက်လာရတဲ့ လူလိုပဲ…။ ဝတ်ထားတာကလည်း ပါတိတ်အင်္ကျီကို ပုဆိုးအပြင်ထုတ်ဝတ်လို့… လည်သာလက်မွေ့ အိတ် အမည်းကြီးက ပိုက်ထားလိုက်သေးတယ်။

ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲမှာဆို ဒီလိုပုံစံမျိုး ရိုက်ပြ လိုက်ရင် အနည်းဆုံး မယားနှစ်ယောက်၊ သုံးယောက်လောက် ယူထားတဲ့ ဇာတ်ရုပ်မျိုးပေါ့…။

ကြည့်ဦး…။

ချစ်သူကို ရွှန်းရွှန်းစားစား ကြည့်လိုက်ရင်းကနေ သူ့လည်း မြင်ရော ဘုကြည့် ဖြစ်သွားရော…။

"ခင်ဗျားက ဘယ်သူလဲ… နှစ်ယောက်အတူ တွဲထိုင် နေတာ တွေ့ရက်နဲ့ ခင်ဗျားမျက်လုံးက သူ့ကျမြင်ပြီး ဘာလို့ ကျွန်တော့်မှ မမြင်ရတာလဲ…အဆန်းပါလွှား…"

မိတ်ဆက်ပေးမလို့ ဟန်ပြင်နေတဲ့ နှိုင်းခကြယ်ပင်

www.burmeseclassic.com

www.burmeseclassic.com



အသင်သူ့စကားကြောင့် ခွီးကနဲ ရယ်ပစ်မိပါရော…။

အောင်မာ…ယောကျာ်းကြီးတန်မဲ့…မျက်စောင်းက ထိုး တတ်သေးတယ်…။

"စားချင်လို့လား…ရော့ တစ်ခုယူစား…"

"ဟမ်…"

အသင်သူက ပြောပြောဆိုဆိုနဲ့ လမ်းဘေးမာတ်တိုင် သေးပန်းတဲ့ ခွေးလေခွေးလွင့်တစ်ယောက်ကို သဒ္ဓါပေါက်သွား သလိုမျိုးနဲ့ ပန်းသီးတစ်စိပ်ကို ခင်မောင်မျိုးမင်းသိန်းထံ ကမ်းပေးလိုက်၏။

ငတိရုပ်ကြီး ရှုံ့တွ သွားရချေပြီ။

နှိုင်းခမှာလည်း အသံတိတ်ပင် အူတက်လှျက် ရှိချေ၏။

"ဘာလဲ နှစ်ခုယူချင်လို့လား…ရော့ရော့ နောက်တစ် စိပ် ထပ်ယူ…"

"ဟိတ်ကောင်…သူများ ကျွေးမှပေးမှ စားရသောက်ရ တဲ့ ကောင်မဟုတ်ဘူးကွ…စီးပွားရေးလောကမှာ ဘုရင်တစ်ဆူ လို နေနေတဲ့သူ…နားလည်ရဲ့လား…"

"ပြေပြေလည်လည် ပြောလေဗျာ…ခင်ဗျားက စားမ တတ်၊ ဝါးမတတ် မျက်လုံးကြီးနဲ့ ကြည့်နေတာ ဆိုတော့ ကျွန် တော်ကလည်း စားချင်၊ သောက်ချင်တယ်ထင်ပြီး ပန်းသီး ထိုး ကျွေးမိတာပေါ့၊ စီးပွားရေးလောကမှာ ဘုရင်တစ်ဆူ ဟုတ်လား …ဘယ်သူတဲ့တုန်းဗျ…အနော်ရထာလား… ကျန်စစ်သားလား …ဘုရင့်နောင်လား…"



ဒီတော့လည်း ချစ်သူက ကြားဝင်၍…

"ဦးခင်မောင်မျိုးမင်းသိန်း…တဲ့၊ ဘုရင်ဆန်ဆန် ပြော ရရင်တော့ ရေမြေ့သခင် တော်ဝင်ထီးဘုရားကြီး ခင်မောင်မျိုး မင်းသိန်းလို့ ပြောရမယ်ထင်တယ်၊ ဟီး…ဟီး ဟုတ်လား ဦးသိန်း"

"သြော်…သဘောပြောတာပါ…ကလေးက နောက် တတ်ရန်ကောကွယ်…"

"သူက အသင်သူတဲ့…၊ ဘတ်(စ်)ဆဲလား စာရေး ဆရာလေ၊ ဦးသိန်းဖတ်ဖူးလား…"

"ဟင့်အင်း…သူက ဘာစာတွေ ရေးတာလဲ…"

"လူငယ်ဖတ် လုံးချင်းဝတ္ထုတွေပေါ့…၊ ဦးသိန်းပြော လည်းသိမယ့်ပုံ မပေါ်ပါဘူး…"

"ဟုတ်တယ်…ဦးသိန်းတို့ကလည်း လေရှူးသုန်သုန်တို့ စစ်နဲ့ငြိမ်းချမ်းရေးတို့ပဲ ဖတ်ဖူးတာလေ…"

"ဟုတ်လား…၊ စစ်နဲ့ ငြိမ်းချမ်းရေးက ဘာအကြောင်း တွေ ရေးထားတာလဲဗျ…"

"သြော်…မင်းကလည်း ပိန်းပါ့…၊ စစ်နဲ့ ငြိမ်းချမ်း ရေးပါဆို စစ်နဲ့ ငြိမ်းချမ်းရေးအကြောင်း ရေးထားတာပေါ့…"

"ခင်ဗျား ရှင်းပြတော့မှပဲ ကောင်းကောင်း သဘော ပေါက်တော့တယ်…"

နှိုင်းခကြွယ်တို့ ရယ်ရချက်ကတော့ နှပ်နဲ့မျက်ရည် ထွက်မိအောင်ပင် မနည်းထိန်းနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်း…ဦးသိန်း…သူများ သမီးရည်းစားကြား အူတိ အူကြောင်နဲ့ ရောက်လာတာ…နှစ်ယောက်ပေါင်းပြီး ကျုပ်လို့ ကျုပ် နေမှန်းပင် မသိ…။

"ဦးသိန်း…တိရစ္ဆာန်ရုံထဲ ဘာလာလုပ်တာလဲ…"

"သြော်…ကလေးရယ် ကိုသိန်းလည်း တစ်ခါတစ်လေ ကဗျာဆန်ဆန်တော့ နေချင်တာပေါ့ကွယ်…၊ ဒီလိုပဲ စိတ်ကူး တည့်ရာ လျှောက်သွားရင်းကနေ ရောက်လာခဲ့တာပေါ့…"

"ကဗျာဆန်ချင်တာများဗျာ…တိရစ္ဆာန်ရုံလာမှ မဟုတ်ပါဘူး…၊ ဘတ်(စ်)ကားပေါ်မှာ ပဲကြီးလှော်စားပြီး အီးတပွမ်ပွမ်ပေါက်ပြီးလဲ ကဗျာဆန်လို့ရတာပဲ…ဘေးက လူတွေမေးရင် ဖြေလိုက်ပေါ့…နှလုံးသားရဲ့ ညှစ်ထုတ်အား ဘယ်လောက်ကောင်းလဲဆိုတာ လေလည်သံနားထောင်ပြီး စမ်းသပ်နေတာလို့…"

"ဟီတ်ကောင်…မင်း…မင်း…လွန်လာပြီနော်…၊ လူကြီးကို ပမာမခန့်နဲ့…၊ အဲဒါကြောင့် မင်းတို့လို စာရူး ပေရူး စာရေးဆရာတွေနဲ့ မဆက်ဆံချင်တာ၊ ဒါကြောင့် ကလေးတွေ့ကတည်းက တစ်ယောက်တည်းလားလို့ နှုတ်ဆက် ခဲ့တာ…၊ မင်း နာတတ်ရင် ကောင်းကောင်း သဘောပေါက် မှာပါ…"

"ကောင်းပြီ…ကောင်းပြီ…ကျွန်တော် ဘာမှ ထပ်မပြောတော့ဘူး…ခင်ဗျားရဲ့ ကလေးနဲ့ပဲ ပြောကြတော့…"

နှိုင်းခကြယ်မှာ ချစ်သူစကားကြောင့် ဖျားသွားရလေပြီ။



ဟုတ်တယ်လေ၊ ဘယ်ယောကျာ်းကမှတော့ ကိုယ့် ချစ်သူကို သူစိမ်းယောကျာ်းတစ်ယောက်နဲ့ စကားပြောဖို့ ကြည်ကြည်ဖြူဖြူ ရှောင်ပေးတတ်တယ်ရယ်လို့ ထုံးစံမှ မရှိတာ…။

မဟုတ်မှလွဲ…။ ဦးသိန်းကို မောင် တစ်ကွက်ထိုးကျွေး လိုက်တာဟာ ခုန်အုပ်စရာ ဘယ်နှစ်ကွက်လောက်များ တွေ့ထား ရလေတယ်မသိ။

ဒီကြားထဲ ဟိုဟာကြီးကလည်း တမော့်။ မောင်က ဘာမှ မပြောတော့ဘဲ နှုတ်ဆိတ်ပေးလိုက်တာကို သူ့ကို ကြောက် သွားတယ်ရယ်လို့ ပေါကြောင်ကြောင်တွေးလိုက်ရင်း

"အန်တီတို့ နေကောင်းတယ်နော် ကလေး…"

"ကောင်းပါ့…"

"ဦးရောဟင်…အရင်လို စာရေးတုန်းပဲလား…"

"ရေးပါ့…"

"ကလေးရောဟင်…ညဉ့်နက်တဲ့အထိ တီဗီထိုင်ကြည့် တုန်းလား…၊ အိပ်ရေး အပျက်မခံနဲ့နော်ကလေး…၊ အိပ်ရေးပျက် ရင် ဖျားတတ်နာတတ်တယ်၊ ရာသီဥတု အကူးပြောင်းဆို နှာစေး ချောင်းဆိုးဖြစ်တတ်တယ်လေ ကလေးရဲ့…"

"ဝါး…"

နှိုင်းခကြယ်ကတော့ ဘာမှ ဆက်မပြောတော့… ဝါးကနဲပဲ သမ်းပစ်လိုက်သည်။

အဲဒီမှာတင် အသင်သူတို့ စပြီး ဗွေဖောက်တော့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



စကားဝိုင်းထဲတော့ ဝင်မပြော။ သူ့ဟာသူ ပွစိ ပွစိနှင့် ဘာတွေ ရေရွတ်နေမှန်းမသိ။

ဦးသိန်းကို တည့်တည့်စိုက်ကြည့်ကာ ရေရွတ်နေတော့၏။

ကြာတော့ ဦးသိန်းခမျာလည်း ကလေးရယ်…ကလေးရယ်…လုပ်နေရင်းကနေ လိပ်ပြာမလုံ ဖြစ်လာကာ…

"စာရေးဆရာ မင်းပွစိ ပွစိနဲ့ ငါ့ကြည့်ပြီး ဘာတွေ ရွတ်နေတာလဲ…"

"ကလေးနဲ့ပဲ စကားပြောပါ…ကျုပ်က ပေးပြီး ကတိတည်တယ်၊ ခင်ဗျားတို့စကားဝိုင်း ဝင်မနှောက်ယှက်ဘူး…"

"မဟုတ်သေးဘူးလေ မင်းက စကားဝိုင်းထဲသာ ဝင်မပါတာ၊ ပါးစပ်က ပွစိပွစိ ရွတ်နေတော့ ငါ့ကြည့်ပြီး ကျိန်ဆဲနေတာလိုလို ဘာလိုလိုနဲ့…"

"မကျိန်ဆဲပါဘူးဗျာ…ကျုပ်ဟာကျုပ် မန်းမှုတ်နေတာပါ…"

"ဟင်…ဘာဂါထာတွေ ရွတ်ပြီး မန်းနေတာလဲ…"

"လုပ်ပါ ကလေးနဲ့ပဲ ပြောစမ်းပါ…"

"အာ…ဘာဂါထာရွတ်နေတာလဲ မေးနေတာကြီးကို…"

"ဥ္ဂု ဗောဓိ သဗ္ဗော သီဟရာဇာ မှိုင်းဟိုင်း…တဲ့"

"ဟင် ဥ္ဂု ဗောဓိ သဗ္ဗော သီဟရာဇာ မှိုင်းဟိုင်း ဘာအဓိပ္ပာယ်လဲကွ…"



"မပြောတာကို အတင်းလိုက်မေး၊ ပြီးမှ မနာနဲ့နော်…"

"ဟမ်…"

"အဲဒါ ငယ်ငယ်တုန်းက ဘကြီးဘုန်းကြီးသင်ပေးထားတာဗျ…၊ အဟန့်ကောင်းပြီး ခွေးမဟောင်နိုင်တဲ့ ဂါထာ…"

"ဘာ…"

"တိုးတိုး ပြောပါဗျ…၊ လန့်လိုက်တာ…၊ ခင်ဗျားကလည်း…"

www.burmeseclassic.com

www.burmeseclassic.com

## (5)

ဒါပါပဲ…။

အခုနေ ဘယ်နှစ်ကြိမ်ပဲ ကိုယ့်ဘ၀ကိုယ် သမင်လည်ပြန် လှည့်ကြည့်ကြည့် ရှုန်ပိန်ခပ်ပြင်းပြင်းတစ်ခွက်ကို သောက်ရသလို အရသာရှိလှ၏။

**လူ့ဘ၀ဆိုတာ တာဝန်ယူစိတ်များလေလေ အောင်မြင်မှုရဖို့ အချိန်ကြာကြာယူရလေပင်။** မဖြစ်ညစ်ကျယ် စိတ်ကူးနဲ့ details (အချက်အလက်တွေ)အားလုံး မျောက်တစ်ကောင်ကို ချပေးကာ မျောက်က ပြန်လည်ချပေးလာတဲ့ အဆီအငေါ်မတည့် plots အတိုင်း ဝတ္ထုရေးလိုက်တော့မှ အောင်မြင်မှုက ခြေထောက်ပေါက်ပြီး ကိုယ့်ဆီ ပြန်ရောက်လာခဲ့သည်။

**ဒါကြောင့်လဲ များများတတ်ဖို့မလို၊ များများနပ်ဖို့ပဲလိုတယ်ဆိုတဲ့ ခပ်ဓါးဓါးစကားတွေ နေရာတကာမှာ ကြားနေရတာပဲ ဖြစ်လိမ့်မည်။**

သူ အနေနပ်ခဲ့သည်။



ဒီနေ့ ဒီအချိန်အထိ မျောက်ရေးပေးတဲ့ ဝတ္ထုများ ရောင်းစားကာ ထိုက်စွကို ဖုံးဖုံးဖိဖိနှင့် ပိပိရိရိနေလာခဲ့သည်။

တစ်ရက်ကတော့ သူ့ဆီ အက်(ဖ်)အမ် (FM)တစ်ခုက ပေးပို့လိုက်သော ဖိတ်စာတစ်စောင်ရောက်လာ၏။

စာပေဆွေးနွေးဝိုင်းအတွက် ဖိတ်သည့် ဖိတ်စာ…တဲ့။

ဝါး…ပျင်းစရာကောင်းလိုက်တာ…။

အဲဒီနေ့က ထိုပွဲသို့ သူ မတက်ရောက်ခင် အာဒမ်နှင့် စကားတွေ အများကြီး ပြောဖြစ်ခဲ့သေးသည်။

"ဖိတ်တော့လည်း သွားရမှာပေါ့ အာဒမ်ရာ၊ မင်းလို 'ကွိ ကွိ' လောက်ပဲ ပြောလို့ ရခဲ့ရင်တော့ အကောင်းသား၊ ဒါပေမယ့် ဒီစကားဝိုင်းက ပရိသတ်ကို ချပြမယ့် စကားဝိုင်းလေ၊ ငါ လူအထင်ကြီးအောင်တော့ ဖိန့်ခဲ့ရလိမ့်မယ်…"

"ကွိ ကွိ…"

"ခေတ်ပြိုင် စာရေးဆရာ ငါးယောက်ပါ ဝင်ဆွေးနွေးမှာကွ၊ သဖန်းရွက်ညို၊ ရွှေတိုက်စိုး၊ မျစ်ခ၊ ညေးနဲ့ မဒီဆူးတဲ့…၊ မျစ်ခ ကတော့ ထားလိုက်၊ သူငွေးသားကနေ စာရေးဆရာဝင်လုပ်တာဆိုတော့ သူ့စာတွေက အနှောင်အဖွဲ့ကင်းတယ်၊ 'ငွေ' ဆာနေတဲ့ အရိပ်လက္ခဏာတွေ သူ့စာထဲမှာ မတွေ့ရဘူး၊ ဒါပေမယ့်ကွာ သူ့ခမျာ ဝတ္ထုတစ်အုပ် ချရေးဖို့ကို ကွမ်တမ်သီအိုရီတို့ ကမ္ဘာ့ဆွဲငင်အားတို့ သင်္ချာအီကွေးရှင်းတွေ ခွင်ဆင်ပြီး မဝင်ဝင်အောင် ထည့်ရေးနေရတာ သနားစရာတော့ အကောင်းသား…"

www.burmeseclassic.com



"ကွိ..."

"ရွှေတိုက်စိုးကတော့ ပေါ်တောတောလိုင်းနဲ့ တက်လာတာ၊ အခု အတည်ပေါက်စာတွေ ခေတ်စားလာပြန်တော့ ပြန်ပြီး အတည်ပေါက်ဖြစ်သွားပြန်ရော၊ သူ့ကို မြင်မိရင်တော့ ငါရယ်ချင်မိမယ်ထင်တယ်၊ တည်မှာလိုလို...ပေါ်မှာလိုလို ဖြစ်နေလို့လေ..."

"ကွိ..."

"သစ်ရွက်ညို့...ဆယ်အုပ်မှ တစ်အုပ်ကောင်းလောက်ရေးနိုင်တာ...အဲလို တစ်အုပ် ကောင်းလောက် ထွက်ပြီးရင်လည်း ပနာယူလို့ကို မဆုံးနိုင်တော့ဘူး၊ မင်း စဉ်းစားကြည့်စမ်းအာဒမ်၊ ယောကျ်ား ယောကျ်ားခြင်း ပြန်ကြိုက်တဲ့ လိင်တူဇာတ်လမ်းကို သူမို့ မရှုံ့မရှာ 18+ဆိုပြီး ဝတ္ထုရေးချင်ရေးပစ်တာ အေးလေ... ကိုယ့်ဇာတ်လမ်းမှာတော့ ကိုယ်က ဇာတ်လိုက်တွေချည်းပဲ...အဟားဟား"

"ကွိ..."

"မဒီဆွေး...အမလေး...အဲ့ဟာမလေးကလည်း ၅၂၈နဲ့ ၁၅၀၀ ကြားဗျာများနေတဲ့ ဟာမလေး၊ ရှင့်ရင်ခွင်ကျယ်ကြီးထဲမှာ မှေးစက်တဲ့ ကျွန်မတော့ တုန်ယင်လှိုက်မောနေရပါပြီတို့၊ ရှင့်အနမ်းတွေက အဆိပ်ခတ်ထားတဲ့ လျှောင်အိမ်တစ်ခုလား...တို့ အဲဒီလို တော်ကီတွေနဲ့ တက်လာတာ...၊ အချစ်လိုင်း...အချစ်လိုင်း...အာဒမ်ရေ..."

"ကွိ..."



"ကြည့်မရဆုံးကတော့ ညေးပဲ...၊ လေကြီး လေကျယ်တွေ အင်မတန်ရေးတာ၊ ဝတ္ထုတစ်အုပ်ချရေးတာပဲ...၊ ပိုက်သဂိုးရလည်း မနေရဘူး၊ ပလေတိုတို့ ဆိုကရေးတီးတို့လည်း မနေရဘူး၊ လူ အထင်မကြီးကြီးအောင် အကုန်သိမ်းကျုံးထည့်ပြီး ရေးတော့တာပဲ၊ လူအထင်ကြီးအောင် သူရဲကောင်းလုပ်ပြီး ရေးလေလေ...၊ သူ့စာအုပ်တွေက သရဲဘော ကြောင်လေလေပဲ..."

"ကွိ..."

"သူတို့ ဘယ်လောက် အစွမ်းအစတွေ ထုတ်ပြပြမင်းလို မျောက်တစ်ကောင်ကို မယှဉ်နိုင်ပါဘူး ဖေ့သားကြီးရာ၊ မင်းရဲ့ စိတ်ကူးစိတ်သန်းကသာ ပရိသတ်တွေအတွက် အရသာအသစ်တစ်ခု ဖြစ်နေတာ၊ အားလုံးထဲမှာ မင်းက ဆရာကြီးအာဒမ်..."

"ကွိ..."

"ရှော့...ငှက်ပျောသီး နှစ်လုံး...မော်သေတ္တာ(၈)လုံး ပေးခဲ့တယ်၊ arrangement လုပ်(စီစဉ်) ပေးပါဦး...၊ စကားဝိုင်းက ပြန်လာရင် အကောင်းဆုံး၊ အမိုက်ဆုံး ဇာတ်လမ်းတစ်ပုဒ်လိုချင်တယ်နော်၊ အာဒမ်..."

မျောက်က ဆရာကြီးတစ်ဆူလိုပင် ငှက်ပျောသီးစားရင်း မော်သေတ္တာ(၈)လုံးကို ဖွင့်လိုက်ပြီး သူ့လုပ်ငန်းစဉ်ကို စတင် လုပ်ဆောင်လေပြီ။

သူကတော့ သပ်ရပ်စမတ်ကျစွာ အဝတ်အစားကို ဝတ်

www.burmeseclassic.com

www.burmeseclassic.com



ဆင်ရင်း စာပေစကားဝိုင်းဆီ ချီတက်လာခဲ့သည်။

စကားဝိုင်းကတော့ စာရေးဆရာ၊ စာရေးဆရာမ ခြောက် ယောက်ရဲ့ စကားဝိုင်းမို့ လေတိုက်နှုန်းက တစ်နာရီ မိုင် တစ်ရာ့ခြောက်ဆယ်လောက်ရှိတဲ့ အညိုရောင်အဆင့် မုန်တိုင်းတစ်ခုလို ပြင်းထန်လှသည်။

သူကလည်း ခပ်တည်တည်ပင် ဝင်ဖောပစ်သည်။ အ ကွက်ကောင်းကို စောင့်ပြီး ဘုဂလန့်တွေ ဝင်တောပစ်လိုက်ရင်း ပရိသတ်ကို ဖမ်းစားပစ်လိုက်သည်။

မဒီဆူး ။ ။ ကျွန်မသာ စာရေးခွင့် မရခဲ့ဘူး ဆိုရင် အသက်တောင် သေသွားနိုင်တယ်။

သစ်ရွက်ညို။ ။ အနုပညာဆိုတာ ကျွန်တော့်ရဲ့ နှလုံးသားပဲ။

ရွှေတိုက်စိုး။ ။ ဟုတ်တယ်ဗျ၊ ကျုပ်ကတော့ နောက်ရင်း ပြောင်ရင်းနဲ့ စာရေးဆရာဖြစ်လာတာ…၊ အဟား ဟား…။

စိတ်ပျက်စရာ…။ ဘာမှလည်း ရယ်စရာမပါ…။

မျစ်ခ။ ။ စာရေးခြင်းဆိုတာ ကျွန်တော့် ဘဝအတွက် မရှိမဖြစ်ပါဗျာ။

ညေး။ ။ တကယ့် အမြုတေ ပစ္စည်းတစ်ခုပါပဲ။

အသင်သူ။ ။ ဒီလောက်လည်း မဟုတ်ပါ ဘူးဗျာ All art is Useless တဲ့…၊ အော်စကာဝိုင်း ပြောခဲ့တဲ့



စကားလေ အနုပညာမှန်သမျှ ဘာမှ အသုံးမဝင်ဘူးတဲ့…။

ညေးက သူ့အား ဒိုင်းကနဲ မျက်စောင်းထိုးရင်း…

"ကျွန်မက အနုပညာကြောင့် အသက်ရှင်နေတာ…၊ အိပ်ချိန်၊ စားချိန်ကလွဲရင် စာဘယ်လို ရေးရမလဲဆိုတာပဲ စဉ်းစားနေမိတယ်…"

"ခင်ဗျား မိုရေးဗီးယားကို ကြားဖူးမှာပေါ့…၊ ကမ္ဘာ ကျော် အီတလီစာရေးဆရာကြီးလေ၊ သူက တစ်နေ့ကို စာဖတ် ချိန် နှစ်နာရီ မကျော်ဘူးတဲ့ဗျ…၊ ဘုရားသခင်ကသာ ဘက် လိုက်မှုမရှိခဲ့ရင် ခင်ဗျား ကမ္ဘာ့တင်မကဘူး၊ စကြာဝဠာကျော် တောင် ဖြစ်သင့်နေပြီ…"

"ခွီး…ဟား…ဟား…ဟား…"

ရွှေတိုက်စိုးက အော်ရယ်သည်။ သစ်ရွက်ညိုက ပြုံးတုံ့ တုံ့။ မျစ်ခကတော့ ဆရာကြီးအထာနှင့်ပင်…။ မဒီဆူးက အချစ် လိုင်းသီးသန့်ဆိုတော့ ဒါတွေ စိတ်ဝင်စားမယ့် ပုံမပေါ်။

သို့သော်လည်း နှုတ်ဆိတ်နေလျှင် သရဲဘောကြောင် သည် အထင်ခံရမည် စိုး၍လား မသိ။ အချစ်ဝတ္ထုဆရာမပီပီ…

"ကျွန်မကတော့ စိတ်ကွန့်မြူးချိန် အမြင့်ဆုံးရောက်မှ စာရေးနိုင်တာလေ…၊ တစ်ခါတစ်လေ နတ်ဝင်သည် တစ် ယောက်လိုပဲ နတ်က ဝင်လာတယ်၊ ပြီးတော့ ပြန်ထွက်သွား တယ်၊ ဝင်လာတုန်းလေး အာရုံမှာ မြင်မိတာတွေ ချရေးပစ်လိုက် တာ။ ပြန်ထွက်သွားတဲ့အချိန် ကျွန်မဘာမှ ဒီလောက်မသိတော့ ဘူး။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ဟုတ်ပြီဗျာ…ကြိုက်သွားပြီ…နတ်ဝင်သည်…ဟုတ်လား…နတ်ကတော့ လုပ်ဖြစ်ရင်လည်း ကျွန်တော်တို့ကို မမေ့နဲ့ပေါ့…ကြက်ကြော်နဲ့ ဝီစကီ အလကားကပ်စားရလည်း မနည်းဘူး…အဟီး…"

ဆရာကြီးအထာနှင့် ခပ်တည်တည်နေတတ်သည့် မျစ်ခပင် အသင်သူ့စကားကြောင့် ရယ်ချင်ချင်ဖြစ်လာရသည်။

မဒီဆူးကတော့ (သူ့မစာအုပ်ထဲက flow အတိုင်းပြောရမည်ဆိုလျှင်) ရင်တစ်ခုလုံးကို ဆွဲခါယမ်းသွားနိုင်လောက်သည့် မျက်စောင်းလှလှ တစ်ချက် ထိုးသွားလေတော့သည်။

နောက်တော့ စကားဝိုင်းမှာ သူ့ သိပ်အာမချောင်တော့။ သူတို့ အခြေအတင် ဆွေးနွေးကြသည်များကိုသာ စိတ်ထဲကနေ လိုက် ပြောနေမိတော့၏။

သစ်ရွက်ညို။ ။"ကျောရိုးမဲ့ဒဏ်ရာ" ရေးတုန်းကဆို ကျွန်တော်ရေးရင်းနဲ့ကို မျက်ရည်တွေဒလဟော စီးကျလာတာဗျ၊ အမှတ်တရပဲ…"

အီးနဲ့နပ်ပါ ဒလဟော ထွက်လာမယ် သတိထား…။

မဒီဆူး။ ။စာအုပ်တစ်အုပ်ရေးပြီးသွားတိုင်း နှလုံးသားတွေ ပွဲပွဲပါသွားသလို ခံစားရတယ်။

လူပါ ပွဲပါသွားချင်ရင် ထပ်ရေး…။

မျစ်ခ။ ။ကျွန်တော်ကတော့ ရူပဗေဒနဲ့သင်္ချာ ဖော်မြူလာတွေ မပါပါအောင် ထည့်ရေးနေကျဆိုတော့ တစ်ခါတစ်လေ သီအိုရီတွေကုန်သွားရင် ဘာလုပ်ရမှန်းမသိ ဖြစ်သွား



တာမျိုးတွေ ရှိတယ်ဗျ…။

ဒါများ…အလွယ်လေး…။ အိုးဖာတိပ်ကပ်နည်းတို့၊ အစွန်းချွတ်ဆေးဖော်စပ်နည်း ဖော်မြူလာတွေ ထည့်ရေးပေါ့…။

ရွှေတိုက်စိုး။ ။"ဟား…ဟား…ဟား…ဟား…"

ရယ်သံကိုက ရယ်စရာ မကောင်းတာ ဟာသစာရေးဆရာရေ…။

ညေး။ ။"ပလေတို တစ်ခါက ပြောဖူးတယ်…"

ဘာတဲ့လဲ။ ခင်ဗျားလို လေကြီး ဖင်ကျယ်စာရေးဆရာမတွေနဲ့ ဝေးဝေးက ရှောင်တဲ့လား။ ဟုတ်တယ်ဗျာ။ ဒီစကားဝိုင်းထဲကနေ ကျွန်တော် ခပ်ဝေးဝေးကို ထွက်ပြေးချင်လာမိတယ်။ တကယ်ပဲ။

www.burmeseclassic.com

www.burmeseclassic.com

## (5-a)

အဲဒီနောက်ပိုင်းမှာတော့ သူဟာ မဒီဆူး၊ ညေးတို့ရဲ့ ချဉ်ဖတ်တစ်ကောင် ဖြစ်လာခဲ့ရပြီး၊ မျစ်ခ၊ သစ်ရွက်ညို၊ ရွှေတိုက်စိုးတို့နဲ့တော့ တွဲဖြစ်လာခဲ့သည်။

မျစ်ခဟာ စာအရေးကောင်းသလို တကယ့်ကို ယောကျ်ားဆန်တဲ့ စာရေးဆရာတစ်ယောက်ပါပဲ…။ သူ့အကြောင်းတွေကို လွယ်လင့်တကူ ပြောမပြတတ်သလို သူများအကြောင်းလည်း စုံစမ်းစပ်စုတာမျိုး လုပ်လေ့မရှိ…။

ဒါ့ကြောင့် မျစ်ခကို ပေါင်းရသင်းရတာ သိပ်အာရုံမနှောက်။

နည်းနည်း သတိထားနေရတာက သစ်ရွက်ညို ဖြစ်ပြီး၊ သတိနဲ့ စောင့်ကြည့်နေရသူက ရွှေတိုက်စိုးပင်…။

သစ်ရွက်ညိုက နည်းနည်း မိန်းမဆန်ပြီး အထာအနကောက်တတ်သည်။ စကားအမှားပါ၍ မရ။ နောက်ပြီး အသင်သူ သတိထားမိသလောက်က သစ်ရွက်ညိုဟာ သူ



သိချင်တာမှန်သမျှကို တည့်တည့် မမေးမြန်းတတ်ဘဲ ပရိယာယ်မာယာနှင့် ကွေ့ဝှက်မေးတတ်သူလည်း ဖြစ်ပြန်သည်။

အခုတလော အသင်သူရဲ့ ဂျီမေးလ်ထဲကို မိန်းကလေးနာမည်လှလှကလေးနဲ့စာတွေ ရောက်ရောက်နေတတ်သည်။

"အသင်…တို့က အသင့် ပရိသတ်တစ်ယောက်ပါ၊ မြူမိုးပွင့်ခြယ်လို့ ခေါ်ပါတယ်၊ အသင့် ဝတ္ထုတွေကအရမ်းဖတ်လို့ ကောင်းတာပဲ…၊ သူများတွေနဲ့လည်း မတူဘူးနော်…မြူစိတ်ဝင်စားနေတာက အသင့်ရဲ့ ဉာဏ်ရည်ကိုပါ…မြူ့ကို ခင်တယ်ဆိုရင် အသင် ဘယ်လို စိတ်ကူးစိတ်သန်းတွေသုံးပြီး စာရေးသလဲဆိုတာ မြူ့ကို ပြောပြပါလား…"

ဟာ…ဟ…။

လုပ်မနေနဲ့ သစ်ရွက်ညိုရေ…။

ငါ…ဆိုတဲ့ကောင်က မျောက်ကိုတောင် ဝတ္ထုရေးခိုင်းပြီး တစ်နိုင်ငံလုံးက လူတွေကို ညာစားနေတဲ့ကောင်…အဲဒီလို ညာစားတတ်ဖို့ဆိုတာ လူတွေရဲ့စိတ်ကို အပေါ်စီးကနေ ဖတ်တတ်ရတယ်ကွ။ မင်းဦးနှောက်နဲ့ကတော့ မြူမိုးပွင့်ချယ်တွေဘာတွေလုပ်ပြီး ငါ့လျှို့ဝှက်ချက်ကို အစ်အောက်ယူလို့ရမယ် မထင်နဲ့…မှားသွားမယ်။

ရွှေထိုက်စိုးကျတော့ သစ်ရွက်ညိုလို အိညှောင့်အိညှောင့် မဟုတ်…။ ပေါ်တင်သမား…။

ဒါပေမယ့် သူချသုံးတဲ့ဗျူဟာကလည်း ခပ်တုံးတုံးထဲက ပါပဲ…။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်တိုက်ခန်းကို မကြာခဏဆိုသလို ရောက်လာ၊ ဘီယာဆိုင်သွားဖို့ ဆော်ဩပြီး၊ ဘီယာ တစ်ဂျားလောက် ကုန်တော့မှ …

"အသင် …စာရေးတယ်ဆိုတာ တကယ်တော့ မခက်ဘူးကွ သိလား … သတင်းစာတို့၊ ဂျာနယ်တို့မှာပါတဲ့ ထူးခြားသတင်းတိုကလေးတစ်ပုဒ်ကိုတောင် ဆွဲဆန့်ပြီး ငါလုံးချင်းရေးခဲ့ဖူးသေးတယ်။ Plot (ဇာတ်လမ်း) ရှာရတာ ငါ့အတွက်တော့ မခက်ပါဘူးကွာ … အဲ … မင်းအတွက်ကျတော့ ခက်ချင်ခက်လိမ့်မယ်နော် … မင်းစာတွေက တောင်ရောက် မြောက်ရောက်ဆိုတော့လေ။ မင်းရော ဘယ်လိုနည်းလမ်းတွေသုံးပြီး Plot ရှာလေ့ရှိလဲ …"

လူက မူးမူးနဲ့ဆိုတော့ ဒီကောင်လည်း အဲဒီလိုစကားလည်းခင်းပေးလိုက်ရော စိတ်က အာဒမ့်ကို တန်းမြင်ယောင်မိပါရော …

"ငါ … မျောက်တစ်ကောင်မွေးထားတယ်…"

"အဲ …လုပ်စမ်းပါဦး … လုပ်စမ်းပါဦး… အဟီး…"

"အာဒမ်…တဲ့"

"မျောက်နာမည်လား … WOW!!! … မိုက်လိုက်တာ… အာဒမ်က ဘာဖြစ်သလဲ"

"သြော် … ဒီကောင်ငှက်ပျောသီး အရမ်းကြိုက်တယ် …"



"အေးလေ … ဆက်ပြော"

"အေး… ဒါပဲလေကွာ … ပြီးပြီပေါ့ …။ ငါမျောက်မွေးထားတယ်။ မျောက်ထီးကလေး …။ အာဒမ် … တဲ့ ဒီကောင် ငှက်ပျောသီး အရမ်းကြိုက်တယ် … ဒါပဲပေါ့ …"

ရွှေတိုက်စိုး အကျပ်ကောင်း၍ ပါးစပ်က အာဒမ်ဟု ထွက်သွားတာပင် အသင်သူ ငှက်ပျောသီးလောက်နှင့် နူတ်ပိတ်ပစ်ခဲ့နိုင်ပါသည်။ စာရေးတဲ့အဆင့် ပြောသည်အထိ မရောက်ခဲ့ …

အသင်သူဟာ ဘယ်လောက်မူးမူး ကိုယ့်ကိုကိုယ် ထိမ်းအထိ သစ္စာရှိလေတဲ့ အကောင် …

ဒါပေမယ့် တစ်ညမှာတော့ …

www.burmeseclassic.com

www.burmeseclassic.com

(5-b)

မိုးကား စင်စင်လင်းနေပြီ …

သူ့ ခုတင်နံဘေးမှာရှိတဲ့ ပြတင်းပေါက်က ပြဒါးရည်သုတ်မှန်ချပ်ပေါ် နေရောင်ကျရောက်လာသဖြင့် မျက်ခွံတွေက အလင်းဒဏ်မခံမရပ်နိုင်ဖြစ်ကာ နိုးလာရသည်။

သေချာတယ် … ပြဒါးသုတ်ထားတဲ့ မှန်ချပ်ပေါ် နေရောင် ကျရောက်လာချိန်ဟာ နေ့လယ် ဆယ့်တစ်နာရီခွဲ အချိန် … နာရီ ပြေးကြည့်စရာမလို…။

စူးရှတဲ့ အလင်းရောင်တွေ သူ့မျက်နှာပေါ် ရောင်ပြန်ဟပ်လာတာမို့ ဘယ်လောက်အိပ်မောကျကျ နေ့လယ်ဆယ့်တစ်နာရီခွဲဟာ သူ့ရဲ့နောက်အကျဆုံး အသံတိတ် နှိုးစက်တစ်လုံးပင်။

" ဟား …"

နိုးနိုးချင်း တရှေ့ဝင်ပူးသူတစ်ယောက်လို အိပ်ယာပေါ် ငေါက်ခနဲ ထထိုင်လိုက်မိသည်။



"ဘုရားရေ … မနေ့ညက … မနေ့ညက … ငါ… ဘာတွေဖြစ်ခဲ့သလဲ …"

မနေ့ညက မျစ်ခရဲ့ နှစ်ဆယ့်ငါးနှစ်ပြည့် မွေးနေ့ပွဲရှိသဖြင့် ဟိုတယ်သို့ သူရောက်သွားသည်။

ပွဲလေးက စာနယ်ဇင်း၊ စာရေးဆရာ စုံစုံလင်လင်နှင့် ပျော်စရာလည်းကောင်းလှ၏။ သို့သော် မိန်းကလေးပွဲ မဟုတ်ဘဲ၊ ယောကျ်ားလေးပွဲဖြစ်ခဲ့သဖြင့် ပွဲပြီးကာနီးလေ အရက်က ပိုသောက် ကောင်းလေနှင့် ဗရုတ်ဗရက် ကျခဲ့ကြသည်။

မှတ်မိသလောက်ကတော့ မနေ့ညက ရွှေတိုက်စိုးဟာ အပျော်လွန်ပြီး နဂါးနီသီချင်းနှင့် ကွေးနေအောင် ကခဲ့သည်။

"ကျုပ် ချစ်နေမိသူက မဒီဆူး … ဗျ …"

သစ်ရွက်ညိုက မူးမူးနှင့် ထိုသို့ အော်ကျယ်အော်ကျယ် ဝန်ခံခဲ့ပြန်သေးသည်။ ညေးတော့ ရုပ်ဆိုးလို့နဲ့တူပါရဲ့၊ ဘယ်သူမှမချိန်ကြ။

" ဟေး … "

ပြဿနာပဲ … ။

လက်ခုပ်လက်ဝါးတီး အားပေးခဲ့ကြသူတွေက စာနယ်ဇင်းသမားတွေ၊ ဘယ်သတင်းတွေ ဂျာနယ်ပေါ်ရောက်ပြီး၊ ဘယ်ဂျာနယ်တွေ ဈောင်ရေတက်ကုန်ကြမည်မသိ…။

စာရေးဆရာတွေမူးပြီဆိုတော့ သူငယ်ချင်း စာနယ်ဇင်းသမားတွေက ဝိုင်းကျပ်ပေးကြသည်။ အပျော်တော့ အပျော်သဘောလေးပါ …။ ဒါပေမယ့် ဖုံးကွယ်ထားတာတွေ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးပေါ်ခဲ့တယ်လေ … ။

" ငါကတော့ ညေးကို ကြည့်မရတာ … သူငါ့ကို အရမ်းအတုခိုးနေသလိုပဲ …"

ကဲ … အဲဒါသာကြည့် …။

ဝိဝိရိရိနဲ့ နှုတ်နည်းလွန်းလှတဲ့ မျစ်ခ ပါးစပ်က ထွက်လာတဲ့ စကားတွေ။

အဲဒီ နောက်ပိုင်းမှာတော့ အသင်သူ ဘာမှ သိပ်မမှတ်မိတော့ …။ ဟန်တခွဲသားနဲ့ Gentleman သောက်၊ သောက်နေရာကနေ ကာရာအိုကေဆိုမိပြီး စိတ်က အပျော်လွန်ကာ လွတ်ထွက်သွားသည်။

ဒါကြောင့်လည်း ရွှေတိုက်စိုးဟာ ကွေးနေအောင် ကခဲ့ခြင်းဖြစ်သည်။ ဟန်တခွဲသားနဲ့ အင်မတန်ပဲများလှသည့် သစ်ရွက်ညိုမှာလည်း မဒီဆူးကို ချစ်မိနေပြီဖြစ်ကြောင်း ဝန်ခံခဲ့ခြင်းဖြစ်သည်။ သူတစ်ပါးကို ဘယ်တော့မှ မကောင်းမပြောတတ်သည့် မျစ်ခမှာလည်း သူ့စိတ်ရင်းအတိုင်း ညေးအား ကြည့်မရကြောင်း ဝန်ခံခဲ့သည်။

" ဒါဆို … ငါရော … အာဒမ် … အာဒမ့် အကြောင်းတွေ ဖွင့်ပြောမိခဲ့ပြီလား … "

အိပ်ရာနံဘေးမှာ တင်ထားသည့် ဟမ်းဖုန်းကိုဖွင့်ကာ အင်တာနက်ကနေတစ်ဆင့် လူမှုကွန်ယက်စာမျက်နှာတွေမှာ ဘာတွေထူးခြားနေပြီလဲဆိုတာ အရှုးတစ်ယောက်လို သူဖတ်ကြည့်ခဲ့သည်။



" စာနယ်ဇင်းကကောင်တွေ လူမှုရေးကျင့်ဝတ်ကို စောင့်စည်းကြတာလား …။ ဒါမှမဟုတ် အပျော်သဘော ပြောခဲ့ဆိုခဲ့တာကို အပျော်သဘောလောက်ထားပြီး ဂျာနယ်ပေါ် တတ်မဖွကြတာလား၊ ဒါမှမဟုတ် ငါတို့ပဲ သိပ်ကံကောင်းနေကြတာလား … "

ဟုတ်တယ် အခုအချိန်အထိတော့ ဂျာနယ်စာမျက်နှာတွေမှာ မနေ့ညက မျစ်ခရဲ့မွေးနေ့ပွဲလောက်သာ သတင်းသဘော မျိုးပါခဲ့ပြီး…၊ ပြောခဲ့၊ဆိုခဲ့၊ သောင်းကျန်းခဲ့ကြတဲ့ စကားတွေ တော့ ပါမလာ …။

" ဟင် …"

အိပ်မှုံစုတ်ဖွားနဲ့ တစ္ဆေတစ်ကောင်လို ခုတင်ထက်မှာ သူထိုင်နေစဉ် ဧည့်ခန်းဆီမှ အရိပ်တစ်ခုကို သူဖျက်ခနဲ မြင်သွားလိုက်မိသည်။

ဘုရားရေ…။ မနေ့ညက ငါ့ တိုက်ခန်းကို ဘယ်သူလိုက် ပို့သွားတာလဲ …။ ငါ … တံခါးကို သော့မခတ်ဘဲ အိပ်မိခဲ့တာလား…။

ဧည့်ခန်းထဲမှာ လူစိမ်းတစ်ယောက်ရောက်နေခဲ့တာလား။

" အာ … ဒမ် … "

မျောက်နှာမည်ကို အကျယ်ကြီး အော်ခေါ်ကာ ဧည့်ခန်းထဲ ထွက်လာခဲ့ချိန်မှာတော့ …

www.burmeseclassic.com

www.burmeseclassic.com

(5-c)

သွားပြီ…။

ဝိဝိရိရိနဲ့ စွပ်ထားခဲ့တဲ့ မျက်နှာဖုံးတစ်ချပ် လုံးဝကွာကျသွားခဲ့ရချေပြီ။

သွေးအေးအေးနဲ့ အထင်သေး စက်ဆုပ်စွာ စိုက်ကြည့်နေတဲ့ ချစ်သူရဲ့ မျက်လုံးတွေ …၊ သူ့ကို မြင်လိုက်တော့မှ အနည်းငယ် တွန့်ကွေးသွားတဲ့ မဲ့ပြုံးတွေ။

ပြောစမ်း … နှိုင်းခ…၊ မင်းဘယ်တုန်းက ငါ့အခန်းထဲ ရောက်နေတာလဲ။ သော့မခတ်ထားတာကို မင်းအခွင့်ကောင်းယူခဲ့တယ်။ လူ့ယဉ်ကျေးမှုကို ဖောက်ဖျက်တယ်။

" မကြည့်နဲ့ … မင်း ငါ့ကို အဲဒီလို မျက်လုံးမျိုးနဲ့ မကြည့်နဲ့ … "

"ရှင် ဝန်ခံလိုက်စမ်းပါ …။ ထွက်ခဲ့သမျှ စာအုပ်တွေဟာ ရှင်ရေးခဲ့တာ မဟုတ်ဘူးလို့ ဝန်ခံလိုက်စမ်းပါ …"

" ကွဲ … ကွဲ"



အခုနေသာ အာဒမ် လူစကားပြောတတ်လျှင် ဘယ်လိုဖြောင့်ချက်တွေ ပေးမည်လည်း သူမခန့်မှန်းနိုင်ပါ။

အခုတော့ သူမ၏ ရင်ခွင်ထဲမှာ မိန့်မိန့်ကလေး ထိုင်နေပြီး ငှက်ပျောသီး စားနေသည်။

မှော်သေတ္တာ (၈) လုံးထဲက စာရွက်တွေကတော့ ကြမ်းပြင်ပေါ် ပျံ့ကြဲလျက်ရှိသလို သူမ လက်ထဲလည်း အထပ်လိုက် ရောက်နေပြန်သည်။

သေချာတယ်။ အာဒမ်ဟာ သူမရဲ့ စည်းရုံးရေးကြောင့် ခင်မင်သွားပြီး မှော်သေတ္တာ (၈) လုံးထဲကနေ သူ့စိတ်ကြိုက် စာရွက်တွေစုစည်းပြီး ခပ်မိုက်မိုက် ဇာတ်လမ်းတစ်ပုဒ် သူမကို ပေးလိုက်ပြန်ပြီထင်ပါရဲ့ …။

"အာဒမ် … ဒီကိုလာစမ်း …"

" ကွဲ … "

"ရှင် လူတွေကို အရူးလုပ်ခဲ့တယ်။ ရှင် ဘယ်သူ့ကိုစပြီး အရူးလုပ်ခဲ့တယ်ဆိုတာ ရှင်မှတ်မိလား …"

သူ အသည်းအသန် စဉ်းစားလိုက်သည်။

မမှတ်မိတော့ …။ အခုချိန်မှာ သူဟာ အောင်မြင်မှုကို ယစ်မူးနေတဲ့အချိန် …။ အတိတ်ခါးခါးတွေကို ခေါင်းထဲက ဖောက်ထုတ်ပစ်ခဲ့တာ ကြာလှပေါ့။

"ကျွန်မ ဖေဖေကိုလေ၊ ဟုတ်ရဲ့လား … မျောက်ရေးပေးတဲ့ဝတ္ထုကို အရက်မရှိယူလာပြီး ဖေဖေ့ကို အမှာစာရေးခိုင်းခဲ့တယ်။ ကျွန်မဖေဖေရဲ့ စိတ်ကို ချနင်းပြီး ရှင့်ရဲ့ အောင်မြင်မှုကို

www.burmeseclassic.com

www.burmeseclassic.com



ခုန်ယူတယ်။ ရှင် ဒုတိယအရှုံးလုပ်တဲ့သူရော ဘယ်သူဆိုတာ သိရဲ့လား ...”

“ နှိုင်းခ ... မင်း သိပ်ဒေါသထွက်နေရင် စကားအများ ကြီးမပြောပါနဲ့ဦးလား ... **ဒီကမ္ဘာပေါ်မှာ ရှိသမျှ လူဆိုးတွေကို မင်း စစ်တမ်းကောက်ကြည့်လိုက်။ ဘယ် အကောင်မှ ငါလူဆိုး လုပ်မယ်ဟေ့ဆိုပြီး လူ့လောကထဲ ဝင်လာ ကြတာတော့မဟုတ်ဘူး ... အခြေအနေ အချိန်အခါပေါ် လိုက်ပြီးတော့သာ လူဆိုးဖြစ်ကုန်ကြတာ ...**”

“ဒါ ... ပျော့ညံ့တဲ့လူတွေ ပေးနေကြ ဆင်ခြေတွေပဲ ... ဒါတွေကျွန်မ နားမထောင်ချင်ဘူး။ ကျွန်မသိတာ ရှင်ဟာ မျောက်ကို ဆရာတင်ပြီး ဝတ္ထုရေးခိုင်းခဲ့တယ်။ ဖေဖေ့ကိုရော၊ ကျွန်မ ကိုရော ... ရှင့်ကို အားပေးနေတဲ့ သန်းနဲ့ချီ ပရိသတ် ကိုပါအရှုံး လုပ်ခဲ့တယ် စော်ကားခဲ့တယ်၊ ဒါတင်ပဲလား ... မဟုတ်သေးဘူး ... ကိုယ်ပိုင်ဉာဏ်ရည်လေးတွေနဲ့ စာရေးနေ ကြတဲ့ စာရေးဆရာတွေကိုပါ မျောက်နဲ့ အယှဉ်ခိုင်းခဲ့ပြီး သူတို့ကိုပါ စော်ကားခဲ့တယ်။

ရှင် best seller နံပါတ်(၁)မှာ ရပ်တည်နေတာ စာအုပ် ထွက်ကတည်းကလေ ... ကျွန်မစဉ်းစားမိတာ ကျွန်မတို့ဟာ **မျောက်ဦးနှောက်လောက်တောင်** သောက်သုံးမကျကြလို့ ရှင့် **စာအုပ်တွေကို ချီးကျူးခဲ့ကြတာလား** ...။ ဒါမှမဟုတ် မျောက်ဦးနှောက်က လူ့ဦးနှောက်ထက်သာလို့ ရှင့်စာအုပ်တွေ နံပါတ်(၁)နေရာမှာ ရပ်တည်ခွင့်ရခဲ့တာလား ...”



“ဒါတွေ တွေးရ၊ ပြောရတာ မင်းမမောဘူးလား ...၊ **အောင်မြင်မှုဆိုတာ လွယ်လွယ်ကူကူနဲ့ ကိုယ့်ဆီ ရောက်လာတတ် တယ်လို့များ မင်းထင်နေသလား ... မျက်စိလည် လမ်းမှားပြီးပဲ ဖြစ်ဖြစ် ကိုယ့်ဆီတည့်တည့်ပဲဖြစ်ဖြစ် အောင်မြင်မှု ရောက်လာရင် မိန်းပြီး ယူတတ်ရတယ်ကွ ...**”

ချစ်သူရဲ့ စက်ဆုပ်ရွံရှာတဲ့ အကြည့်တွေဟာ ဓါးသွား ထက်တောင် သူ့ နှလုံးသားကို ပြတ်ရှစေခဲ့သည်။

သူမရင်ခွင်ထဲမှာ ငှက်ပျောသီးစားနေတဲ့ အာဒမ်ကို သူ့ လက်ထဲထိုးပေးခဲ့ပြီး ...

“အနုပညာဆိုတာ ခုနှစ်ရက်သားသမီး မေတ္တာနဲ့ အသက်ရှင်ရတဲ့ အလုပ်တွေပဲ ...။ အဲဒီမေတ္တာကို လှည့်စား ယူပြီး စော်ကားနေသရွေ့ ရှင့်ကို ကျွန်မအထင်မကြီးနိုင်ဘူး အသင်သူ ...၊ ရှင့်ကို ကျွန်မ... သိပ်...မုန်း...တယ်...”

“နေဦး ...”

အက်စစ်နဲ့ အပက်ခံလိုက်ရသလို သူ့မျက်နှာတပြင်လုံး စပ်ဖျဉ်းဖျဉ်း။

လှည့်ထွက်သွားတဲ့ သူမရဲ့ လက်မောင်းကို သူအမိအရ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်မိပြီး ...

“ မင်းပြောသလို ငါက လူဆိုး... ဟုတ်တယ်။ ဒါပေမယ့် ဆိုးတဲ့လူတွေကို ငါမကြိုက်ဘူး၊ မချစ်ဘူး... လူတော် လူကောင်းမှ ရွေးချစ်တတ်တာ။ မင်းကို ငါ အရမ်း ချစ်တယ် နှိုင်းခကြယ် ...။ ငါဟာ လူဆိုးတစ်ယောက်ပါ။ မင်း အရင်

www.burmeseclassic.com

www.burmeseclassic.com



တုန်းက ပေါ့ပျက်ပျက်မိန်းမတွေနဲ့လည်း တွဲခဲ့ဖူးပါတယ်။ မင်းနဲ့ ချစ်သူဖြစ် တော့မှ ငါရင့်ကျက်လာခဲ့တာပါ။ ငါမင်းကို စောင့်နေမှာနော် …။ တစ်ချိန် ပြန်ရောက်လာတဲ့အထိ ငါမင်းကို စောင့်နေမှာပါ …။

ကိုယ့်လက်ထဲကနေ အတင်းရုန်းကန်ထွက်သွားလေတဲ့ချစ်သူ …။

လေနီကြမ်းတွေက အိမ်အပြန်လမ်းမှာ မှိုင်းပျရီဝေလို့ …။ ပန်းရှုတဲ့ ဒဏ်ရာနဲ့ ဒီကောင် အသက်ရှူ ရပ်တန့်ခဲ့ရပြီပေါ့ …။

ခြားထားတဲ့ စည်းတွေပဲ များများလာခဲ့တယ်။

ချစ်သူ ပြန်ရောက်လာမယ့် နေ့ရက် … ဘယ်မှာလဲကွယ် … ။

## (6)

" ဥ … ဩ … ဥ … ဩ … ဥ … ဩ…"

လွှမ်းစရာ ကောင်းလှချည်လား ဥဩရယ်။ ဆောင်းတောင် မကြွင်းသေးဘူး။ မင်းအသံလေးကို အရင်စ ကြားရပြီ …။

" အစ်မရေ … သတင်းစာ…"

" ထားခဲ့ … ထားခဲ့…"

ဝါကြန့်နေတဲ့ သစ်ရွက်တွေကတော့ လေတချက်ဝှေ့တိုင်း ကြွေလွင့်နေကြသည်။ ခြော် … မိုးပြီးတော့ ဆောင်း …၊ ဆောင်း ပြီးတော့ နွေ …။

" ဥ … ဩ …"

ဒန့်သလွန်ပင်ပေါ် လာနားနေတဲ့ ဥဩကတော့၊ သံရူးချွန်ပေါ် ညှပ်ခဲ့တဲ့ သတင်းစာကို သူမ သွားအယူမှာတင် လန့်ဖျက်ပြီး ဟိုး အိမ်ရှေ့က ဝိတောက်ပင်ပေါ် ပျံသွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



" သြော် "

သတင်းစာထဲမှာပါတဲ့ ကြော်ငြာဖြတ်ပိုင်းကလေးကို ဖတ်ရင်း နှိုင်းခကြယ် ပြုံးမိရပြန်သည်။

ဒီပ်မက်သစ်စာပေ

အသင်သူ

တိမ်ထူတဲ့ ပလက်ဖောင်း

(ဆယ်အုပ်မြောက် အထူး)

လုံးချင်းဝတ္ထုသစ်

လမ်းခွဲခဲ့တဲ့ ချစ်သူဟောင်းရဲ့ စာအုပ်ကြော်ငြာလေး တစ်ခု

မောင်ရယ် …။

နှင် အခုချိန်အထိ မျောက်ကို ဆရာတင်ပြီး လူတွေကို လှည့်စားနေတုန်းလား …။

နှင်ဟာ သိပ်ကို ကောက်ကျစ်တဲ့ ဝံပုလွေလေး တစ်ကောင်ပဲ မောင် … နှင်လုပ်နေတဲ့ အပြစ်ဟာ ဘယ်လောက်ကြီးတယ် ဆိုတာ နှင်သိရဲ့လား …။

သော့မခတ်ထားတဲ့ နှင့်တိုက်ခန်းထဲ ငါရောက်သွားတဲ့ အချိန် အိပ်ပျော်နေတဲ့ နှင့်ကို ငါ မနှိုးရက်ခဲ့တာ အမှန်ပါ …။



ငါက တိမ္မေးကု ဆရာဝန်တစ်ယောက်လေ … ။ ငါရဲ့ပေးရှုန်ကိုတွေ့တော့ ငါဒီလိုပဲ ခင်ခင်မင်မင် နှုတ်ဆက်မိတာပေါ့ …။

နှင်ဘယ်လောက်တောင် အာဒမ့်ကို သင်ပေးထားလဲ အသင် …

Something from Sweetheart ဆိုတဲ့ သေတ္တာသေး သေး လေးတစ်လုံးကိုတွေ့တော့ ငါနဲ့များ ပတ်သက်နေမလား ဆိုပြီး သေတ္တာလေးကို အဖုံးဖွင့်ကြည့်ခဲ့တယ်။

ကြည့်စမ်း … ငါပြောခဲ့တဲ့စကားတွေ၊ ဒဿနတွေ၊ ဟာသတွေ၊ ဇာတ်လမ်းတိုလေးတွေ အားလုံး စာရွက်တွေထဲမှာ ရေးပြီး စုထည့်ထားတာပါလား။

အဲဒီအချိန်မှာပဲ … အာဒမ်ဟာသေတ္တာ (၈)လုံးထဲ ကနေ သူ့စိတ်ကြိုက် စာရွက်တွေ စုစည်းပြီး ငါ့ကို "အပ်" လာတယ်။

အကြမ်းဖျဉ်း ဖတ်ကြည့်ရုံနဲ့တင်ကို နှင်ထုတ်နေကျ စာအုပ်တွေရဲ့ flow ဖြစ်နေမှန်း သိခဲ့ရတယ်။

အံ့သြလည်း သွားရသလို ဒေါသလည်း အကြီးအကျယ် ထွက်မိခဲ့တယ်လေ။

ဒါပေမယ့် … အခုတော့ … ကြာခဲ့ပါပြီလေ…။

နှင့်အပေါ်မှာ ဒေါသနဲ့အမုန်းတွေ မရှိတော့ဘူးဆို ပေမယ့် (နှင့်ရဲ့ လျှို့ဝှက်ချက်ကို သိတဲ့တစ်ယောက်သောသူလို့ ငါလေ) နှင့်စာအုပ်တွေ မြင်တိုင်း ငါ ရယ်ချင်နေမိတယ်။

www.burmeseclassic.com



နင် … တစ်နိုင်ငံလုံးက ရသစာပေ ပရိသတ်တွေကို အရူးလုပ်နေတုန်းပဲလား …။

နင် … အခုအချိန်အထိ ဘတ်(စ်)ဆဲလား နံပါတ်(၁) အဖြစ် ရပ်တည်နေသေးတယ်။ လူ (စာရေးဆရာ) တွေရဲ့ ဦးနှောက် နဲ့ မျောက်တစ်ကောင်ရဲ့ ဦးနှောက်ကို ယှဉ်ခိုင်းထားပြီး၊ စော်ကားနေတုန်းပဲ …။

"ဒါ … မျောက် 'ပြု' ပြီးဆန်တောင်းတဲ့ အဆင့်တော့မဟုတ်ဘူး။ မျောက်ကို 'ဝှက်ဖဲ' လို ကိုင်ထားပြီး ရွှေတောင်းတဲ့အဆင့် …"

ဒီလိုပဲ သူမဟာ သူမ၊ ဒန်းကလေးလွဲရင်း သတင်းစာလေးဖတ်နေတုန်း ပါးစပ်က ယောင်ထွက်သွားတဲ့ အချိန် …

"ဟင် … ဩော် … ဟုတ်တယ် ကလေးရဲ့ … ရွှေဈေးက ခြောက်သိန်း ခြောက်သောင်းလောက်ပဲ ရှိတော့တာ အခုဒေါ်လာက တတ်နေပြီလေ။ ကိုသိန်းက အိတ်(စ်)ပို့ လုပ်နေတာဆိုတော့ တစ်ဒေါ်လာကို မြန်မာငွေ တစ်ထောင်ထက် မကျစေချင်ဘူး … အဟဲ … ဟဲ …"

ကျွတ် … ရောက်လာရပြန်ပြီ … ဟိုလူကြီး ဦးသိန်း

ပိုင်စိုးပိုင်နက်နဲ့ ကိုယ်နဲ့အတူရောပြီး ဒန်းစီးလို့ …

" မြန်မာငွေဈေးကျမှ ကြိုက်တာ ဟုတ်လား… နှိုင်းခကတော့မကြိုက်ဘူး … ကိုယ်က မြန်မာ … ကိုယ်သုံးနေတာ မြန်မာငွေ၊ မြန်မာငွေဈေးမာမှ ကြိုက်တာ …"

အဲလိုလည်း မဟုတ်ဘူးလေ ကလေးရဲ့ … ကျွန်းသစ်



တို့၊ ဆန်စပါးတို့ဆိုတာ ဒေါ်လာနဲ့ရောင်းပြီး အိတ်(စ်)ပို့ လုပ်ရတာမဟုတ်လား … ဒေါ်လာဈေး ထိုးကျလာရင် တိုင်းပြည်ဆင်းရဲကုန်မှာပေါ့ … ကိုသိန်းပြောတာ သဘောပေါက်လား ကလေး …"

"ဟင့်အင်း … မသိဘူး…"

"လူ့ပတ်ဝန်းကျင်ကို အလျှားလိုက်တွေချည်း မကြည့်ပါနဲ့ ကလေးရယ်၊ ဒေါင်လိုက်ကလေးလည်း ကြည့်တတ်မြင်တတ်အောင် ကြည့်ပါဦး .."

ဒီတော့မှ သေချင်စော်နံနေသည့် နှိုင်းခကြယ်မှာ ထောင်ထောင်မတ်မတ် ဖြစ်လာပြီး …

"အဲ … တွေ့ပြီ။ ဒေါင်လိုက်ကြည့်တော့ ကျွန်မ တစ်ခုတွေ့ပြီ .."

"ဟင် … ဘာတွေ့တာလဲဟင်၊ ကလေး … ကလေး အမြင်ကျယ်လာတယ်မို့လား …"

"ဟုတ်ကဲ့ … ကျွန်မ အမြင်ကျယ်လာတယ်… ဘာတွေ့သွားသလဲဆိုတော့ ခွေးချေးပုံ …ဦးသိန်း ခွေးချေးပုံ တက်နင်းလာတယ်နဲ့တူတယ်။ ပတ်ဝန်းကျင်ကို ဒေါင်လိုက်ကြည့်လိုက်တာ ဦးသိန်းဖိနပ်မှာ ခွေးချေးတွေ တွေ့တယ် … အို … နံလိုက်တာ…"

" ဟင် … အဲ … အာ … ဟုတ်ပါ့… ခဏနော် ကလေး… ကိုသိန်း ရေဆေးလိုက်ဦးမယ် …"

စော်ကြူဖို့ ရောက်လာတဲ့ ငတိကြီး ဆိုတာ မျက်စိရှေ့က

www.burmeseclassic.com

ညေး

ကျက်နှာပျက်နဲ့ ဘာလုပ်လို့ ဘာကိုင်ရတော့မှာမှန်းမသိ။ (အဲဒီလို ပြောလို့ ဖိနပ်မှာ ကပ်နေတဲ့ ချေးချေးတွေကို တုတ်နဲ့ထိုးချတာမျိုး 'လုပ်'ပြီး၊ ချေးချေးတွေကို ကောက် 'ကိုင်' သွားတာတော့ မဟုတ်)

ခြံဝန်းထဲ ရောဘုံဘိုင်လိုက်ရှာနေစဉ် … နှိုင်းခကြယ် မှာ အနှုတ်အသိမ်း ကျွမ်းကျင်ပိုင်နိုင်စွာပင် ခြေသံလုံလုံနှင့် အိမ်ပေါ်တတ်လာခဲ့လေတော့သည်။

ဩော် … ချစ်သူမရှိတဲ့ဘဝဆိုတာ သူ့ရဲ့ကောင်း မရှိတဲ့ ကမ္ဘာလိုပါပဲလား … သားကောင်ရှာတဲ့ တောကြောင် တွေက ပေါပါဘိ … ။

🍎🍎🍎

## (6-a)

"ဖေဖေ …ခဏနေဦး … အဲဒါဘာစာအုပ်လဲ …"

ဖေဖေဟာ သူမနဲ့ အသင်သူပြတ်သွားပြီဆိုတာ ရိပ်မိသွား ပြီထင်ပါ၏။

အရင်က အသင်သူ အသစ်ထွက်တိုင်း သူမဆီက ငါးဖတ်နေကျ ဖေဖေမှာ အခုတော့ "တိမ်ထူတဲ့ ပလက်ဖောင်း" ကို ညနေလမ်းလျှောက်ထွက်ရင်း စာအုပ်အငှါးဆိုင်ကနေ ဝင်ငှါး လာခဲ့ပုံ ရလေသည်။

"အသင်သူရဲ့ အသစ်ထွက်တဲ့စာအုပ်လေ …"

သူမ ခေါင်းတချက်ညိတ်လိုက်ရင်း တံတွေးကို အနိုင်နိုင် မျိုချလိုက်ရသည်။

"သမီးကို လက်ဆောင်မပေးဘူးလား …"

ရိပ်မိရက်သားနဲ့ ဖေဖေ မေးလိုက်ခြင်းပါ …

" သမီးနဲ့သူ ပြတ်သွားပြီ …"

ဖေဖေက ပြုံး၏။ ဘာမှမထူးဆန်းတော့သလို ကျွင်သား

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ရနေတဲ့ အပြုံးတစ်ပွင့်နှင့်…

ဟင့်အင်း … ဖေဖေ … မဖတ်နဲ့ … အဲဒီစာအုပ်က မျောက်ရေးထားတဲ့စာအုပ် … ဒုက္ခပဲ … ဘယ်လိုပြောရမလဲ …

"မဖတ်နဲ့ ဖေဖေ …"

"ဟေ …"

"သူ့ စာအုပ်တွေကို မဖတ်ပါနဲ့ …"

"ရေးဟန်အသစ်နဲ့ သွားနေတဲ့လိုင်းသမီးရဲ့ … ဖေဖေက anti-art (သမရိုးကျမဟုတ်တဲ့ အနုပညာ)တွေကို သဘောကျတယ် …"

ဒုက္ခ … ပြဿနာပါပဲ …

"ပေး … မဖတ်နဲ့ …"

သူမက စာပေဂုရုကြီးဆီမှ စာအုပ်ကို ဆွဲလုလေတော့…

"အိုး … နှိုင်းခကြယ် … သမီး ဘယ်တုန်းက ဒါမျိုးတွေလုပ်ဖူးလို့လဲ … ဖေဖေ့ကို ပြန်ပေးစမ်း …"

"သူ … လူလိမ် … ဖေဖေ …လူလိမ်ရေးတဲ့ စာတွေ မဖတ်ပါနဲ့ …"

"လူလိမ်…ဟုတ်လား… သူ ဘာတွေ လိမ်နေလို့လဲ …"

"လိမ်တာမှ အကြီးအကျယ်ကို လိမ်တာ … ဖေဖေ … သမီးဘယ်လို ပြောရမလဲဟင်…"



ပြောဖို့ စကားလုံးတွေက ရှာမရ …

ဒီကိစ္စကြီးကို ဖွင့်ပြောချလိုက်ဖို့က ဆက်လက်လိမ်နေဆဲ လူကိုရော၊ အလိမ်ခံနေရတဲ့ ဖေဖေ့ကိုပါ မျက်နှာပူနေမိသည်။

"ကောင်းပြီ … ဖေဖေ။ သမီးမပြောတော့ဘူးလို့ ဆုံးဖြတ်ထားတာ… ဒါပေမယ့် ဒီကိစ္စ ပြောမှဖြစ်တော့မယ်…။ သူ့နာမည်တွေနဲ့ ထွက်နေတဲ့ ဝတ္ထုတွေက သူရေးတဲ့ ဝတ္ထုတွေ မဟုတ်ဘူး ဖေဖေ … မျောက်တစ်ကောင်ကို ရေးခိုင်းထားတာ … ကာပူချင် မျောက်ကလေး … အဲဒီမျောက်ကလေးတောင် သမီးရဲ့ လူနာဖြစ်ခဲ့ဖူးသေးတယ် …ကဲ… ဖေဖေ… ပြော … မျောက်ရေးတဲ့ ဝတ္ထုကို ဖေဖေ ဘာလို့ roll အအောက်ခံပြီး ဖတ်နေမလဲ …"

သူမ စကားကို ကြားလျှင်ကြားချင်း ဖေဖေ အံ့သြတုန်လှုပ်သွားလိမ့်မည်လို့ ထင်မှတ်ထားခဲ့သော်လည်း တကယ်တမ်းကျတော့ ဖေဖေဟာ ကျေကျေနပ်နပ်ပင် ရယ်မောပစ်လိုက်သည်။

" ဘာရယ်တာလဲ … ဖေဖေ …ဘယ်လောက် ဒေါသထွက်ချင်စရာကောင်းလဲ … ဖေဖေ မေ့နေပြီလား … သူ အရင်ဆုံး အရှုးလုပ်ခဲ့တဲ့သူက ဖေဖေနော် … မျောက်ရေးထားတဲ့ ဝတ္ထုကို ဖေဖေ့ဆီယူလာပြပြီး အမှာစာရေးခိုင်းခဲ့တယ်၊ ဖေဖေ့ရဲ့ ဝိတ်ကိုချုနှင်းပြီး အောင်မြင်မှုကို ခုန်ယူတယ် … ဖေဖေ ဒေါသမထွက်ဘူးလား …"

"သမီး … နှိုင်းခကြယ် …လာ… ဖေဖေတို့ ရှေ့နား

www.burmeseclassic.com



ထဲမှာ ထိုင်ပြီး စကားပြောရအောင် ...”

ဖေဖေက အဲဒီလိုပဲ ... ဘယ်တော့မှ ရှုးရှူးရဲရဲ မပေါက်ကွဲတတ် ...

အခုလည်း သူမကို လေပြေကလေးနဲ့ ဖြောင့်ဖျပြော ဆိုကာ ဧည့်ခန်းထဲ သားအဖ နှစ်ယောက်ထိုင်လိုက်ပြီး ...

“တကယ်တော့ အမှာစာရေးပေးဖို့ သူ့စာအုပ်ကို ဖတ်ပြီးကတည်းက တစ်ခုခု ထူးခြားနေပြီမှန်း ဖေဖေသိခဲ့ပါတယ် ...”

“ ဟင် ...”

“သူလည်း ဝန်ခံခဲ့ပါတယ် ... မျောက်ချပေးတဲ့ ဇယား အတိုင်းလိုက်ရေးခဲ့ပါတယ်တဲ့ ... တနည်းပြောရရင် မျောက်ရေး ပေးတဲ့ ဝတ္ထုပါဆိုတာ သူဝန်ခံခဲ့တယ် ...”

“ဘုရားရေ ... ဖေဖေသိရက်နဲ့ ဘာကြောင့် နှုတ်ဆိတ် နေခဲ့တာလဲ ... သူ့ကို တားခဲ့ပါလား ... ဒါမှမဟုတ် ဒီလောက် အတင့်ရဲတဲ့လူကို မှတ်လောက်သားလောက်အောင် မီဒီယာ တွေကနေတစ်ဆင့် ဖွပြီး ဆုံးမခဲ့ပါလား...”

စာပေဂုရုကြီးမှာ သမီးဖြစ်သူစကားကြောင့် အသာ အယာ ပြုံးလိုက်ရင်း ...

“လုပ်စရာလားသမီးရယ် ... အရာရာဟာဖြစ်ပြီးရင် ပျက်ကြမှာချည်းပဲ ... ဖေဖေ ဖွပေးစရာမလိုပါဘူး ... စာအုပ် လောကထဲကို new art တစ်ခု ဝင်လာတယ်လို့ပဲ ဖေဖေ သတ်မှတ်ခဲ့တယ် ...”



“ဒါပေမယ့် သူဟာဝံပုလွေ တစ်ကောင်ပါ ဖေဖေ ... ကိုယ်ပိုင်ဉာဏ်ရည်လေးတွေနဲ့ စာရေးနေကြတဲ့ စာရေးဆရာ တွေ၊ ဆရာမတွေကို မျောက်နဲ့ အယှဉ်ခိုင်းခဲ့တယ် ... သူ့မျောက် က နံပါတ်တစ်မှာချည်း ရပ်တည်နေခဲ့တာပဲ ... ဒါ ... လူ့ဖန်တီးမှု၊ လူ့ဦးနှောက်ကို စော်ကားလိုက်တာပဲ ...”

**“အနုပညာကို လူ့ဦးနှောက်တစ်မျိုးတည်းနဲ့သာ ဖန်တီး ရမယ်လို့ ဘယ်ဘုရားသခင်ကများ ပညတ်ထားခဲ့ဖူးလို့လဲ သမီး ...။ တချို့ ပန်းချီဆရာတွေဟာ စုတ်တံနဲ့ ပန်းချီမဆွဲကြတော့ ဘူး။ စုတ်တံအစား ဓားတစ်လက်ကို အစားထိုးပြီး ပန်းချီဆွဲ ကြတယ်။ အနုပညာအသစ်ကို ဖန်တီးကြတယ်။ ကဲ...ပြောစမ်း ..စုတ်တံနဲ့ဓားတစ်လက် ဘယ်ဟာက စတင်လိုက်၊ ဘယ်ဟာက စီလိုက်လဲ...”**

“ဟင်...”

ဒီလို သဘောမျိုး သူမတစ်ခါမှ မတွေးခဲ့ဖူးတဲ့အတွက် ကြောင်အမ်းအမ်းဖြစ်သွားရသည်။

**“ဓားဆိုတာ မီးဖိုဆောင်ထဲမှာပဲ ကြက်သွန်လှီးနေရ မယ့် အရာလား...။ ကင်းဗတ်(စ်)ပေါ် တက်ခွင့်မရှိဘူးလား ...။ ကင်းဗတ်(စ်)ပေါ် တက်လာတဲ့ ဓားကိုရော စုတ်တံက မ နာလိုစရာလား”**

“အာ...ဖေဖေရယ်..”

သူမ စုတ်သပ်ရင်း ခေါင်းတွင်တွင်ယမ်းမိသည်။

ဖေဖေပြောတဲ့ စကားတွေက သောင်တစ်ခုကို ကျော်

www.burmeseclassic.com

www.burmeseclassic.com



နေပြီ။ အင်းလေ…ဖေဖေဟာ စာပေဂုရုကြီးတစ်ပါးပဲ…။ ဒီလို အတွေးဆန်းဆန်းတွေရှိတာ သိပ်တော့မဆန်းလှပါဘူး။

"ဒါဆို..ဖေဖေ…ဆက်ပြီး အညာခံသွားမယ်ပေါ့..။ အဲဒီလိုလား…"

"အသင်သူ့စာတွေက new art တွေပဲ သမီးရဲ့။ အညာခံသွားမယ်ဆိုတာထက် ဖေဖေဆက်ပြီး အားပေးသွားမှာပါ…။ သူနဲ့ကိုယ် ရင်ဘတ်ချင်း ငြိနေသရွေ့ပေါ့…"

"ကဲ..ပြောကြပါဦး…ဘယ် ရင်ဘတ်တွေငြိနေ ကြတာတုန်း.."

"ဟင်…မေမေ.."

အရေးကြမှ မွေးသမိခင်က ရောက်လာသဖြင့် သားအဖနှစ်ယောက် စကားကောင်းနေရာမှ စကားစပြတ်သွားကြရသည်။

"သမီး…နှိုင်းခ…"

မေမေ့လေသံမှာ ဗီဒီယိုဇာတ်ကားတွေထဲကအတိုင်း ဒေါ်နွဲ့နွဲ့စန်းလေသံ ငပါက်လွန်းနေပြီမို့ သူမရိပ်မိလိုက်သည်။

မဟုတ်မှလွဲ…။ ဟိုလူကြီး ဦးသိန်း အကွက်ရွှေ့ပြီနဲ့ တူပါရဲ့။

●●●

(6-b)

"မေမေတို့မှာကလည်း ဒီသမီးလေး တစ်ယောက်ရှိတာဆိုတော့လေ…"

ထင်သည့်အတိုင်းပင်..။

မွေးသမိခင်က စတင်ရုပ်ရှင်ရိုက်ကူးချေပြီ…။

"သမီးကညာ..အခါမလင့်စေနဲ့ဆိုတဲ့ စကားပုံအတိုင်းပေါ့…သမီးရယ်.."

အသင်သူ ဝတ္ထုကို ဖတ်ချင်ယောင်ဆောင်နေသည့် စာပေဂုရုကြီးမှာ ဇနီးဖြစ်သူထံ မျက်လုံးလှန်၍ ကြည့်လာသည်။

"အခါလင့်တော့ ဘာဖြစ်မှာမို့လို့လဲ…ဓားနဲ့စုတ်တံဟာ ဘယ်ဟာ ဓာတ်လိုက်၊ ဘယ်ဟာဓီလိန်ဆိုတာ ခွဲခြားလို့မှ မရတာ.."လို့ ထုံးစံအတိုင်း မော်ဒန်လိုလို ဘာလိုလိုတွေ တွေးခေါ်နေပြီ ထင်ပါ၏..

"ကွေးသောလက်မဆန့်မီ..ဆန့်သောလက် မကွေးမီ ဆိုသလို…"

www.burmeseclassic.com

www.burmeseclassic.com



"လိုရင်းကို ပြောစမ်းပါ…မင်းစကားတွေ နားထောင်ရင်း ငါ မျက်စိလည်လာပြီ‥"

ဆရာကြီးရက္ခနီ အစာမကြေဖြစ်လာပြီး စတင် ဘုတာလာလေပြီ…

"လိုရင်းပြောတော့ ရှင့်သမီးက နားဝင်မှာ မို့လို့လား‥။ ရှင်ကသာ အတွေးချော်ပြီး မျက်စိလည်နေ…။ ရှင့်သမီးက ကျွန်မ ဘာကိုဆိုလိုနေပြီမှန်း သဘောပေါက်တယ်။ သိတယ်မို့လား…သမီး"

"သိပါ့…ဦးသိန်းက လက်ထပ်ပါရစေဆိုပြီး မေမေ့လာပြောနေပြီ မဟုတ်လား…"

ဒီတော့မှ မွေးသမိခင် မျက်လုံးပြူး မျက်ဆံပြူးဖြစ်သွားပြီး‥

"ဟဲ့…လက်ထပ်ခွင့်တောင်းတာကတော့ ငါ့ဆီမှာ ဟုတ်တယ်။ ညည်းကို…ညည်းကို‥"

"သိပါ့…တစ်နေ့ ဒီလိုတွေ ဖြစ်လာတော့မယ်ဆိုတာ"

"အေး‥အဲဒီတော့ ဘယ်လိုသဘောရတုန်း…ညည်း ဒီအတိုင်းကြီး သွားနေတော့မှာလား‥မိကြယ်…"

"ဒီအတိုင်းကြီး မသွားလို့ သမီးက လေးဖက်ကုန်း သွားနေရမှာလား‥"

"ဟယ်…နင်ဟာလေ…ရက္ခနီသမီးလို့ မပြောရဘူး။ စကားပြောတာ ကတ်သီးကတ်သပ်နဲ့…"

"ဘာဆိုင်လို့လဲကွ‥ကျုပ်နဲ့…"



"ဘာလို့ မဆိုင်ရမှာလဲ‥။ ရှင့်အတတ်တွေအားလုံး ရှင့်သမီးဆီ ကူးနေတာ။ မိသားဖသားပီပီတောင်းရမ်း ချဉ်းကပ်တဲ့ သူဌေးကျတော့ အထင်မကြီးဘူး။ ဘာမှ ဘဝအာမခံချက် မရှိတဲ့ အနုပညာယောင်ယောင် ဘာယောင်ယောင်အကောင်တွေဆို အရမ်းအထင်ကြီးတာ။ ဒီမှာ မိကြယ်"

"ဩော်…"

"တွေ့လား…စာရေးဆရာကြီး‥။ ရှင့်သမီး ထူးပုံကို…"

"ပြဿနာပဲ‥ကျုပ်ပဲ အတင်းဆွဲထည့်နေ…"

"ညွှန့်ညွှန့်သိန်းက ကျွန်မကို နားဖောက်နေတယ်။ သူ့သားနဲ့ နေရာချထားပေးချင်လို့တဲ့။ တောနယဉ်လမ်းထဲက ခြံနဲ့တိုက်ကို လက်ဖွဲ့ပေးပါမယ်တဲ့လေ။ ပြီးတော့ သူ့သားကိုယ်တိုင်ကလည်း နှင်းခကို ချစ်လိုက်တာမှ တုန်လို့‥"

သူမကတော့ နှာခေါင်းသာ ရှုံ့နေလိုက်သည်။

ဦးသိန်းရုပ်ကြီးနဲ့များ တကယ်သာ စိတ်ရှိတိုင်း တုန်နေအောင် တံခါးမရှိ ဓားမရှိအချစ်ခံရမယ်ဆိုရင်‥အမလေး ကျောစိမ့်စရာ‥။ အို…တွေးတောင် မတွေးရဲဘူး…။

"ညည်းက ဘာနှာခေါင်းရှုံ့တာလဲ…"

"ခြံနဲ့တိုက် လက်ဖွဲ့ရအောင် သမီးတို့က အိမ်ယာမဲ့ ဂျစ်ပစီတွေမှ မဟုတ်တာ‥"

"ဟဲ့‥ဩော်…ရုပါဘဏ်ကြီးရှင်ရယ်‥။ စာရေးဆရာကြီးရက္ခနီအတိုင်းပါပဲလား…။ ဘာလို့ ဒီလောက်တောင်

www.burmeseclassic.com

www.burmeseclassic.com



ညည်းအတွေးအခေါ်တွေက တုံးနေရတာတုန်း…”

“ဟေး…တော်တော့နော်…ကျုပ်နာမည်ခွဲထည့်တာ ဒါနောက်ဆုံးဖြစ်ပါစေ”

“ထည့်မှာပဲ…ဆရာလာမလုပ်နဲ့…။ ဒီမှာ ဒေါ်နှိုင်းခကြယ်ရဲ့..။ တိုက်နဲ့ခြံ လက်ဖွဲ့တယ်ဆိုတာ နည်းတဲ့ ပိုက်ဆံလား…။ ဒါ ညည်းတော်ရမယ့် ယောက္ခမလောင်းကြီး တွေရဲ့ တာဝန်ယူစိတ်ကို ဖော်ပြတာပဲ…။ ညည်းနော်… ညည်း…လူ့လောကအကြောင်း ဘာမှ နားမလည်ဘူး..။ ကျုပ် တုန်းကဆိုရင် ခြံနဲ့တိုက်မပြောနဲ့..။ အုတ်ခဲတစ်ခဲ၊ မြေကြီးတစ် ဆုပ်တောင် ယောက္ခမတွေဆီက ရလာခဲ့တာမဟုတ်ဘူး…”

“ပေါ်ပြီ…ဟုတ်လား မေမေ…”

“မင်း လိုရင်းကို တည့်တည့်ပြောတော့ စန္ဒာကြွယ်..။ အခုဟာက ငါ့ ရမ်းရှုံတင်မကဘူး…။ ငါ့အဖေနဲ့အမေပါ ပါကုန်ပြီ..။ အုတ်ခဲတစ်ခဲ ထည့်ပေးရအောင် မင်းက ရပ်ကွက် စတိတ်ရှိုးသွားကြည့်မှာမို့လား..”

နှိုင်းခကြယ် စိတ်ညစ်တဲ့ကြားက ရယ်ရတာ အူတွေ ကိုတက်လို့..။ ပေါက်ပေါက်ရှာရှာ ပြောလည်း ပြောတတ်တဲ့ ဖေဖေ…။

“ရှင်နော် ရှင်…။ စကားပြောတာ လူကြီးဆန်ဆန် ပြော..။ မော်ဒန်လို ပြောမယ်တွေ ဘာတွေ လာမလုပ်နဲ့..။ အ ကျုပ်က စကားကို ဒေါင်လိုက် ပြောနေမှာ မဟုတ်ဘူး..။ အ လျားလိုက်ပဲ ပြောမှာ..”



ဟိုက်ချ်…။

“ငါ လိုရင်းတိုရှင်းပဲ ပြောမယ် သမီး..။ လင်ရယ် မယားရယ် ဖြစ်လာရင် ပိုက်ဆံက အဓိကပဲ..။ ပိုက်ဆံများများ ရှိမှ အိမ်ထောင်ရေးက သာယာတာ။ ခိုင်မြဲတာ။ အခု အမေ ပြောတဲ့စကားက သမီးနားထဲ ခါးချင်ခါးနေလိမ့်မယ်။ အမေ့ အသက်အရွယ်ရောက်လာတော့ သမီး သဘောပေါက်လာမှာ ပေါ့”

“အမေရယ်… ကိုယ့်သမီးလေး ဒီအတိုင်းနေတာ.. နေပါစေလား..။ အိမ်ထောင်ပြုတယ်ဆိုတာ တဏှာပဲအမေ ..။ တဏှာအမျိုးအမည် ဘယ်လောက်ရှိတယ်ထင်လို့လဲ…။ ၁၀၈ မျိုးတောင်ရှိတာ…။ ဘယ်လောက် ရှုပ်ထွေးလိုက်သလဲ…”

“ဟေ…”

“ဟုတ်တယ်…အမေ..။ တကယ်..။ ကာမတဏှာ၊ ရူပတဏှာ၊ အရူပတဏှာအဲဒီသုံးပါးကို တည်…။ ရူပါရုံ၊ သဒ္ဒါရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ၊ ဂန္ဓာရုံ အဲဒီအာရုံ ၆ပါးနဲ့ မြှောက် …၁၈ပါးရတယ် အမေ…”

“ဟမ်…”

“အဲဒီ ၁၈ပါးကို တည်ပြီး အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလ ၃ပါးနဲ့ ထပ်မြှောက်… အမလေး..အမေရေ…၅၄ပါး တောင် ထပ်ရတာ..”

“အာ…ညည်းဟာ ဘာတွေတုန်း…”

“တဏှာတွေလေ..။ မပြီးသေးဘူး..။ အဲဒီ ၅၄ပါးကို

www.burmeseclassic.com

www.burmeseclassic.com



တည်၊ အဇ္ဈတ္တသဏ္ဍာန်နဲ့ ဗဟိဒ္ဓသ သဏ္ဍာန် ၂ပါးနဲ့ ထပ်မြှောက် ၁၀၈ပါး အမေ…။ ကြည့်… ဘယ်လောက်ကြောက်စရာ ကောင်းလိုက်တဲ့ တဏှာတွေလဲ…”

“ပြောစမ်း…ဒါတွေလည်း ညည်းအဖေ သင်ပေးထားတဲ့ ဆင်ခြေတွေပဲလား”

“ပါလာရပြန်ပြီလား‥ကျုပ်က‥”

“အဖေနဲ့ မဆိုင်ပါဘူး…အမေကလည်း ကိုယ့်ဟာကို လေ့လာထားတာပေါ့လို့…”

“ကဲ…ဒါဖြင့်ငါ့ကို ပြတ်ပြတ်သားသားပဲပြော‥။ အိမ်ထောင်ပြုဖို့ စိတ်ကူးရှိသလား‥။ ရိပ်သာဝင်ဖို့ စိတ်ကူးရှိလား…။ ဒီ နှစ်မျိုးဘယ်ဟာလုပ်မှာလည်း ပြတ်ပြတ်သားသား ပြောတော့…”

ကြာတော့ စာရေးဆရာကြီး လုံးဝ နားသည်းညည်းမခံနိုင်တော့။

ဖတ်ချင်ယောင်ဆောင်နေတဲ့ အသင်သူစာအုပ်ကို ဒေါသနဲ့ ဆတ်ကနဲ စားပွဲပေါ် ချလိုက်ပြီး…။

“ဒီတစ်ခါတော့ ကျုပ်ဝင်ပါရတော့မယ် စန္ဒာကြွယ်‥။ **မင်းစကားတွေ** တော်တော်ဖောင်းနေပြီ…”

“**အိုတော်**…ကျုပ်စကားက ဘာ ဖောင်းနေရလို့လည်း…”

“လောကမှာ အဖြူနဲ့အမဲနှစ်မျိုးပဲ ရှိတာမဟုတ်ဘူး။ ဒါကြောင့် အဖြူလုပ်မလား…။ မလုပ်နိုင်ရင် အမဲလုပ်ရမယ်



ဆိုတဲ့ စကားတော့ မင်းမပြောနဲ့…”

“နို့…ကျုပ်က ဘယ်လိုပြောရမှာတုန်း‥”

“**မှတ်ထား…။ အဖြူနဲ့အမဲကြားမှာ မီးခိုးရှိသေးတယ်။ ဖြူမှာလား မဲမှာလားတော့ လာမလုပ်နဲ့…။ မီးခိုးလုပ်လို့ ရသေးတယ်…**”

“မြတ်စွာဘုရား…မီးခိုးလား…။ အိုးမဲလား…။ သမီးကို အိုးမဲလုပ်ခိုင်းပြီး ကျုပ်မျက်နှာသုတ်ခိုင်းနေတာလား‥”

“ဘယ်ဆိုးလဲ…။ မင်းတောင် စကားဆန်းဆန်းတွေ သုံးတတ်နေပြီ…။ သမီး…နှိုင်းခ‥”

“ဟုတ်…”

“လောကမှာ Yes မဟုတ်တိုင်း No မမည်ဘူး သမီး။ ဒီလိုပဲ…No မဟုတ်တိုင်း Yes လို့ သတ်မှတ်လို့ မရဘူး‥”

“ရှင်‥ဟုတ်…”

တွေ့လား…။ နှိုင်းခ ဖေဖေ့ကို အထင်ကြီးတာ အဲလိုမျိုးလေးတွေကြောင့်။ တစ်ခါတလေ ဖေဖေ့ဆီက ကြားရတတ်တဲ့ ဒဿနစကားဆန်းဆန်းလေးတွေဟာ မွန်းကျပ်နေတဲ့ ဘဝကို ထိုသို့ ထွက်ပေါက်လှလှလေးတွေ ပေးတတ်ပြန်သည်။

“Yes နဲ့ No နဲ့ကြားမှာ Fuzzy ဆိုတာ ရှိသေးတယ် သမီး…။ သမီးကို ဖေဖေစာအုပ်တစ်အုပ် ပေးဖတ်မယ်။ အဲဒီ စာအုပ်ဖတ်ပြီးသွားတဲ့ အချိန်ကျမှ ဘဝလက်တွဲဖော် ရွေးချယ်တဲ့ အခါ သမီးကြိုက်သလို ဆုံးဖြတ်ပေါ့…ဟုတ်ပြီလား‥”

“ဟုတ်…”

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ရက္ကနိက သူ့ရဲ့စာအုပ်စင်ကြီးထဲကနေ Fuzzy Logic အဆိုတဲ့ စာအုပ်တစ်အုပ်ကို သမီးဖြစ်သူဖတ်ဖို့ ပေးလိုက်၏…။

မွေးသမီးခင်ကြီးရဲ့ မျက်စောင်းကတော့ ဒိုင်းကနဲပဲ…။

(7)

ကြာပြီ…။

ကြာတော့ ကြာခဲ့ပြီ…။

ဥရောပ အလယ်ခေတ်လောက်တုန်းကပေါ့…။

သိပ္ပံပညာရှင်ကြီး ဂယ်လီလီယိုဟာ ကမ္ဘာကျော် ပီဆာ မျှော်စင်ကြီးပေါ် တက်သွား၏…။ (စိတ်ညစ်ပြီး မျှော်စင်ပေါ် ကခုန်ချမလို့တော့ မဟုတ်ပါ…)

သူဟာ ဂရိဒဿနပညာရှင်ကြီးတစ်ယောက်ရဲ့ အဆိုကို မှားယွင်းကြောင်း သက်သေပြဖို့ ပီဆာမျှော်စင်ပေါ် တက်သွား ရခြင်းပါ…။

လက်ဗလာချည်းလည်း မဟုတ်…။

တစ်ပေါင် အလေးချိန်ရှိသည့် အလေးတုံးတစ်တုံးနှင့် ဆယ်ပေါင် အလေးချိန်ရှိသည့် အလေးတုံးတစ်တုံးကိုင်ကာ၊ ပီဆာမျှော်စင်ပေါ်လည်း ရောက်ရော အခုလို ပြောလေ၏။

"ကဲ…ဟောဒီအလေးတုံးနှစ်တုံးကို မျှော်စင်ပေါ်ကနေ

www.burmeseclassic.com

www.burmeseclassic.com



ကျူပ် ပြိုင်တူပစ်ချပြမယ်၊ အလေးချိန်မတူတဲ့ အလေးတုံး နှစ်တုံးဟာ မြေကြီးပေါ်ကို ပြိုင်တူပဲကျရောက်သွားပါလိမ့်မယ်၊ ဟို ဂရိဒဿနပညာရှင်ကြီးရဲ့ အဆိုအရဆိုရင်တော့ ဆယ်ပေါင်အလေးတုံးက ကမ္ဘာ့မြေပြင်ပေါ် အရင်ကျရောက်ပြီး၊ တစ်ပေါင်အလေးတုံးကျတော့ နောက်မှ ကျရောက်မှာ တဲ့ဗျ…၊ အဲဒီအဆိုဟာ မဟုတ်ပါဘူး၊ လုံးဝတလွဲကြီးပါ…"

ဒီတော့လည်း အီတလီ နိုင်ငံသူ၊ နိုင်ငံသားတွေခမျာ အုန်းအုန်းကျွတ်ကျွတ် ဖြစ်သွားလေသတည်းပေါ့…။

ဂယ်လီလီယိုကြီး အလေးတုံးနှစ်တုံးကို ပြိုင်တူလည်း ပစ်ချပြီးရော အားလုံးဟာ 'ဟင်'ကနဲ'ဟာ'ကနဲ ဖြစ်သွားကြရပြီပေါ့…။

သူတို့ အထင်နဲ့ အမြင် လုံးဝ လွဲမှားသွားခဲ့ရပြီလေ…။

မတူညီတဲ့ အလေးချိန်ရှိတဲ့ အလေးတုံးနှစ်တုံးဟာ ကမ္ဘာ့မြေပြင်ပေါ် ပြိုင်တူပြုတ်ကျသွားကြပြီမို့လား…။

ဂယ်လီလီယိုကြီးဟာ သူ့သက်သေပြမှုအပေါ် ကျေနပ်စွာ ပြုံးလိုက်ရင်း…

"ကဲ…ဘယ်လိုတုန်း…ကျူပ် သက်သေပြချက်ကို ခင်ဗျားတို့ ယုံပြီ မဟုတ်လား…၊ တကယ်တော့ တစ်ပေါင်အလေးတုံးရော၊ ဆယ်ပေါင်အလေးတုံးရောဟာ ကမ္ဘာ့မြေပြင်ပေါ် ပြိုင်တူ ပြုတ်ကျခဲ့ကြတာ ခင်ဗျ"

လူအများက သူ့ကို ထောက်ခံသွားကြလိမ့်မည်ဟု ဂယ်လီလီယိုက ထင်ထားခဲ့သည်။



သို့သော် တကယ့်တကယ်မှာတော့ ထိုသက်သေပြပွဲကြီးကို လာရောက်ကြည့်ရှုကြသူ လူအပေါင်းမှာ ဂရိဒဿနပညာရှင်ကြီး၏ ကျမ်းစာအုပ်များကို ပြန်လည် လှန်လှောဖတ်ရှုကြပြီး…

"ဂရိဒဿနပညာရှင်ကြီး ရေးထားတာနဲ့ ဂယ်လီလီယို ပြောတာ မကိုက်ပါလား…၊ ဒါဆို ဂရိဒဿနပညာရှင် ပြောတာသာ အမှန်ဖြစ်မှာပေါ့" လို့ ကောက်ချက်ချသွားကြလေတော့၏။

ဂယ်လီလီယိုကြီး များစွာ ကျွတ်ကျဲသွားရလေတော့သည်။

ထိုသို့ လူသားများအပေါ် လွှမ်းမိုးထားနိုင်သည့်(ရုံဖန်ရုံခါ) သောက်တလွဲတွေ ဖြစ်တတ်သော ဂရိဒဿနပညာရှင်ကြီးမှာ မည်သူလို့ သင်တို့ ထင်ပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com

## (၈)

ကော်ပါနီးကပ်(စ်) (Copernicus) အတော်လေး တင်းနေသည်။

အကြောင်းမှာ နက္ခတ္တဗေဒ တွေ့ရှိချက်တစ်ခုဖြစ်တဲ့ နေကို ကမ္ဘာနှင့်ဂြိုဟ်များက လှည့်ပတ်လျက်ရှိကြောင်း ကြေ ငြာလိုက်သောအခါ သူ့အဆိုကို မည်သူမှ အယုံအကြည် မရှိ သောကြောင့် ဖြစ်၏။

ဒီတချိမှာလည်း ရှေးခေတ်ဂရိဒဿနပညာရှင်ကြီးရဲ့ အဆိုက လူအများအပေါ် လွှမ်းမိုးထားဆဲဖြစ်ပြန်သည်။

ထိုအဆိုမှာ…နေကို ကမ္ဘာက လှည့်ပတ်နေခြင်းမ ဟုတ်၊ နေကသာကမ္ဘာကို လှည့်ပတ်နေခြင်းဖြစ်၏…ဆိုပဲ…။

ကော်ပါနီးကပ်(စ်)ဟာ ထိုပညာရှင်ကြီးရဲ့ အဆိုကို မှားယွင်းကြောင်း သက်သေပြနိုင်ရန် သင်္ချာပုံသေနည်းများ အဆင့်ဆင့်သုံး၍ တွက်ချက်အဖြေထုတ်ပေးလိုက်၏။

သူ့အဆို အောင်မြင်သလား၊ မအောင်မြင်ဘူးလားတော့



မသိ…။

ထို ဂရိဒဿနပညာရှင်ကြီးရဲ့ သောက်တလွဲ အယူအ ဆကိုသာ ထိုခေတ် ထိုအခါက တက္ကသိုလ်တွေမှာ သင်ရိုးညွှန်း တန်းအဖြစ် ဆက်လက်ပြဋ္ဌာန်းခဲ့ရာ…

ကော်ပါနီးကပ်(စ်)များစွာ ကျွတ်ကျဲသွားရပြီး သင်္ချာ ပါမောက္ခရာထူးမှ နုတ်ထွက်သွားလေတော့သည်။

ထိုသို့ ကော်ပါနီးကပ်(စ်)နှင့် ဂယ်လီလီယိုတို့၏ မှန် ကန်သော အဆိုပြုချက်များကို ဒုက္ခပေးခဲ့သူ ဂရိဒဿနပညာရှင် ကြီးမှာ မည်သူလို့ သင်တို့ ထင်ကြပါသလဲ…။

www.burmeseclassic.com

www.burmeseclassic.com

## (9)

ထိုဘဲကြီးမှာ တစ်ခြားသူတော့မဟုတ်...။

အရစ္စတိုတယ် (Aristotle)သာ ဖြစ်လေတော့၏။

သမိုင်းအရ ပြောရရင် ကမ္ဘာပေါ်တွင် ပထမဆုံး ပေါ်ပေါ်ခဲ့သော ယုတ္တိဗေဒ (Logic)ကို အရစ္စတိုတယ်မှ စတင်ခဲ့ပြီး၊ ယနေ့တိုင် သင်တို့ ကျွန်ုပ်တို့အပေါ် ထိုဘဲကြီး၏ အတွေးအခေါ်များကသာ လွှမ်းမိုးနေရာယူလျက် ရှိချေတော့သည်။

ဥပမာတစ်ခုကို ပြောပါမည်။

မောင်ဘသည် အရက်သမားတစ်ယောက်ဖြစ်၏။ ထို့ကြောင့် သူသည် ဆိုး၏။

မမြသည် မိဘကို လုပ်ကျွေးပြုစုသူ ဖြစ်၏။ ထို့ကြောင့် သူမ လိမ္မာ၏။



ဒါဟာ ကျွန်ုပ်တို့ လူသားတိုင်း အားလုံးလိုလို လက်သင့်ခံပြီးသားဖြစ်တဲ့ (အရစ္စတိုတယ်ရဲ့) ဖီလော်ဆော်ဖီတစ်ခုပင် ဖြစ်သည်။

ကြီးကြီးကျယ်ကျယ် ပြောကြကြေးဆိုရင် Law of excluded middle ဆိုပါတော့...။ အမှန်နဲ့အမှား ပြိုင်တူ မဖြစ်ခြင်း နိယာမ...။

ကျွန်ုပ်တို့ အားလုံးသည် အရစ္စတိုတယ်ကြီးကို ဆရာတင်ခဲ့မိ၍ ငါးပါးမှောက်နေကြမှန်းလည်း မသိကြချေ။ true ဆိုလျှင် false မဟုတ်၊ false ဆိုလျှင် true မဟုတ်ဟု ဖင်ပိတ်ငြင်းလာကြသည်မှာ နှစ်ပေါင်း ထောင်ချီလာခဲ့လေပြီ။

သူဟာ ကော်ပါနီးကပ်(စ်)နဲ့ ဂယ်လီလီယိုကို ဒုက္ခပေးခဲ့ရုံအားမရဘဲ ကျွန်ုပ်တို့ကိုပါ ဒုက္ခလှလှပေးခဲ့ပါသည်။ အတော်ဆိုးတဲ့ အရစ္စတိုတယ်ကြီးပင်...။

မောင်ဘဟာ အရက်သမားတစ်ယောက်ဖြစ်သည် ဆိုလင့်ကစား သူတပါးပစ္စည်းဥစ္စာကို မခိုး။ ခိုးခွင့်ကြုံလျှင်တောင် မခိုး။ တန်ဖိုးကြီး ပစ္စည်းတစ်ခု ကောက်ရသည်ဆိုလျှင်တောင် ပိုင်ရှင်ဖြစ်သူထံ အရောက်သွားပို့တတ်သူ တစ်ယောက်ဖြစ်သည် ဆိုပါမူ မောင်ဘကိုလူဆိုး သတ်မှတ်မည်လား။ လူကောင်းသတ်မှတ်မည်လား...။

မမြဟာ မိဘကိုလုပ်ကျွေးပြုစုသူတစ်ယောက်ဆိုပေမယ့် အချိုကြီး ပွဲပေါက်တိုးဖို့ ကြံနေသူတစ်ယောက်ဆိုပါတော့...။ ဂွင်တစ်ခုကို စောင့်နေသူတစ်ယောက်ဖြစ်ပြီး၊ တရုံးသည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ မတရားသည်ဖြစ်စေ ဝင်ထဲဝင်လာလျှင် အပီရိုက်ပစ်လိုက်မည်လို့ ဆင်ကြံကြံထားသူ တစ်ယောက်ဖြစ်ခဲ့လျှင် မမြကို လူဆိုးသတ်မှတ်မည်လား။ လူကောင်းသတ်မှတ်မည်လား…။

တကယ်တော့ မောင်ဘရော မမြပါဟာ အဆိုးနဲ့အကောင်းကြားက တစ်ဝက်မှန်တစ်ဝက်မှား လူသားတွေချည်းပါ။ ကျွန်ုပ်တို့ရဲ့ လောကကြီးမှာ ၉၉%လောက်က အဲဒီလို လူတွေနဲ့ချည်း ဖွဲ့စည်းထားကြတာပင်..။

သင်တို့လည်း မှတ်ထားကြပါ…။

လောကကြီးမှာ trueနဲ့ false နှစ်မျိုးသာ ရှိနေခြင်းမဟုတ်။

true နဲ့ false ကြားထဲမှာ fuzzy ရှိပါသည်။

fuzzy ဆိုသည်မှာ တစ်ဝက်မှန် တစ်ဝက်မှား ကြားနေသဘော ဖြစ်၏။

တကယ်တော့ သူမရဲ့ ချစ်သူဟောင်းမှာ လုံးဝ လွဲမှားနေသည့် လူတစ်ယောက်မဟုတ်ဘဲ fuzzy man တစ်ယောက်ဖြစ်နေမှန်း ဖခင်ပေးအပ်လာတဲ့ fuzzy logic စာအုပ်ဖတ်အပြီးမှာ သူမ ကောင်းကောင်းသဘောပေါက်လာလေတော့သည်။

## (10)

"ပညာရှေ့အိုး လူမခိုး"လို့ ပြောနေကြသူများ သင့်အနီးအပါးတွင် ရှိပါက ခေါ်လာခဲ့ပါ…။

နရင်းနှစ်ချက်ရိုက်ပြီးမှ ပြန်လွှတ်ပေးပါမည်။

သင်ရောက်နေသောခေတ်မှာ နည်းပညာ ပြိုင်ဆိုင်မှု ပြင်းထန်သောခေတ် ဖြစ်၏။

နည်းပညာ ခိုးယူသုံးစွဲမှုကြောင့် Apple ကို ဒေါ်လာသန်း ၂၉၀ ပေးဆောင်ရန် Samsung ကုမ္ပဏီကို အမေရိကန်တရားရုံးတစ်ခုမှ ပြစ်ဒဏ်ချမှတ်လိုက်သည်။

အရှေ့တိုင်းသားရဲ့ အတွေးအခေါ်တိုင်းသာ စဉ်းစားရမည်ဆိုပါလျှင်…Samsung သည် သူတပါး၏ နည်းပညာကို ခိုးယူ၏။ ထို့ကြောင့် ဆိုးသွမ်းသည်။ ၄င်းတို့၏ ထုတ်ကုန်များ မသုံးသင့်တော့…။

တကယ်တော့လည်း ထိုသို့ ဖြစ်မလာခဲ့ပါ…။

၄င်း၏ နာမည်ဆိုးကို ၄င်း၏ကျော်ကြားမှုရှိသော ဖုံး

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းသွားပြီး Samsung ၏ရောင်းအားမှာလည်း ကျဆင်းမသွားချေ။

ဒါဆို Apple ကုမ္ပဏီက သူတော်စင်ကြီးတဲ့လား…။

လုံးဝ မထင်လိုက်ပါနှင့်…။

ကမ္ဘာကျော်တက္ကသိုလ်တစ်ခုမှ ပါမောက္ခတစ်ဦးသည် သူ၏ တွေ့ရှိချက်များအား Apple မှ တုပထားသည်ဟု ဆိုကာ တရားစွဲရန် ပြင်ဆင်လျက်ရှိကြောင်း အင်တာနက် သတင်းတွေထဲမှာ ပါလေသည်။

Fuzzy Logic ကိုဖတ်ပြီးသည့်နောက် သူမ အတော်လေး တွေးတတ်ခေါ်တတ် ရင့်ကျက်သွား၏။

မည်သူမှ ခြောက်ပြစ်ကင်း သဲလဲစင်တွေ မဟုတ်ကြ။

မည်သူမှ သူတော်စင်တွေ မဟုတ်ကြ…။

တစ်ယောက်နဲ့ တစ်ယောက် ခိုးချနေကြသည်။ တုပနေကြသည်။ ဩော်…အတုတွေ များလွန်းတဲ့ ကမ္ဘာ။

တချို့က ပိပိရိရိ…။ တချို့ကျတော့ မသပ်မရပ်…။

ဦးသူစံကြေး…။ အ၊ သူ ခံကြေး…။

ဒီကြားထဲ အင်တာနက် သတင်းတစ်ပုဒ်ကြောင့် သူမများစွာ တုန်လှုပ်မိရပြန်သည်။

ကမ္ဘာကျော် ဆွစ်ဇာလန်ကုမ္ပဏီ SBB ၏ နာမည်ကျော် နာရီဒီဇိုင်းကို တုပမှုကြောင့် Apple မှ စတာလင်ပေါင် ၁၃ သန်း ပေးဆောင်ရန် တရားသူကြီးများက အမိန့်ချမှတ်လိုက်ကြသည်…တဲ့…။



ကဲ…ပြော…

**Apple ဟာ true လား false လား…။ Samsaung ဟာ true လား false လား…။ အားလုံးဟာ true နဲ့ false ကြား လွန်းထိုးနေကြတဲ့ fuzzy များသာ…။**

အို…ဒါ…ဒါဆို…ငါ မောင့်အပေါ် ချမှတ်လိုက်တဲ့ ပြစ်ဒဏ်ဟာ သိပ်များပြင်းထန်သွားခဲ့ပြီလား…။

ကမ္ဘာကျော် အိုင်တီကုမ္ပဏီကြီးတွေတောင် မျက်နှာပြောင်ပြောင်နဲ့ နှစ်ပေါက်တစ်ပေါက်ရိုက်နေကြတာပဲလေ…။

မျောက်တစ်ကောင်ရဲ့ အိုင်ဒီယာကို အသုံးချသွားတဲ့ မောင့်မှာ တကယ်ရော ကြီးလေးတဲ့ အပြစ်ရှိပါရဲ့လား…။

ငါ..ငါ..မှားများ မှားခဲ့ပြီလား…။

www.burmeseclassic.com

www.burmeseclassic.com

## (11)

တိုးဝင်လာတဲ့ လေညှင်းတွေထဲ ပင့်သက်အပူတွေ တအိအိ ပြိုဆင်းသွားကြသည်။ ကောင်းကင်မှုန်မှုန်မှာ အလင်းတွေ ငွေ့ဝါးသွာလိုက်ကြတာ မီးပွင့်မတတ်ပါပဲ‥။

ရပ်၊ ကြည့်၊ သွား စနစ်တပ်ဆင်မထားတဲ့ လူ့လောကကြီးထဲမှာ ကိုယ်ဟာ လူကူးမျဉ်းကျားကို မှီခိုတတ်လွန်းတဲ့ ခရီးသွားတစ်ယောက် ဖြစ်ခဲ့ရပြီလား။

စပျစ်သီးတွေ မမှီပေမယ့် မခါးပါဘူးလို့ ပြောခဲ့တာ များလား အချစ်ရယ်။

အတိတ်ဟာ နှင်းတွေ ပိန်းပိတ်နေဆဲပေါ့…။

လွမ်းတယ်…။

တစ်ချိန်က ငါ့ မြေခွေးကလေးကို လွမ်းတယ်‥။

ပုံပြင်ထဲက စပျစ်ပင်ကြီးနားမှာပဲ သူ ထိုင်စောင့်နေဆဲလား…။

ကိုယ့် ဒဏ်ရာအဟောင်းနေရာမှာတော့ ဒီနေ့ နှင်းဆီ



ပန်းကလေးတစ်ပွင့် စ,ပွင့်တယ်။ မင်းရင်ဘတ်ထဲမှာလည်း နမ်း ရှိုက်ချင်နေတဲ့ နှုတ်ခမ်းတစ်စုံဟာ စွတ်စိုနွေးထွေးနေဆဲပဲလို့ ကိုယ်ယုံကြည်တယ်။

*နှိုင်းခ…မင်းသိပ်ဒေါသထွက်နေရင် စကားအများကြီး မပြောပါနဲ့ဦးလား…။ ဒီကမ္ဘာပေါ်မှာ ရှိသမျှ လူဆိုးတွေကို မင်း စစ်တမ်းကောက်ကြည့်လိုက်။ ဘယ်အကောင်မှ ငါ လူဆိုး လုပ်မယ်ဟေ့ ဆိုပြီး လူ့လောကထဲ ဝင်လာကြတာ မဟုတ်ဘူး‥။ အခြေအနေ အချိန်အခါပေါ်လိုက်ပြီးတော့သာ လူဆိုး ဖြစ်ကုန်ကြတာ…။*

ပါးပြင်ပေါ် ကြွေဆင်းလာတဲ့ မျက်ရည်တစ်စက်…

*ဒါတွေ တွေးရ ပြောရတာ မင်းမမောဘူးလား…။ အောင်မြင်မှုဆိုတာ လွယ်လွယ်ကူကူနဲ့ ကိုယ့်ဆီ ရောက်လာတတ်တယ်လို့များ မင်းထင်နေသလား…။ မျက်စိလည်လမ်းမှားပြီးပဲ ဖြစ်ဖြစ် ကိုယ့်ဆီတည့်တည့်ပဲဖြစ်ဖြစ် အောင်မြင်မှု ရောက်လာရင် မှိန်းပြီး ယူတတ်ရတယ်ကွ…။*

အရင်တုန်းကတော့ သိပ်မုန်းခဲ့တဲ့ စကားတစ်ခွန်းပါပဲ မောင်ရယ်…။

ခု…မောင့်ကို ကျွန်မ စာနာခွင့်လွှတ်တတ်လာခဲ့ပြီ‥။

*ငါ…မင်းကို စောင့်နေမှာနော်‥။ တစ်ချိန်ပြန်ရောက်လာတဲ့အထိ ငါ မင်းကိုစောင့်နေမှာ…။*

တကယ်…တကယ်လား…ဟာင်…မောင်…။

ကျွန်မ မောင့်ရင်ခွင်ထဲ ပြန်လာခဲ့မယ်…။ မောင်

www.burmeseclassic.com

www.burmeseclassic.com



စောင့်နေမှာလား....။

စိုစွတ်နေတဲ့ ပါးပြင်ပေါ်က မျက်ရည်တွေကို လက်ခုံနဲ့ ကြမ်းကြမ်းသုတ်ပြီး သူမ ဆတ်ကနဲ ထလိုက်ချိန်မှာပဲ...

"ဟင်...ဖေဖေ.."

လူငယ်တွေအပေါ် နားလည်နိုင်စွမ်းရှိလွန်းတဲ့ အပြုံးတစ်ပွင့်နဲ့ ဖေဖေဟာ သူမရှေ့ဖြုန်းစားကြီးရောက်လာပြီး...

"ရော့...ဟောဒါ...ကားသော့လို့ ခေါ်တယ်..."

ဟာ..။ ကြည့်..လုပ်ပြီ...။

မော်ဒန်ဆရာကြီးပီပီ နမိတ်ပုံတစ်ခုကို လှလှပပထုတ်သုံးသွားပြန်ပြီ။

"အဲဒီ ကားသော့ သမီးက ဘာလုပ်ရမှာလဲ..."

တကယ်က သူမ ထိုသို့ ပြောချင်တာမဟုတ်...။

"ဖေဖေ...သမီးကို ဘယ်အချိန်ကတည်းက ခိုးကြည့်နေတာလဲ...။ Fuzzy Logic စာအုပ်ပေးပြီး ရည်စားဟောင်းဆီရောက်အောင် ဖေဖေတွန်းပို့တယ်။ ဖေဖေမကောင်းဘူး။ လူဆိုးကြီး...ပေး..။ ကားသော့...။ သမီး မောင့်ဆီလိုက်သွားလိုက်တော့မယ်.."

စသဖြင့်...။ စသဖြင့်...။ သူမ ပြောချင်နေမိသည်။

ပိုးပိုးပေါက်ပေါက် ကျဆင်းလာတဲ့ မျက်ရည်တွေနဲ့မို့ သူမ မနေတတ်မထိုင်တတ် ရှက်ကိုးရှက်ကန်းလည်း ဖြစ်နေသည်။

"ဘာလုပ်ရမလဲဆိုတာ သမီးသိပါတယ်..။ အဲဒီကား



သော့က ကားမောင်းဖို့လေ...။ အသင်သူ့ဆီ လိုက်သွားလိုက်ပါ သမီး...။ ချစ်သူချင်းချင်း တကယ်ချစ်ကြပါရက်နဲ့ နားလည်မှုအလွဲအမှားလေးတစ်ခုကြောင့် ဝေးကွာသွားကြမှာမျိုး ဖေဖေမလိုလားဘူး...။ ဘယ်နှလုံးသားကိုမှ ဒဏ်ရာမရစေချင်ပါဘူး သမီးရယ်...။ သူဟာ အနုပညာသမားစစ်စစ်ပါ သမီး...။ ဝဲကတော့တစ်ခုကြောင့် ဦးတည်ချက် တိမ်းစောင်းသွားရတာပါ။ တကယ်ချစ်သူပီသတဲ့ စိတ်ရှိတယ်ဆိုရင် သမီးတည့်မတ်ပေးနိုင်ရမှာပေါ့...။ သမီးလုပ်နိုင်မှာပါ..."

"ဟင့်..."

ဖခင်၏ အားပေးစကားကြောင့် သူမ အင့်ကနဲ ဝမ်းနည်းသွားရပြန်သည်။

ဟုတ်တယ်..။ တကယ်ဆို မောင့်ကို လူကောင်းတစ်ယောက်ဖြစ်လာအောင် ငါ ဆွဲဆောင်ကြည့်ခဲ့သင့်တယ်။

ငါ ဘာ့ကြောင့်များ ရှောင်ပြေးခဲ့မိပါလိမ့်...။

အချိန်တွေ...။ အို...အချိန်တွေ အများကြီး ငါ ဖြုန်းတီးမိခဲ့ပြီလေ။

ဖခင်ဖြစ်သူထံမှ ကားသော့ကို ဆတ်ကနဲ ယူလိုက်ချိန်မှာပင်...

"သမီး... .... ..."

ကြေကွဲဆို့နင့်စွာ ခေါ်ဆိုလိုက်တဲ့ မွေးသမိခင်ကြီးရဲ့ အသံ...။

"ဟင်...မေမေ..."

www.burmeseclassic.com

www.burmeseclassic.com



သွားပြီ… အခြေအနေတွေ ရှုပ်ထွေးကုန်ပြီထင်ပါရဲ့…။

မွေးသမိခင်က ကားသော့ကိုင်ရင်း ကြောင်ကြည့်နေတဲ့ သမီးဖြစ်သူကို ပြေးဖက်ကာ သည်းသည်းထန်ထန် ငိုကြွေးပါလေတော့၏…။

ပြဿနာပဲ…။ ဒီဇာတ်လမ်းမှာ ကိုယ့်ကိုယ်ကိုယ် မင်းသမီးထင်ထားတာ မိခင်ဖြစ်သူက အကယ်ဒမီရွှေစင်ရုပ်ထုကို အတင်းဝင်လုသလို ဖြစ်နေလေပြီ…

ဘာလဲ… နှလုံးရောဂါအကြောင်းပြပြီး ဦးသိန်းနဲ့ အတင်းအကြပ် နေရာချထားတော့မှာလား…။ ဘုရား… ဘုရား…။

"အီး…ဟီး…ဟီး…အီး…ဟီး…ဟီး…"

"မေမေ…မေမေ… ဘာဖြစ်လို့လဲ…"

"ငါ့သမီးလေး… ရေတိမ်နစ်တော့မလို့…ရေတိမ်နစ်တော့မလို… အီး…ဟီး…ဟီး…"

သြော်…မွေးလာကတည်းက မိဘစကားမပယ်ရှားရဘူးဆိုတဲ့ နှောင်ကြိုးတွေ…။ အခုလည်း အဲဒီနှောင်ကြိုးနဲ့ လှကိုတုပ်၊ မျက်ရည်မိုးတွေ ရွာချပြီး ဦးသိန်းလက်အပ်တော့မလို့နဲ့ တူပါရဲ့…။

မေမေ အပျော့ဆွဲ ဆွဲလေပြီ…။

ဒါကို သားအဖနှစ်ယောက်စလုံး ကြိုတင်သိနေကြလေပြီ…။



"ကဲ…မင်းအဲလိုကြီး ငိုနေလို့ ငါတို့က ဘာလုပ်ပေးရမှာတုန်း… စနွားကြွယ်…။ ဘာဖြစ်လို့တုန်း…။ ဘာဖြစ်စေချင်တာတုန်း…"

ဆရာကြီး ရက္ခနီ ထိုသို့ ဘုဝင်တောလေတော့မှ…

"တော်ဘာသိလို့လဲ…။ ကျုပ်တို့ အရှက်ကွဲတော့ မလို့တော့်…။ ဘုရားကယ်လို့ ကံကောင်းလို့ အမလေး…သမီးရဲ့ နင်နဲ့ ပေးစားမလို့ဆိုတဲ့ ခင်မောင်မျိုးမင်းသိန်းလေ…"

"ဟင်…ဦးသိန်း ဘာဖြစ်လို့လဲ…"

"ဆေးဝါးအတုတွေ ရောင်းဝယ်သိုလှောင်မှုနဲ့ အဖမ်းခံလိုက်ရပြီတဲ့…။ အခုပဲ အမေ့သူငယ်ချင်း ကြူကြူထွေးဆီက ဖုန်းဝင်လာတယ်…"

"ဟာ… … …"

"အမေ မှားတာပါသမီးရယ်…။ အမေ့ကို ဗွေမယူပါနဲ့…။ ကိုယ့်သမီးကို ဆင်စီးမြင်းရံ ဖြစ်စေချင်လို့ စီးပွားရေးသမားနဲ့ သဘောတူလိုက်မိတာပါ…။ လက်စသတ်တော့ သင်းက အတုတွေနဲ့ လူဖြစ်နေတာကိုး…"

ငိုအားထက် ရယ်အားပင် သန်သေးတော့၏…။

ရင်ထဲက အလုံးကြီးလည်း ကျသွားရချေပြီ…။

"အမလေး…အမေရယ်…ငိုပြီး ပြေးဖက်လို့ ဦးသိန်းနဲ့များ ဖွတ်စီစဉ်တော့မှာလားလို့ သမီးဖြင့် စိတ်ပူလိုက်ရတာ…။ ဒါ ငိုစရာလား…။ ဒါ ရယ်စရာကြီး အမေရ…။ ရယ်စရာကြီး…သမီးအတွက်တော့ ရယ်ရမယ့် ကိစ္စကြီး အသား

www.burmeseclassic.com

www.burmeseclassic.com



ဟားဟား..''

''ကဲ..ခင်ဗျားကလည်း ဖယ်...။ ဖက်မထားနဲ့တော့...ဟိုမှာ သွားချင်နေပြီ...သွားပါစေ..''

''ဟင်..သမီးက ဘယ်သွားမလို့လဲ..''

ဆရာကြီးရက္ခနီမှာ မချိုမချဉ်မျက်နှာပေးနှင့်...

''မုန့်တိုင်းတွေ စဲသွားပြီ မဟုတ်လား..။ အခု လေပြေလာပြီလေ..။ ဘယ်သွားမလို့လဲဆိုတော့ သူ့ ချစ်သူဆီသွားမလို့ဗျ...။ ကျုပ်မနည်းကို တွန်းတွန်းတိုက်တိုက်နဲ့ ပြန်ပေါင်းထုပ်နိုင်းလိုက်ရတာ..''

''ဘာ...ဘာ...ဘာ...ပြန်ပေါင်းထုပ်နိုင်းလိုက်ရတာ ဟုတ်လား...မိကြယ်..။ ညည်းက ဘယ်တုန်းက မုန့်ဖက်ထုပ် ဖြစ်သွားရတာလဲ...''

''အခုပဲ...''

''ကဲပါ..ခင်ဗျား ဖယ်...။ ခင်ဗျားသမီးပဲ စိနေအောင် ဖက်မထားနဲ့...။ ကလေးသွားချင်တာ လွတ်လွတ်လပ်လပ်သွားပစေ...။ ခင်ဗျား..ဖက်ချင်ရင် ကျုပ်အားတယ်..။ ကျုပ်ဘယ်မှ မသွားဘူး..။ ကျုပ်လာဖက်...''

''အောင်မာ...''

ပိုင်ပါ့ my father ရယ်...။

မေမေ့လက်တွေ ပြေလျော့သွားတာနဲ့ တိုးထွက်လာခဲ့ပြီး ကားဆီသို့မ ပေါ့ပါးသောခြေလှမ်းများနှင့် လှမ်းလာခဲ့လေတော့သည်။



သုတ်ကနဲ တိုက်ခတ်သွားတဲ့ လေပြေတွေထဲမှာ အတိတ်ရဲ့အငွေ့အသက်တချို့က နွေးကနဲ ဖြစ်သွားလိုက်သေး၏...။

www.burmeseclassic.com

## (12)

ကြည့်··။

စောစောလေးကတင်ပဲ နေသာနေခဲ့သေးသည်။

ခုတော့ မိုးရွာလေပြီ··။ သည်းသည်းမဲမဲ···။

"ဘာမှ အစိုးမရတဲ့ ကမ္ဘာ···"

စီးကရက်မီးခိုးငွေ့များကို ရှိုက်ထုတ်လိုက်ရင်း၊ အဝေးသို့ လွင့်ပျံ့သွားစေရန် သူ့လက်နှင့်ပုတ်ထုတ်ကာ ခပ်တိုးတိုးလေး ညည်းတွားလိုက်မိလေ၏။

ငယ်ငယ်လေးကတည်းက လည်ပင်းဖက်ပေါင်းသင်းလာကြတဲ့ အေးကျော်နဲ့ညီချစ်ဇော်တို့နှစ်ယောက်လည်း မိုဘိုင်းဖုန်းဆိုင်တစ်ဆိုင် စပ်တူရှယ်ယာဖွင့်ရင်းကနေ စိတ်ဝမ်းကွဲသွားခဲ့ကြပြန်သည်။

အဲဒီကိစ္စနဲ့ ပတ်သက်ပြီး သဘော်သားဟန်ထွန်းနဲ့သူ့ကြားဝင်ဖျေစပ်ပေးခဲ့ပါသော်ငြား အဆင်ပြေမလာခဲ့···။

ဘယ်လိုမှ မရတော့···။



စာအုပ်လောကမှာလည်း ထိုနည်းလည်းကောင်းပင်··။

သစ်ရွက်ညိုပြာ မဒီဆူးနဲ့ နာမည်တွေကြီးချင်တိုင်းကြီးနေပြီး တကယ်တမ်း မဒီဆူးကို နိုးပြေးသွားသူက မျစ်ခ ဖြစ်နေလေတော့သည်။

မျစ်ခ ဘာ့ကြောင့်များ မဒီဆူးလို စာရေးဆရာမမျိုးကို နိုးပြေးရပါလိမ့်။

အပြင်မှာ မိုးတွေသည်းနေပြီ။ သူ့ပါးပြင်ထက်မှာ မျက်ရည်စီးကြောင်းတစ်ခု စီးဆင်းသွားသည် ထင်ပါ၏။

ဟုတ်တာပေါ့··။

မငိုဘူးလို့ အားတင်းထားပေမယ့်လည်း ဘယ်ရနိုင်ပါ့မလဲ···။

မိခင်ဖြစ်သူ (သူ့ဘာလုပ်လုပ် သူ့အပေါ် အထင်ကြီးမှုမရှိခဲ့သည့် မိခင်)ဆုံးပါးသွားတဲ့ အသုဘဖိတ်စာတစ်စောင် ဒီနေ့ သူ့ဆီရောက်လာခဲ့သည်ပဲ···။

ဒီတော့ ပါးပြင်ပေါ်က မျက်ရည်ဟာ ကောင်းကင်ပေါ်ကနေ မိုးနဲ့အတူရောပြီး ကြွေဆင်းရပြီပေါ့···။

မငိုချင်ဘူး···။ လုံးဝ မငိုချင်ဘူး··။

ခြောက်ခြောက်ကပ်ကပ် သူ့ရယ်မောပစ်လိုက်ပြန်သည်။

ကန့်ထရိုက်တိုက်ခန်းလေးရဲ့ အပြင်ဘက်မှာ မိုးရွာသံတွေ ဆူညံကောင်းဆူညံနေပါလိမ့်မည်။ အတွေးထဲမှာတော့ အိမ်မြှောင်တစ်ကောင် စုတ်ထိုးလိုက်တဲ့အသံနဲ့ သူ့ရဲ့ခြောက်ကပ်ကပ်

www.burmeseclassic.com

www.burmeseclassic.com



ရယ်မောသံကလွဲပြီး တိတ်ဆိတ်နေလေရဲ့

ထိုစဉ်…

"ဒေါက်…ဒေါက်…ဒေါက်…"

ခပ်ဖွဖွ တံခါးခေါက်သံလေးတစ်ခု…။

ဖွဖွမှ ဖွဖွလေးရယ်…။

နှစ်တွေ ဘယ်လောက်ပဲကြာကြာ…။ ဒီ တံခါးခေါက်သံလေးကို သူဘယ်မေ့နိုင်လိမ့်မလဲ…။ မောင်စောင့်နေတဲ့ အသံပဲကွယ်…။

ကြည့်…။

စောစောလေးကတင် နေသာပြီး ခု…မိုးရွာခဲ့ပြီ မဟုတ်ပါလား…။

အေးကျော်နဲ့ ညီချစ်ဇော်တို့ တစ်ယောက်နဲ့တစ်ယောက် ကြည့်မရလောက်အောင် မုန်းတီးခဲ့ကြပြီးမဟုတ်လား…။

မျစ်ခ ဟာ သစ်ရွက်ညိုလက်ထဲက မဒီဆူးကို ခိုးပြေးခဲ့ပြီ မဟုတ်လား…။

ဘာမှ အစိုးမရတဲ့ကမ္ဘာ…။ ဘာမှ အစိုးမရတဲ့ ကမ္ဘာ…။

"ဝင်ခဲ့လေကွယ်…။ ပြန်လာချင်တဲ့အချိန် ပြန်လာလို့ ရအောင် တံခါးတွေ သော့မခတ်ဘဲ စေ့ရုံလေးစေ့ထားတာ မင်း ထွက်သွားပြီးကတည်းကပါပဲ…"

# (13)

မသိလို့ မေးစမ်းပါရစေဦး…။

ကမ္ဘာပေါ်မှာ ငွေကြေးစနစ်ကို ဘယ်အချိန်လောက်က စပြီး တီထွင်အသုံးပြုခဲ့ကြတာပါလိမ့်…။

ငွေ…။ အို…ဟုတ်ပါရဲ့…။

စိတ်ချမ်းသာဖို့တော့ ငွေရှာကြတာပဲ…။ ပြည့်စုံချင်လို့ တော့ ငွေနောက်လိုက်ကြတာပဲ…။

ဒါပေမယ့် ငွေဆိုတဲ့ ပိုက်ဆံမှာ ကျိန်စာရှိတယ်ဆိုတာ လူတွေသိပ်သတိထားမိပုံမရဘူး…။ ဒါ့ကြောင့် ငွေများများရှိတဲ့ သူတွေဟာ မောက်မာကုန်ကြပြီး ငွေနည်းနည်းရှိတဲ့သူတွေဟာ သိမ်ငယ်ကုန်ကြတာ ဖြစ်လိမ့်မည်။

ငွေကြောင့် ချစ်သူချင်း၊ မိသားစုချင်း၊ ညီအစ်ကိုချင်း တံတိုင်းတွေခြားကုန်ကြရသည်။

တချို့လူတွေများ သနားစရာကောင်းလိုက်တာ ငွေဖို့ တစ်ခုတည်းနဲ့ လူ့လောကကြီးထဲ ရောက်လာကြသလို ရောက်

www.burmeseclassic.com

www.burmeseclassic.com



လာပြီး အချိန်တန်တော့ ပြန်ထွက်သွားကြရသည်။

အဲဒီလို လူစားတွေထဲမှာ အသင်သူရဲ့ မိခင်နဲ့ညီလေးလည်း အပါအဝင်ဖြစ်၏။

သူ့မိခင်ဟာ ရပ်ကွက်ထဲမှာ ကုန်စုံဆိုင်တစ်ဆိုင် ပိုင်ဆိုင်ပြီး သားတွေအပေါ် အတော်လေး မျှော်လင့်ထားပုံရသည်။

"မင်းတို့ နှစ်ကောင် စာကြိုးစားကြနော်..။ ကြီးလာရင် တစ်အိမ်က ချဉ်ပေါင်ဟင်းချက်ပြီး တစ်အိမ်က ကြက်သားဟင်းချက်တဲ့ အဖြစ်မျိုး ငါမကြားချင်ဘူး.."

အဲဒီလို ဘယ်ကနေ ကြားလာမှန်းမသိတဲ့ ကြားဖူးနားဝစကားတွေလည်း မကြာခဏ ပြောတတ်ပြန်သည်။

သူ သတိထားမိသလောက်ကတော့ သူ့ ညီလေးဟာ *ငယ်စဉ်ကတည်းက အတော့်ကို လည်လွန်းသည်။*

အဘွားအကြိုက်၊ အမေ့အကြိုက် နေပေးတတ်သည်။ ဒီကောင် အဖေ့ကိုတော့ သိပ်ခေါင်းထဲ ထည့်စဉ်းစားပေးလေ့မရှိ..။ (ဘယ် စဉ်းစားပါ့မလဲ..။ အမေ့စကားအရ ပြောရမည်ဆိုလျှင် အဖေဟာ မျက်စိလည် လမ်းမှားပြီး အိုးစွပ်ခွက်စွပ်ညားခဲ့ရတဲ့ ဆင်းရဲသားပေပဲ)

"ဘွားဘွားကြီး... ဒီမှာထိုင်...ဒီမှာထိုင်.."

"ဟော..ဘာလုပ်ပေးမလို့လဲ..မြေးလေးရဲ့.."

"သားသား နှိပ်ပေးမလို့..."

"လိမ္မာလိုက်တာ..။ သာဓု..သာဓု...သာဓု.."

ဒါ..ဒီကောင် သုံးနှစ်သားမှာကတည်းက စရှေ့တတ်



တဲ့ အကွက်တွေပဲ...။

လူ့အတွေးအခေါ်ဆိုတာမျိုးကလည်း ချိန်ခွင်လျှာများလိုပဲ.. တစ်ဖက်ကို အသာစီးပေးလိုက်ရင် တစ်ဖက်က အနိုတ်ခံလိုက်ရတဲ့ သဘောမျိုးမို့...

ဒီကောင်က အကွက်တွေများများ ရွှေ့တတ်လာလေလေ အသင်သူ့အတွက် ကြက်ခြေခတ်တွေက ပိုများလေလေ ဖြစ်ကုန်ရသည်။

"မိကျော့ကျော့ဝင်း...ညည်း နန္ဒသူလေး မွေးတာ မှန်တယ်အေ့..။ ဒီကလေးက ကြီးလာရင် အားကိုးရမှာ..။ ဟို တုံးတိုဘာဝေ အသင်သူတစ်ယောက်တည်းများ မွေးထားလို့ကတော့ ငါများသေသွားခဲ့ရင် ညည်းအတွက် စိတ်မအေးဘူးအေ.."

ကောင်းရော..။

ဒါ မကြားချင်အဆုံး ကြားနေရတဲ့ အဘွားဖြစ်သူက အမေဖြစ်သူကို သူ့ရှေ့ထားပြီး ပြောနေကြစကား..။

စ,စ ကြားကြားချင်းတုန်းက ကလေးတစ်ယောက်ရဲ့ နှလုံးသားနုနုထဲ သံရည်ပူလောင်းအထည့်ခံရသလို နာကျင်အောက်မျက်ရပေမယ့် ကြာတော့ သူ အရည်ထူသွားလေပြီ။

သံယောင်လိုက်ပြီး မေးခွင့်ရှိမယ်ဆိုရင် အခုလိုတော့ မေးလိုက်ချင်သား...။

*ဘာလဲ...သားကို မွေးတာ မှားသွားတယ်ပေါ့..။ သားက ကြီးလာရင် အားမကိုးရနိုင်ဘူးဆိုတဲ့ သဘောပေါ့..။*

www.burmeseclassic.com

www.burmeseclassic.com



*ညီလေးကို မမွေးဘဲ သားတစ်ယောက်တည်းပဲ မွေးထားရင် အမေ့အတွက် စိတ်ပူစရာကြီးပေါ့…ဟုတ်လား‥*

ဪ‥။ အသိရခက်လိုက်တဲ့ လူ့လောကကြီးရယ်‥။

အကွက်များများ ရွှေ့တတ်တဲ့သူသာ မျက်နှာပန်းလှကြေးတဲ့လား…။ ငါးနှစ်သားလေးနဲ့ ခါးခါးသီးသီး သိခဲ့ရတဲ့ အသိတစ်ခုလေ….။

# (13-a)

ဖေဖေ ဆုံးသွားတာက သူ့ဘဝရဲ့ ကံဆိုးခြင်း အစ…

သူ့ကို ဖေးဖေးမမနဲ့ နားလည်မှုပေးနိုင်တဲ့ လူတစ်ယောက် မိသားစုထဲက လျော့ကြသွားသည်လေ…။

အဲဒီနေ့က ညီလေးကလည်း သူ့လိုပဲ ဝမ်းနည်းနေလိမ့်မည် ထင်ပါသည်။ သူ့ရဲ့ ဝမ်းနည်းမှုကတော့ ညီလေးထက် အများကြီး ပိုပါသည်။

ဖေဖေဆုံးတော့ ကဗျာတစ်ပုဒ်ရေး ဖြစ်သည်။

အရင်က တစ်ကြောင်းခြစ်၊ နှစ်ကြောင်းခြစ်လောက်သာ ရေးခဲ့ဖူးပေမယ့် ဖေဖေဆုံးသွားတော့မှ ဝမ်းနည်းမှတ်တမ်းကို ကဗျာတစ်ပုဒ်အသွင် ရှည်ရှည်လျားလျားချ ရေးတတ်ခဲ့သည်။

သူ့မှာ အနုပညာဗီဇရှိနေပြီမှန်း ခြောက်တန်းအရောက်မှ ကောင်းကောင်းသဘောပေါက်လာခဲ့ရပြီး ကဗျာတွေ တစိုက်မတ်မတ်ရေးဖြစ်လာခဲ့သည်။

အဲဒီတုန်းက သူ့ကိုယ်သူ ပေးခဲ့တဲ့ ကလောင်နာမည်

www.burmeseclassic.com

www.burmeseclassic.com



က 'အရင်လူ'တဲ့။

'အရင်လူ'ဆိုတဲ့ ကကောင်နာမည်ကို သူ အင်မတန် နှစ်ခြိုက်မိသည်။ 'သားကြီးသြရသ'ကို ရည်ညွှန်း၍ ဖြစ်၏။

မှတ်မှတ်ရရ သူ ကဗျာစရေးတုန်းက အရမ်းကို ရှက် တတ်ကြောက်တတ်တဲ့ လူပျိုပေါက်အရွယ်..။

ရုပ်ကြမ်းဝါဒတွေ လွှမ်းမိုးနေတဲ့ သူတို့မိသားစုထဲမှာ သူကဗျာရေးရတာကိုပင် အပြစ်ရှိနေသယောင် ထင်မိ၏။

ဖတ်ပြီး လျောင်ကြ၊ ဟားကြ၊ ဆူကြမှာ စိုးသဖြင့် ကဗျာတွေကို အိမ်သားတွေ မမြင်အောင် ခိုးဝှက်ထားသော်လည်း အသွက်လွန်နေသူ ညီလေးမှာ ရသလောက်ဆွဲထုတ်ပြီး သူ့ကွယ် ရာမှာ အမေ့ကို ပြကာချွန်တွန်းလုပ်ထားသည် ထင်ပါသည်။

ဘာ့ကြောင့်မှန်း မမှတ်မိတော့ပေမယ့် ထိုနေ့က ညီလေးကျောင်းမတက်ပါ..။ ကျောင်းဆင်းလို့ သူ အိမ်ပြန် ရောက်ရောက်ချင်းမှာပဲ အမေနဲ့ညီလေးဟာ တစ်ယောက်နဲ့တစ် ယောက် ဇာတ်တိုက်ထားသလို ဂျက်ကျူလက်ကျူစကားများပြော ကာ လျောင်သလို၊ ဟားသလို ဖြစ်နေကြမှန်း သူသဘောပေါက် ခဲ့လေသည်။

"ဟဲ့..နောက်လူ.."

"ဗျာ..အမေ..."

"ဘာတွေ ခိုးကြောင်ခိုးဝှက်လုပ်နေတာတုံး..."

"လုပ်ပါဘူး အမေရ...ဗိုက်ဆာလို့ ကြောင်အိမ်ဖွင့် ကြည့်နေတာ..အဟီး"



ညီလေးကို 'နောက်လူ'လို့ ခေါ်လိုက်တဲ့အချိန်မှာပဲ သူ့ခေါင်းကို မိုးကြိုးပစ်လိုက်သလို ထူပူမူးနောက်သွားရပြီ..။

သေချာပြီ...။ ဒါဟာ 'အရင်လူ'ဆိုတဲ့ သူ့ကလောင် ကို ညီလေးနဲ့ပေါင်းပြီး ဒေါက်ဖြုတ်ကြပြီလေ။

ဖွက်ပြီး သိမ်းဆည်းထားတဲ့ ကဗျာတွေကို ဘယ်လိုတွေ့ သွားတာလဲ..။ အမေတော့ မဖြစ်နိုင်...။ နေရာတကာမှာ အသွက်လွန်ပြီး အမြင်ကတ်ချင်စရာပါ ကောင်းလာတဲ့ ညီလေး ပဲ ဖြစ်ရမည်။

စိတ်မလုံခြုံခြင်း ဝေဒနာကို သူစတင်ခံစားလာတတ် ပြီ.။

နောက်တော့ အမေက လျောင်သလို ဟားသလိုနှင့်..

"ဟဲ့..ရှော့ရှော့..ဒီနေ့ တို့သားအမိတွေ အိမ်ရှင်းကြ ရင်းနဲ့ ဒါတွေထွက်လာတာ။ စာများ အဲလိုကြိုးစားလို့ကတော့ နင်ပထမရမယ်သိလား..။ အရင်လူလို့ နာမည်ပေးချင်ရင် ဘိတ်ချီးမဖြစ်အောင်တော့ ကြိုးစား...။ နော်...။ တစ်အိမ်က ချဉ်ပေါင်ဟင်းချက်ပြီး တစ်အိမ်က ကြက်သားဟင်းချက်ရတဲ့ အဖြစ်မျိုး ငါမြင်ချင်ဘူး.."

"ဟား...ဟား...ဟား...ဟား.."

အမေက ကဗျာစာရွက်များ သူ့အား,ပေးစဉ် ညီဖြစ်သူ က တဟားဟားအော်ရယ်လေတော့၏..။

လုပ်ကြပေါ့ကွာ...။ မင်းတို့ဓာတ်ပဲ...။

www.burmeseclassic.com

www.burmeseclassic.com

. . . ၂၄ နာရီ . . .

**လလေးက သာသာ**
**လေလေးက ဟူးဟူး**
**ကြည်နူးမိတယ်လေး . . .။**
**တိမ်လေးက ပြာပြာ**
**နေခြည်က နွေးနွေး**
**စံပယ်နံ့ တမွှေးမွှေးနဲ့**
**စောင်ခြုံလို့ ကွေး . . .။**

**အရင်လူ**

(အခုအချိန် ပြန်ဖတ်ကြည့်တော့လည်း ကဗျာလေးက ချစ်စရာလေးပါ။ ဒါပေမယ့် အဲဒီအချိန်တုန်းကတော့ အရှက်အခွဲခံလိုက်ရလို့လားမသိ . . .။ ၂၄ နာရီဆိုတဲ့ ကဗျာကိုရော၊ အရင်လူဆိုတဲ့ ကလောင်ကိုပါ အမုန်းကြီးမုန်းသွားမိတော့သည်။

သင်တို့ လူကြီးဖြစ်ကြတဲ့ အချိန်မှာ ကလေးတစ်ယောက်ရဲ့(ဒါမှမဟုတ်)လူငယ်တစ်ယောက်ရဲ့ လုပ်ရပ်ကို မချိုးကျိုးချင်ရင်တောင် မကဲ့ရဲ့ဖြစ်အောင် ဂရုစိုက်ပေးပါ။ လူငယ်တစ်ယောက်ရဲ့ နဂိုမူလ အကြည်ရောင်လေး သင့်ကြောင့် မညစ်ထေးမိပါစေနှင့်)

(13-b)

ညီလေးကို လျော့တွက်လို့ မရနိုင်မှန်း သူ တစတစ ရိပ်မိလာသည်။ ဒီကောင်က မိခင်အလိုကျ စာလည်း ကြိုးစားပြသည်။ အတန်းထဲမှာ အဆင့်တစ် မချိတ်သော်ငြား တစ်ကနေ ဆယ့်ငါးအတွင်းတော့ ဒီကောင်ဝင်၏။

သူကတော့ ညီလေးလောက် စာမတော်။

ကြီးကြီးကျယ်ကျယ်ပြောရရင် သူများ ပြဋ္ဌာန်းပြီးသား သင်ခန်းစာတွေ ကျက်မှတ်လေ့လာနေရမယ့်အစား ကိုယ်ကိုယ်တိုင်ပဲ သင်ခန်းစာအသစ်တွေကို တီထွင်ဖန်တီးပစ်လိုက်ချင်သည်။

သူ Creation ကို ကောင်းကောင်းနားလည်နေပြီ။ အထူးသဖြင့် အနုပညာအပိုင်းမှာပေါ့ . . .။

ဒီလိုနဲ့ လပတ်၊ အစမ်းစာမေးပွဲတွေရဲ့ ရီပို့ကတ်တွေ ထွက်လာတိုင်း ညီလေးနဲ့ သူ အဆင့်နှစ်ဆယ်လောက် ခြားနားမှုက သူ့အား သိမ်ငယ်စေခဲ့ပြန်သည်။

"အစ်ကိုဆိုတာ ညီဖြစ်သူရဲ့ စံပြတစ်ယောက်ဖြစ်ရမှာ

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ညီက အစ်ကို့ထက် နှာတစ်ဖျား၊ ခေါင်းတစ်လုံးတင် မကဘူး၊ တစ်ကိုယ်လုံးသာနေပြီ၊ ကြည့်ဦး…။ နန္ဒသူက အဆင့် ငါး၊ မင်းက အဆင့်နှစ်ဆယ့်ရှစ်၊ မင်းမရှက်ဘူးလား အသင်သူ၊ ရှက်တတ်ရင် လဲတောင် သေဖို့ကောင်းတယ်…"

အဲ့တင်းတင်းကြိတ်ရင်း ကျော်ဖြတ်ခဲ့ရတဲ့ အတိတ်ခါး ခါးတွေ…။

စာသင်ခန်း၊ အိမ်စာတွေ၊ အမေနဲ့ ညီလေးကို သူတစ်စ တစ်စ မုန်းတီးလာမိစဉ်၊ ညီဖြစ်သူမှာလည်း(ချီးကျူးမှုနှင့် ယဉ် ပါးလာသည့် ဆပ်ကပ်ထဲက)ခွေးလိမ္မာလေးတစ်ကောင်လို အစွမ်းတွေ ထုတ်ထုတ်ပြတတ်လာသည်။

ဒီကောင် ခုနစ်တန်းနှစ်ကစပြီး လူမျိုးရေးခွဲခြားမှုကို စတင်ကျင့်သုံးတတ်လာ၏။

ကျောင်းမှာ သူလိုကိုယ်လို ကောင်တွေကို လုံးဝ သောက်ဖတ်လုပ်မပေါင်းတော့ပဲ လူချမ်းသာတွေကိုမှ ရွေးပေါင်း လာတတ်သည်။

တော်လိုက်တဲ့ ငါ့ညီရေ…။ မင်းကတစ်ကွက်ပြီး တစ် ကွက် တော်ပြနေတာနဲ့ပဲ အစ်ကိုဖြစ်သူခမျာမှတော့ အလိုအ လျောက် လူဖျင်းလူညံ့စာရင်းထဲ ရောက်ရောက်နေရပြီကွ…။

ဟုတ်တယ်…။

ညီလေးကို သနားလည်း သနားမိပါရဲ့…။ သူဌေးသား တစ်ကောင်ကို မျိုးစုံမျက်နှာလုပ် ဖားပေါင်းရင်းကနေ၊ လူချမ်း သာ သားသမီးများကြား ဒီကောင် ရောက်မှန်းမသိ ရောက်



ရောက်သွား၏။

ညီက လူချမ်းသာ သားသမီးများကို ရွေးပေါင်းနေစဉ် မှာ သူကတော့ လူဆင်းရဲသားသမီးတွေကို ရှာပေါင်းနေသလား ဆိုတော့လည်း မဟုတ်ပါ။

ဒီလိုပဲ ကိုယ့်ခုံနဲ့ ဘေးချင်းကပ်က ကြံ့ရာ၊ ကျရာ သူငယ်ချင်းကို ပေါင်းသင်းဖြစ်ရင်းကနေ ညီအစ်ကိုနှစ်ယောက် ရဲ့ သူငယ်ချင်းအဆင့်အတန်းက အတော့်ကို ကွာခြားလာခဲ့ရပြန် သည်။

"အသင်သူတို့များ ဘယ်လို သူငယ်ချင်းမျိုးတွေ ရှာ ပေါင်းနေရသလဲ မသိဘူး၊ သားနှစ်ယောက်မွေးထားပါတယ်၊ အိမ်လာလည်တဲ့ သားသူငယ်ချင်းတွေ ကြည့်လိုက်ရင် ကားနဲ့ ရောက်လာပြီဟေ့ဆို သားငယ်သူငယ်ချင်းချည်းဘဲ၊ ဘတ်(စ်) ကားနဲ့ ရောက်လာပြီဟေ့ဆို လှည့်မကြည့်နဲ့ အဲဒါ အသင်သူ့ သူငယ်ချင်း…ဟွန်း…"

ပြောချင်ရာသာ ပြောပါတော့ အမေရေ…။

အမွေသားငယ်က တော်ပါတယ်၊ တတ်ပါတယ်၊ ထက် မြက်ပါပေတယ်။

သူ ဘယ်လောက်များတောင် တော်လိုက်သလဲဆိုတာ အမေတောင် မသိလိုက်ရတဲ့ ကိစ္စတွေတောင်ရှိပါရဲ့…။

တစ်ရက်ကပေါ့…။

ကုန်စုံဆိုင်ကို ကောင်မလေးတစ်ယောက် ရောက်လာ ပြီး ကောင်တာထဲက photo stand လေး (ဓါတ်ပုံထောင်)

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပြခိုင်းသည်။

ဒီကောင်မလေး ကြည့်လိုက်ရုံနဲ့ photo stand ကိုဘယ်လာက်ပေးရ ပေးရ ဝယ်တော့မည့်ပုံ ပေါက်နေမှန်း၊ ဈေးဆိုင်ကူရောင်းပေးနေတဲ့ ညီအစ်ကို နှစ်ယောက်စလုံး ရိပ်မိကြ၏။

"ဒီ photo stand လေး ဘယ်လောက်လဲဟင်၊ တစ်ချက်လောက် ထုတ်ပြပေးပါဦး…"

သိပ်တော်ပါတယ်ဆိုတဲ့ နန္ဒသူဟာ ဒီတစ်ချီမှာလည်း ကျွမ်းကျင်တဲ့ မျက်လှည့်ဆရာတစ်ယောက်လို photo stand ကို ကောင်တာက ထုတ်ထုတ်ချင်းမှာပင် ကပ်ထားတဲ့ ဈေးနှုန်း တန်ဖိုးစာရွက်ကလေးကို ဆတ်ကနဲ ခွာပစ်လိုက်တာ၊ သူကောင်းကောင်း မြင်လိုက်ရ၏။

ဘုရားရေ…။

မင်း ဘာမဟုတ်တာ လုပ်ဦးမလို့လဲ ငါ့ညီ…။

"ဘယ်လောက်လဲ…အဲဒါလေး…"

"နှစ်ထောင်ပါ အစ်မ…"

ညီ့စကားကြောင့် သူ့တစ်ကိုယ်လုံး ထူပူသွားရတော့၏။

အဲဒီကောင်တာအထပ်က photo stand မှန်သမျှ တစ်ထောင့်နှစ်ရာမှန်း သူသိပြီးသားလေ…။ ဒါဆို ဒီကောင် ကြားထဲကနေ ရှစ်ရာ ဖြတ်ခုတ်လိုက်တာပေါ့။

သူ ဝင်ဟန့်တော့မည့်ဆဲဆဲမှာပင် ညီဖြစ်သူမှာ "ဝင်မပါနဲ့" ဆိုတဲ့ အကြည့်နဲ့ဆတ်ကနဲ ကြည့်လိုက်ပြီး ဈေးဝယ်သူ



အကြိုက် ရွှမ်းရွှမ်းဝေအောင် ပြောရင်း နောက်ဆုံး ရောင်းလိုက်ရ၏။

ကောင်မလေးထွက်သွားတော့မှ သူက…

"နန္ဒသူ မင်း ဘယ်လိုလုပ်လိုက်တာလဲ…"

"အစ်ကိုမြင်သားပဲ…ကျွန်တော်ကြားကနေ ရှစ်ရာစားလိုက်တာပေါ့…"

"ဟ အဲလို လျှောက်လုပ်လို့ မရဘူးကွ၊ ပစ္စည်းတိုင်းမှာ fit price ဆိုတာရှိတယ်၊ အဲဒါ တစ်နပ်စားဉာဏ်လို့ ခေါ်တယ်၊ ကြာလာရင် ငါတို့ဆိုင် နာမည်ပျက်ကုန်မှာပေါ့…"

"ဘာပြောပြော ကျွန်တော် မုန့်ဖိုးများများရမှ ဖြစ်မယ် အစ်ကို၊ ပိုက်ဆံလိုတယ်၊ သိတယ်မဟုတ်လား၊ အပေါင်းအသင်းတွေထဲမှာ ကျွန်တော်တစ်ယောက်ပဲ ငမွဲ၊ အားလုံးက သုံးနိုင်စွဲနိုင်ကြတဲ့ အကောင်တွေချည်းပဲ…ကျွန်တော် သိပ်ငုတ်နေလို့ မရဘူးဗျ"

"ခေါင်းက ခေါင်း၊ ကျီးက ကျီးပဲ‥နှစ်ကောင်စလုံး သူ့ဂုဏ်ပုဒ်နဲ့ သူတော့ ရှိကြတာပဲ၊ ခေါင်းက ကျီးယောင်ဆောင်ဆောင်၊ ကျီးက ခေါင်းယောင်ဆောင်ဆောင် ဘယ်ဟာမှ မကောင်းဘူး"

"အစ်ကို့ ဖလော်တွေ နားထားလိုက်၊ အစ်ကို ကျွန်တော့်ကို တစ်နပ်စားဉာဏ်လို့ ပြောတယ်နော်၊ အိုကေ စောင့်ကြည့်လေ၊ တစ်သက်စားမကုန်တဲ့ လမ်းကို ကျွန်တော် လျှောက်ပြမယ်၊ ကျွန်တော့်မှာ ပန်းတိုင်ရှိပြီးသား အစ်ကို၊ အဝေးကြီးစော

www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့၊ just wait and see …အဟားဟား…''

သူပြောတဲ့ တစ်သက်စားမကုန်တဲ့လမ်းဆိုတာ နောင်နှစ်အနည်းငယ် အကြာမှာပဲ ဘာကို ဆိုလိုမှန်း အသင်သူ ကောင်းကောင်းရိပ်မိလာလေတော့၏။

အဲဒီအကြောင်းမပြောခင် ငယ်ကျိုးငယ်နာတစ်ခုကို အသင်သူ ကောင်းကောင်းမှတ်မိ နေသေးသည်။

ဝေလီဝေလင်း မနက်ခင်းတစ်ခုမှာပေါ့။

ကိုယ်က အပေါ့သွားပြီး ခုတင်ပေါ် ပြန်အတက်၊ သင်းက စောင်ပုံကြီးထဲ တလှုပ်လှုပ်ဖြစ်နေလို့ အိပ်မက်ဆိုးတွေနဲ့များ နပန်းလုံးနေသလား စိုးရိမ်ပြီး စောင်ကို လှန်အပစ်မှာတင်…

''ကျွတ်…ကွာ…ခင်ဗျားကြီးနဲ့တော့ ကွိုင်ပဲ…''

''ဘာဖြစ်နေတာတုံးဟ…တလှုပ်လှုပ်နဲ့''

''ဘာဖြစ်ဖြစ်ပေါ့…''

''ဟိုတ်ကောင် မှန်မှန်ပြောစမ်း…''

''မပြောရဲစရာ ဘာမှ မရှိဘူး…ထက်မောင်တို့ ညီအစ်ကိုနဲ့ ဟိုတစ်ရက်က ဗီဒီယိုတစ်ကား ထိုင်ကြည့်ဖြစ်တယ်၊ ကျွန်တော် တော်တော်များများ သဘောပေါက်သွားတယ် အဲဒါပဲ…''

ထက်မောင်တို့ ညီအစ်ကိုဆိုတာ ဒီကောင် ဖားယားပေါင်းရင်းကနေ ဟိုက သနားသဖြင့် ခင်မင်ခွင့်ပေးလိုက်တဲ့ သူဌေးသားလူပေါ်ကြော့တွေပါ…။

ယောက်ျားချင်းပဲ…။ ဒီလောက်ပြောရင် သဘောပေါက်တာပေါ့…။



စောင်အလှန်ခံလိုက်ရလို့ ဒေါသထွက်သွားတဲ့ကောင်က စောင်ကြီးကို ဝုန်းကနဲ ပြန်ခြုံရင်း ဟိုဘက်လှည့်သွားတော့ သူလည်း ထပ်မေးမိ၏။

''ဘာကားလဲ…''

''+18 …''

ကဲ ရှင်းရော…၊ ဘယ်လောက် နဘန်ပိတ်ကျင်းပစ်ချင်စရာကောင်းလဲ…။ အဖက်ဖက်မှာ ထူးချွန်ပြောင်မြောက်လွန်းတဲ့ လုံးဝ လုံးဝ ဆရာကြီး…။

''+18 ကြည့်ရအောင် မင်းက ၁၈ နှစ်ပြည့်ပြီလား… ငါတောင် မပြည့်သေးဘူး''

''လူအသက်က ၁၂၊ ဟုတ်တယ်၊ ဉာဏ်အသက်က ၁၈ ကျော်ပြီ…သဘောပေါက်ဗျာ၊ သဘောပေါက်…''

တော်ပါပေတယ် ကိုယ့်ဆရာရယ်…။

တော်တီးတီးတော် ကို ညီလာတော်ထားရပေသကိုး၊ ဆိုးဝါးလိုက်တဲ့ ကိုယ့်ဘဝ…။

www.burmeseclassic.com

www.burmeseclassic.com

## (13-c)

ဒါပါပဲ…။

ကိုယ့်ဘဝအကြောင်း ကိုယ်သိပ်ဇာချဲ့ပြောနေလျှင် တစ်ထောင့်တစ်ညပုံပြင်ထဲက ပုံအပြောကောင်းသူ ယှာဠာဇာတ်ပင် ကိုယ့်ကို ပြန်ဆရာခေါ်သွားရမည် ထင်ပါသည်။

ညီဖြစ်သူ ဆယ့်နှစ်နှစ်သားမှာ ပြောသွားတဲ့ ပန်းတိုင်ဆိုသောအရာဟာ 'ဘာ'ဆိုတာ၊ သူ လူပျိုဖြစ်စအရွယ်မှာ ထင်ထင်ရှားရှား ပြသလာခဲ့သည်။

မှန်သည်။

မိန်းကလေးတစ်ယောက်ကို ဥစ္စာပေါ၊ ရုပ်ချောထဲက ဖြစ်မှ ဒီကောင်ကလိုက်သည်။

အဲဒီအချိန်မှာ ကိုယ်ကလည်း မိန်းကလေးတစ်ယောက်ကို ရည်းစားစကားပြောကြည့်ဖို့ ကြိုးစားနေရတဲ့အချိန်ပေါ့…။

သူမလေး နာမည်က နှင်းထိုက်ထိုက်ဆွေး…တဲ့။

သူမလေးနဲ့ ကိုယ်နဲ့ဟာ စာဖျင်း၊ စာညံ့လွန်းလို့



တက္ကသိုလ်မှာတော့ roll call ကို နောက်ကနေ စရေရင် တစ်နဲ့ နှစ်တွေပဲ…။

စာမေးပွဲတိုင်း တဘုန်းဘုန်းကျ၊ အတန်းလစ်ကြတိုင်း ဒင်းလေးနဲ့ အပြင်မှာ ဆုံဖြစ်ကြရင်းကနေ ချစ်သူ ဖြစ်သွားကြတာ…။

ဘာပဲပြောပြော၊ သူမဟာ ကိုယ့်အတွက်တော့ ကောင်းကင်ပေါ်က ကြယ်ပွင့်လေးတွေကို ကြဲဖြန့်ပေးနေတဲ့ အလင်းနတ်သမီးလေးပဲ…။

ပြီးတော့ သူလေးကလည်း အနုပညာသွေး အပြည့်အဝ ရှိသူလေ…။

ကိုယ်က စာရူးပေရူး၊ ချစ်သူက မင်းသမီးရူး…။

"မောင်…"

မှတ်မှတ်ရရ…။ အဲဒီနေ့က ချစ်သူရဲ့ မျက်နှာဟာ မလန်း…။

ကိုယ့်ကို နောက်ကနေ ခပ်ဖွဖွလေး သိုင်းဖက်ရင်း…

"မောင့်ကိုလေ နှင်း အရမ်းချစ်တယ်သိလား…မခွဲနိုင်ဘူး…နှင်းသာ မောင်နဲ့ခွဲရရင် သေမှာ…မောင်ဟာ နှင်းရဲ့ဘဝပါမောင်ရယ်…ဒါပေမယ့် ခုလေ…အဟင့်…ဟင့်…"

"ဟင် နှင်းငိုနေတယ်…ဘာဖြစ်လို့လဲဟင်…"

"မောင့်ကို နှင်း ဘယ်လို ပြောရက်ပါ့မလဲကွယ်…"

"အာ…ပြောပါ…ဘာဖြစ်လာလို့လဲဟင်…နှင်းအဲလို ဖြစ်နေတာကြီးကိုက မောင့်ရင်တွေ ပူလာတယ်…ဘာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လို့လဲ နှင်း…"

ချစ်သူက မပြော။ ကိုယ့်ကိုသာ တိုး၍ ဖက်ကာ ငို ကြွေးနေပြီး အတန်ကြာတော့မှ…

"နှင်းကို အိမ်က ယောကျ်ားပေးစားတော့မယ် မောင်…"

"ဟင်"

အဲဒီလိုနဲ့ မြကျွန်းညိုညို တက္ကသိုလ်ကြီးရဲ့ ကံ့ကော်မြေ တစ်နေရာမှာ မျက်ဝန်းနှစ်စုံ ဆုံဆည်း ပုလဲမြေခ၊ ဝတ်မှုန်တွေ ကြွေကျ…

နောက်တော့…

"အဟား…ဟား…ဟား…ဟား…ဟား…"

"အဲ"

ဖြစ်ပျက်နေသမျှကို ကြာတော့ နားကို မလည်နိုင်တော့။

အခုပဲ အလွမ်းဇာတ်ခင်းရင်းကနေ အခုပဲ ထ၊ ရယ်။ သူပဲ ရူးနေတာလား၊ ကိုယ်ပဲ ရူးသွားတာလား…"

"မောင် တကယ်ယုံသွားတာလား၊ ဆောရီးပါ မောင် ရယ်၊ နှင်း အိုက်တင်ကျင့်နေတာပါ၊ ဘယ်လိုလဲဟင်…နှင်း သရုပ်ဆောင်တာ ကောင်းရဲ့လား၊ အကယ်ဒမီရှော့(ခ်)ပဲနော်… အဟားဟား…"

"ဟောဗျာ…အိုက်တင်ကျင့်မယ်ဆိုလည်း စောစောစီး စီး ပြောပါတော့လား…၊ လုပ်သွားတာ ရုပ်တည်ကြီးနဲ့ အတည် ပေါက်ကြီး၊ မင်းရုပ်ရှင်မင်းသမီး ဖြစ် မဖြစ်တော့ မသိဘူး၊



ကြာလာရင် မောင် နှလုံးရောဂါ ရလာနိုင်တယ်…ဟူး…"

ဘုန်းကြီးရှူးနဲ့ လေ့လူးဆိုတော့လည်း တွဲမိကြတာ ဘာ ဆန်းသလဲ။

သူက ကိုယ်နဲ့ လာပြီး အိုက်တင်ကျင့်။ ကိုယ်ကလည်း ကိုယ်ရေးတဲ့ ကဗျာလေးတွေ သူ့ကို ပေးဖတ်နဲ့ သိပ်ကို ပျော်စ ရာကောင်းခဲ့တာပေါ့…။

ချစ်သူနဲ့ ကိုယ်နဲ့ဟာ အနုပညာသမားတွေပဲဟာ၊ အဲဒီ တော့ တလှေထဲစီး…တစ်ခရီးတည်းသွားတွေပေါ့…။

ကိုယ်ကတော့ ချစ်သူအပေါ် ရိုးသားမှုအပြည့်နဲ့ပါပဲ… ချစ်သူကလည်း ကိုယ့်အပေါ် ရိုးသားလိမ့်မယ် ထင်ခဲ့တာပေါ့ (လမ်းဘေးမှာ ချရောင်းတဲ့ ဒဿနစာသားတွေအတိုင်း ပြော ရမယ်ဆိုရင် "ငါပြုတဲ့ကံ ငါ့ထံပြန်လာမယ်" ထင်ခဲ့တာပေါ့)

အဲဒီလိုနဲ့ တစ်ရက်ရောက်တော့ ချစ်သူက…

"မောင်…"

ထုံးစံအတိုင်း ခပ်လျှော့လျှော့လေး နောက်ကနေ သိုင်း ဖက်လို့…။

အဲဒီအချိန်မှာ သူမဟာ သာမန်ညောင်ည နှင်းထိုက် ထိုက်ဝင်း မဟုတ်တော့ဘဲ။

ဒဏ်ကြေလိမ်းဆေးတို့ သွားကိုက်ပျောက်ဆေးတို့ သွက်ချာပါဒလေငန်းပျောက်ဆေးတို့ အစရှိတဲ့ တီဗွီကြော်ငြာ တွေထဲ ပါနေရပြီ။ ပါရတယ်ဆိုတဲ့ အဆိုအထားက ဒီလိုပါ။ တီဗွီကြည့် ပရိသတ်များလည်း သိတော်မူတဲ့အတိုင်း…ရုပ

www.burmeseclassic.com



မင်းသမီးကို အသားပေးရိုက်ပြီး၊ (တစ်ကွက်နဲ့လောက်ကလေး ညှပ်ညှပ်ပြီး) တက်သစ်စမော်ဒယ် ငါးယောက်၊ ခြောက်ယောက်လောက် တောင်လှုပ်မြောက်လှုပ် လှုပ်တဲ့ ပြကွက်ထဲ သူမက ပါရတာ…။

တီဗွီကြော်ငြာမှာ သူမကို ထင်းကနဲတွေ့ချင်ရင် pause ခလုတ်ကိုနှိပ်ပြီး မှန်ဘီလူးနဲ့တော့ ရှာရမှာပေါ့…။

ဒါပေမယ့် သူမဟာ ဘယ်မဂ္ဂဇင်းတိုက်ကမှ (အားနာပြီးတောင်)ဝတ္ထုတိုတစ်ပုဒ်တစ်လေ အရွေးမခံရတဲ့ ကိုယ့်ထက်စာရင်တော့ အောင်မြင်မှု ရသွားပြီလေ…။

တစ်စက္ကန့်မော်ဒယ်လ်ဂဲလ်ပေါ့…။

"ဟင့်…ဟင့်…ဟင့်…"

ငိုကြွေးသံက နောက်ကျောကနေ သဲ့သဲ့…။

ကိုယ့်အတွက်တော့ သိပ်မထူးဆန်းတော့ပါဘူး… မင်းသမီးရှုးလေး အိုက်တင်ကျင့်ပြီ မဟုတ်ပါလား…"

"နှင်းဟာ မုဆိုးတစ်ပိုင်း မိန်းမရိုင်းပါမောင်…ဟင့်"

"သြော်…ကွာ…"

"နှင်းကို ခွင့်မလွှတ်ပါနဲ့…မုန်းလိုက်ပါတော့…နှင်းဟာ မောင့်အချစ်နဲ့ မထိုက်တန်ပါဘူး"

ကောင်းလိုက်တဲ့ အိုက်တင်…။

"နှင်း ဟန်ဆောင်ကောင်းခဲ့ပါတယ်…တကယ်တော့ နှင်းဟာ ငွေအင်မတန်မက်တဲ့ မိန်းမတစ်ယောက်ပါ ဟင့်…၊ အချစ်နဲ့ စစ်မှာ မတရားတာ မရှိဘူးလို့ လူတွေက ပြောကြတာ



ပဲ မောင်ရယ်၊ ဒါပေမယ့် မောင့်အပေါ် နှင်း မတရားဘူးလို့ပဲ သတ်မှတ်လိုက်ပါ…၊ နှင်းကို မောင် တစ်သက်လုံး မုန်းပါ၊ မေ့ပါ…နှင်းလေ သဘော်သားတစ်ယောက်နဲ့ လက်ထပ်တော့မယ်…အဟင့်…"

"ဟေး…သြော်…နှင်း…"

ချစ်သူက ထိုသို့ပြောပြီး ရှိုက်ကြီးတငင်ငိုကြွေးကာ အဝေးသို့ ထွက်ပြေးသွားသည်။ သူမနောက်သို့ သူလိုက်မသွားဖြစ်…။

ပြုံးမိရင်းသာ သူမ ကျောပြင်လေးကို ငေးကြည့်ကျန်ရစ်ခဲ့မိသည်။

မယ်မင်းကြီးမ မင်းသမီးဖြစ်ရင်ဖြစ်၊ မဖြစ်လို့ကတော့ ကိုယ်လည်း ဒီပုံစံအတိုင်းသာဆို နှလုံးရောဂါ ရသွားနိုင်သည် မဟုတ်ပါလား…။

လုပ်ချသွားတာတွေ အားလုံးကတော့ လုံးဝ အကယ်ဒမီရှော့(ခ်)တွေချည်းပင်…

ဒီလိုနဲ့…နှလုံးသားရှန့် သင်းပျံ့လေတဲ့ ကဲ့ကော်မြေကို နှင်းရောက်မလာတော့…။

တစ်ရက်…။ နှစ်ရက်…။

ဟာ…ဘာတွေဖြစ်ကုန်ပြီလဲ…။

ဒါ အိုက်တင်ကျင့်နေတာလား…။ တကယ်လား…

သူဖုန်းဆက်ကြည့်သည်။ တစ်ဖက်က မကိုင်…။

ဒီလိုနဲ့ တစ်လအကြာ…။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ သူ့ဆီပြန်ရောက်လာခဲ့သည်။ လူကိုယ်တိုင်တော့ မဟုတ်။ လက်ထပ်မင်္ဂလာဖိတ်ကြားလွှာထဲက သတို့သမီးနေရာမှာ "နှင်းထိုက်ထိုက်ဝင်း" ဆိုတဲ့ ပုံနှိပ်စာလုံးလေး အဖြစ်နှင့်··။

"ဟာ··· ···"

ဖိတ်စာဖတ်ရင်း အရူးတစ်ပိုင်း ကျန်ရစ်ခဲ့ရသူက ကိုယ်···။

"သေချာရဲ့လား···မင်း အနုပညာကို ချစ်တယ်ဆိုတာ သေချာရဲ့လား··။ လင်ကောင်း သားကောင်းလိုချင်တာနဲ့ပဲ အနုပညာကို အသုံးချပြီး လှေကားထစ်လို တက်နင်းသွားတာ မဟုတ်ဘူးလား···"

သိပ်ဟုတ်တာပေါ့···။

**နောက်ပိုင်း သူ သတိထားမိလာသည်မှာ အနုပညာနယ်ပယ်ထဲမှာပင် အနုပညာကို တကယ်ချစ်တဲ့သူနဲ့၊ အနုပညာကို လှေကားထစ်လို အသုံးချတက်နင်းပြီး မိမိဘဝကောင်းစားအောင် ကြံစည်သူ ဟူ၍ လူတန်းစား ၂ မျိုးရှိမှန်း သူ သိခဲ့ရပြီ···။**

ကဲ···မာယာများလှတဲ့ လောကကြီးထဲမှာ···ရိုးသားမှုဟာ ရှက်စရာများ ဖြစ်နေပြီလား···။

"တော်ပါပေတယ် နှင်းထိုက်ထိုက်ဝင်းရယ်။ စာညွှန်ပေမယ့် သမ္မာတော့ မညွှန်ဘူး။ သိပ်ကောင်းတဲ့ အိုက်တင်လို့ ချီးကျူးနေမိတာ လက်စသတ်တော့ မသာမက တကယ်လုပ်ချသွားခဲ့တာကိုး···"

(14)

"ဟား··ဟား···ဟား··ဟား···"

"ဟင်း···ဟင်း···ဟင်း···"

ရောက်လာတုန်းကတော့ ချစ်သူရဲ့ရင်ခွင်ကျယ်ကြီးထဲ တိုးဝှေ့ဖက်ပွေ့ပစ်လိုက်မယ်ဆိုတဲ့ စိတ်ကူးနဲ့ပါ···။

တကယ်တမ်းလည်းကျရော···ကလေးတစ်ယောက်လို တိုးဝှေ့ဝင်ရောက်လာတဲ့ မောင့်ကိုပဲ နှိုင်းခကြယ် ဖက်ပွေ့နှစ်သိမ့်ထားလိုက်မိသည်။

ကြည့်စမ်း···။

တို့တွေ ဝေးခဲ့ကြတာ နှစ်တွေချီပြီးတောင် ကြာခဲ့ပြီ··။

"မောင်က ဘဝကြမ်းကြမ်းတွေ ဖြတ်သန်းခဲ့ရတာကိုး··။ လွမ်းစရာ၊ နာကျည်းစရာတွေရော···ရယ်စရာတွေရော··"

မောင်က ခေါင်းညိတ်ရင်း သူမ နှုတ်ခမ်းလေးကို မျက်တရဲနှင့်နမ်းရှိုက်နေသည်။

သူမလည်း ရင်ခုန်ရင်း ပျော်ရွှင်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မောင့်အရင်ချစ်သူ နှင်းထိုက်ထိုက်ဝင်းဆိုတဲ့ မိန်းမကြီးက ရယ်တော့ ရယ်စရာကြီးနော်… မောင် ရှူးမသွားတာတောင် ကံကောင်း…"

မောင်က ပြုံးကာ ခေါင်းညိတ်ရင်း…

"ဒါနဲ့ ဦးသိန်းဆိုတဲ့ ပေါကြောင်ကြောင်လူကြီးရော.. နှိုင်းခ…"

"သူလည်း ဆေးဝါးအတုတွေ တင်သွင်းရောင်းချမှုနဲ့ ထောင်ကျသွားပြီလေ.."

"ဟမ်…"

ရယ်သံတွေက ဆူညံသွားလေပြီ..။

စိတ်အချဉ်ပေါက်စရာကောင်းလှတဲ့ လောကကြီးထဲမှာ လူလာဖြစ်ရတဲ့ ဘဝတွေပဲလေ…။ ဘာပဲပြောပြော ဒီနေ့ဟာ ဘဝမှာ အမှတ်တရနဲ့အပျော်ဆုံးနေ့ပဲ…။

အပြင်မှာ မိုးတွေ စဲလောက်ပြီထင်ရတာပဲ…။ တို့နှစ်ယောက်ရဲ့ အလွမ်းတွေတော့ လွယ်လွယ်နဲ့ မစဲနိုင်သေးဘူး…။

"မောင် ဘယ်အချိန်လောက်ကစပြီး အိမ်နဲ့ခွဲပြီး အခုလို တစ်ယောက်တည်း နေလာတာလဲ.."

"အင်း…။ ကိုယ့်လက်ထဲမှာ တိုက်ခန်းတစ်ခန်း ဝယ်နိုင်လောက်တဲ့ ငွေကြေးရှိတဲ့နေက စလို့ပေါ့..။ စာအုပ်လိုင်းကို တိုးတန်းက ကိုယ်ကိုယ်တိုင်ရေးတဲ့ ဝတ္ထုတွေနဲ့ တိုးတာပါ..။ ဒါပေမယ့် ဘယ်တိုက်ကမှ မထုတ်ရဲကြဘူးလေ..။ ဒီလိုနဲ့ပဲ မဖြစ်ညစ်ကျယ်တွေ လျှောက်လုပ်ဖြစ်သွားတာပါ…"



"ဩော်..မောင်ရယ်..။ ခု.. နှိုင်းခ ရောက်လာတာ မောင့်အပေါ် နားလည်မှု အပြည့်ပေးပြီး ရောက်လာခဲ့တာပါကွယ်.."

"ကျေးဇူးပါချစ်ရယ်.. နှိုင်းခ ထွက်သွားပြီးကတည်းက တစ်နေ့ ပြန်ရောက်လာမှာပါဆိုတဲ့ မျှော်လင့်ချက်နဲ့ မောင် စောင့်နေခဲ့တာပါ…"

နှစ်ဦးသား တင်းတင်းကျပ်ကျပ် ဖက်ပွေ့မိကြပြန်သည်။ · ကြည်နူးရင်ခုန်ဖွယ်ရာအတိ…။

"ခု..မောင့်ညီလေး ဆိုတာရော.."

"အင်း..ချမ်းသာပြီး ဝနေတယ်လို့တော့ ကြားတယ်..။ မောင် အမေ့အိမ်မှာ နောက်ဆုံးနေခဲ့တဲ့နှစ်လောက် စိတ်ရှုပ်ထွေးရတဲ့ အချိန်မရှိဘူး..။ စာအုပ်တွေသွားပြ..။ အပယ်ခံရ။ စိတ်ဓာတ်တွေကျ..။ ထပ်ရေး..။ အဲဒီအချိန်မှာပဲ ညီတော်မောင်ကလည်း ဘယ်ကနေတွေ့လာမှန်းမသိပါဘူးကွာ..။ သဘော်သားကတော် တစ်ခုလပ်နဲ့ တွဲနေပြီ.."

"ဟိုက်ရှားဘား…မောင့်ညီလေးက ဆရာကြီးပဲနော်"

"ဟုတ်တယ်။ ဒီကောင် ဆယ်တန်းတုန်းက ဖိုးဒီမှန်းတာ..။ တကယ်တမ်းအောင်စရင်းလည်း ထွက်ရော ဝမ်းဒီဆိုတာနဲ့ပဲ သွေးပျက်ပြီး လုပ်ချင်ရာလုပ်တော့တာပဲ..။ အဲဒီအမျိုးသမီးက သူ့ထက် ဆယ်နှစ်လောက်ကြီးတယ်။ ငွေကြေးစည်းစိမ်တွေ အပြည့်နဲ့ အချစ်ငတ်နေတဲ့အချိန် ညီလေးနဲ့တွေ့ပြီး အပေးအယူမျှသွားကြတာပဲ…"

www.burmeseclassic.com

www.burmeseclassic.com



"ဪ…"

"ညီလေးက အဲဒီအမျိုးသမီးကို အတော်ကြောက်ရပုံပေါ်တယ်။ အသက်ကလည်း ဆယ်နှစ်ကျော်ငယ်တာဆိုတော့ အမှားအယွင်းမရှိအောင်လည်း နေရတာတွေ ပါမှာပေါ့ကွာ။ အိမ်ကို အဲဒီအမျိုးသမီးခေါ်လာရင် အမြီးကိုကုပ်နေတာပဲ..။ ဟိုကလည်း လူကုံထံအသိုင်းအဝိုင်းထဲ ဝင်ဆံ့အောင် သင်ပေးတယ်လေ..။ ဂေါက်ရိုက်၊ ကားမောင်း၊ ရေကူး အကုန်သင်ပေးတယ်။ တစ်ခါတစ်လေ အဲဒီအမျိုးသမီးမပါပဲ သူ့ကားကြီးယူမောင်းပြီး အမေ့အိမ်ရောက်လာရင် အမြီးကုပ်ခဲ့ရသမျှ မောက်မာပြတော့တာပဲ။ အမေကလည်း တဟဲဟဲနဲ့ သဘောကိုကျလို့..။ အခု ပြန်ပြောပြရတာတောင် ရင်ဘတ်တွေ အောင့်ပါတယ် နှိုင်းခရယ်…"

"ဪ..မောင်ရယ်…"

နှစ်ဦးသား တိတ်တဆိတ် ဖက်ပွေ့မိကြပြန်သည်။

နောက်တော့ သူမက…

"ဟုတ်တယ်နော်..မောင်နဲ့လမ်းခွဲတဲ့နေ့က မောင်နောက်ဆုံးပြောခဲ့တဲ့ စကားတွေ အရမ်းကို မှန်တယ်။ ဘယ်အကောင်မှ ငါလူဆိုးလုပ်မယ်ဟေ့ဆိုပြီး လူ့လောကထဲ ဝင်လာကြတာ မဟုတ်ဘူး။ အခြေအနေ အချိန်အခါပေါ် လိုက်ပြီးတော့သာ လူဆိုးဖြစ်ကုန်ကြတာ..ဆိုတာလေ..။ မောင် မမှားပါဘူး..။ မောင့်ဘဝက စုတ်ချက်ကြမ်းကြမ်းတွေ အခြယ်ခံလိုက်ရတာကိုး.."



ဒီလိုနဲ့ပဲ နှိုင်းခဟာ သူမကို စတွေ့တွေ့ချင်းတုန်းက မောင် ရုတ်တရက်လွှတ်ချလိုက်တဲ့ ဖိတ်စာလေးကို မြင်တွေ့သွားပြီး ပြုံးစိစိနှင့်…

"မောင်း… …"

"ပြော..ချစ်…"

"ဟို ဖိတ်စာက ဘယ်သူ့ဖိတ်စာလဲ..။ ဘာလဲ..ဟို ရုပ်ရှင်မင်းသမီးရူး နှင်းထိုက်ထိုက်ဝင်းရဲ့ မင်္ဂလာဆောင်ဖိတ်စာကို အခုအထိ မောင် သိမ်းထားတုန်းပဲလား.."

တကယ်တော့ ဒီမေးခွန်းကို သဝန်တိုစိတ်နဲ့ မေးတာမျိုး မဟုတ်ဘဲ ဟာသလုပ်ချင်လာ၍သာ သူမမေးလိုက်ခြင်းဖြစ်လေသည်။

တကယ်လို့ အဲဒီဖိတ်စာဟာ မောင် အမြတ်တနိုး သိမ်းထားတဲ့ ချစ်သူဟောင်းရဲ့ ဖိတ်စာဖြစ်နေလျှင်တောင် သူမ အခုအချိန်အခါမှာ လုံးဝ ခွင့်လွှတ်နားလည်၍ ရနေသည်။

ဘာ့ကြောင့်မှန်းမသိ..။ မောင့်ကို အရာအားလုံးအတွက် သူမ နားလည်ခွင့်လွှတ်နိုင်နေလေပြီ..။ မောင်နဲ့ ပတ်သက်ပြီး အရင်လို အတ္တစွဲတွေလည်း မရှိတော့..။ ဪ.. လူတွေ ပြောပြနေတဲ့ အချစ်စစ်ဆိုတာ ဒါမျိုးနဲ့တူပါရဲ့..။

"မဟုတ်ရပါဘူး.. နှိုင်းခရာ..။ မောင်ဝန်ခံပါတယ်.. အဲဒီတုန်းကတော့ ကမ္ဘာပျက်မတတ်ကို ခံစားခဲ့ရပါတယ်။ ဒါပေမယ့် နှိုင်းခနဲ့ တွေ့ပြီးကတည်းက မောင်ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားတော့တာပါ။ အဲဒီ ဖိတ်စာလည်း ဘယ်ရောက်သွား

www.burmeseclassic.com

www.burmeseclassic.com



မှန်းတောင် မသိတော့ပါဘူး..''

''အင်း..ပြီးရော..ဒါဖြင့် အဲဒီဖိတ်စာက ဘာဖိတ်စာလဲပြော...''

သူ ချက်ချင်း ဘာပြောလို့ ပြောရမှာမှန်းမသိ...။

ခြောက်သွေ့အက်ကွဲလာသယောင် ထင်ရတဲ့ နှုတ်ခမ်းတွေနဲ့ မနည်းအနိုင်နိုင် အားယူလိုက်ကာ...။

''မောင့် အမေရဲ့အသုဘ ဖိတ်စာပါ..''

သူ့စကားကြောင့် သူမမျက်လုံးလေးများ ဝိုင်းစက်သွားရပြီး...

''ဟင်...အသုဘဖိတ်စာဟုတ်လား..အို..စိတ်မကောင်းစရာကောင်းလိုက်တာ..။ မောင့်မေမေ ဘယ်တုန်းက ဆုံးသွားတာလဲ..''

''မနေ့ကတဲ့လေ...''

''အို...ဘယ်နေ့..အသုဘ ချမှာလဲ..''

''ဒီနေ့ပေါ့...''

''ဟာ...''

''ပြောရရင်တော့ အခုပေါ့...''

... ... ...

... ... ...

# (15)

ဖေဖေက ပြောတယ်...

တကယ် ချစ်သူပီသတဲ့ စိတ်ရှိတယ်ဆိုရင် သူ တိမ်းစောင်းမသွားအောင် သမီး တည့်မတ်ပေးနိုင်ရမှာပေါ့..တဲ့...။

ဟုတ်တယ်..။

မောင့်ရဲ့ အေးတိအေးစက် စကားတွေကြားထဲမှာ မောင်ဝမ်းနည်းနာကျင်နေတာ သူမ တွေးမိတယ်။

မောင့်ကို သူမ နှစ်သိမ့်ပေးရလိမ့်မယ်..။ နောက်ပြီး တည့်မတ်ပေးရလိမ့်မယ်။

''အချိန်မီသေးတာပဲ မောင်ရယ်..။ နှင်းခတို့ လိုက်သွားရအောင်နော်...''

''ဟင့်အင်း..မောင် မသွားချင်ဘူး..''

''သားသမီးကို မချစ်တဲ့ မိဘရယ်လို့ မရှိပါဘူးမောင်ရယ်။ အချစ်ကို ပြသတတ်တဲ့ မိဘနဲ့မပြသတတ်တဲ့ မိဘဆိုပြီးပဲ ကွာသွားကြတာပါ။

www.burmeseclassic.com

www.burmeseclassic.com



"မောင့် အမေက မောင့်ကိုချစ်ပါတယ်။ ဒါပေမယ့် ငွေနဲ့ညီလေးကိုတော့ မောင့်ထက် ပိုချစ်တယ်.."

"အထင်လွဲနေတာပါ မောင်ရယ်လို့ နှိုင်းခမပြောရက်ပါဘူး..။ မောင့် ခံစားချက်ကို နှိုင်းခ စာနာပါတယ်။ ဘာ ကျေးဇူးမှ မရှိဘူးတော့ မဟုတ်ဘူးပေါ့..။ မွေးကျေးဇူး၊ ကျွေးကျေးဇူးဆိုတာ ရှိတယ်လေ.."

"မောင် လူဖြစ်လာတာတော့ ဟုတ်တယ်။ မှန်တယ်။ ဒါပေမယ့် စိတ်ဒဏ်ရာတွေနဲ့ မွမွကြေနေတဲ့ လူတစ်ယောက် ဖြစ်လာခဲ့တာ။ မောင်လိုချင်တဲ့ မိသားစုက အဲလိုမိသားစုမျိုး မဟုတ်ဘူး...။ သားသမီးနဲ့မိဘ ချစ်ချစ်ခင်ခင်နဲ့ နွေးနွေးထွေးထွေးရှိမယ့် မိသားစုမျိုးလိုချင်တာ...။ ပိုက်ဆံကို အဓိကထားတယ်ဆိုတာထက် သားသမီးတွေရဲ့ မျှော်လင့်ချက်တွေ၊ အိပ်မက်တွေကို အဓိကထားတဲ့ မိဘမျိုးလိုချင်တာ..."

"မိဘဆိုတာ ရွေးချယ်ခွင့်မှမရှိဘဲ မောင်ရဲ့..။ ကိုယ် ရောက်လာခဲ့ရတဲ့ ဘဝတောင် ရွေးချယ်ခွင့်ရှိခဲ့လို့လား..။ ချမ်းသာတဲ့ မိသားစုထဲ ဝင်စားပစ်မယ်တို့၊ ပညာတတ်တဲ့ မိသားစုထဲ ဝင်စားပစ်မယ်လို့ လုပ်လို့ရခဲ့လို့လား..။ ကံ၊ ကံ၏အကျိုးပေးကြောင့် ဖြစ်လာတဲ့ ဘဝကိုပဲ အကောင်းဆုံး လျှောက်လှမ်းကြရအောင်ပေါ့...မောင်က အရင်လို passive(အပြုခံ)လည်း မဟုတ်တော့ပါဘူး..။ active pers on(ပြုလုပ်သူ)ဖြစ်နေပါပြီ"

ဒီတော့မှ မောင်ဟာ မာကျောဟန်ဆောင်နေရင်းကနေ နှိုင်းခ ပုခုံးပေါ် ခေါင်းမှီတင်လိုက်ရင်း...



"ဟုတ်တယ်..နှိုင်းခ တော်တယ်။ တစ်ဖက်လူကို တည့်မတ်အောင် စည်းရုံးဆွဲဆောင်တတ်တယ်။ မောင် ဒီနေ့ ဝမ်းနည်းနေတယ်။ သားကြီးလုပ်သူကို ဘယ်တုန်းကမှ အထင်ကြီးစိတ်မဖြစ်ခဲ့တဲ့ အမေ့ကို စိတ်နာရင်း ဝမ်းနည်းနေမိတယ်။ ဒါပေမယ့် မောင် မသွားချင်ဘူးကွာ။ ဟိုရောက်သွားရင် လူပေါ် လူဇော်ဖြစ်နေတဲ့ ညီလေးကို မြင်ရမယ်။ နောက် သူ့ထက်ဆယ်နှစ်လောက်ကြီးတဲ့ လူကုံထံမိန်းမကို မြင်ရလိမ့်မယ်..။ ဖြစ်နိုင်ရင် မောင်သူတို့နဲ့ ဝေးရာမှာပဲ နေချင်တယ် နှိုင်းခရယ်.."

"မောင်က အခုအချိန်အထိ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်နေတုံးကိုး...။ ဒီမယ်မောင်...အများအမြင်မှာ မောင်ဟာ သူ့ရဲ့ ကောင်းတစ်ယောက်ပါ...။ မြန်မာပြည်မှာ လူသန်းပေါင်း ခြောက်ဆယ်ရှိတယ်။ ဘတ်(စ်)ဆဲလား ဘယ်နှစ်ယောက်ရှိလဲ ရေတွက်ကြည့်လိုက်...။ ခြောက်ယောက်တောင် မပြည့်ဘူး...။ ကိုယ့်ကိုယ်ကိုယ် One in million ဆိုတာ မမေ့နဲ့...။ မောင့်ညီလေးဆီမှာ လူကုံထံမိန်းမကြီးတစ်ယောက်ရှိသလို မောင်နဘေးမှာလည်း မရှိမရှားထဲက မိန်းကလေးတစ်ယောက်ရှိတယ်ဆိုတာ မမေ့နဲ့...ဟုတ်ပြီလား..."

တော်ပါပေတယ် ချစ်သူ...။

ဒီ အားပေးနှစ်သိမ့်စကားတွေကြောင့်ပဲ ရက်ရက်စက်စက် ပစ်ထားခဲ့လို့ နာကျင်ခံစားခဲ့ရတဲ့ ဝေဒနာတွေအားလုံး ပျောက်ကင်းသွားခဲ့ပါတယ်။

"ကိုယ့်ဘဝကို အကြီးကျယ်ဆုံး ပြောင်းလဲပေးခဲ့တဲ့သူ

www.burmeseclassic.com



ဆိုလို့ နှစ်ယောက်ပဲရှိတယ်။ တစ်ယောက်နဲ့ တစ်ကောင်ဆို ပါတော့။ တစ်ကောင်က အာဒမ်ဆိုတဲ့ မျောက်ကလေး…။ နောက်တစ်ခုကတော့ နှိုင်းခကြယ်ဆိုတဲ့ ချစ်သူလူမလေးပေါ့··။ အရမ်းချစ်တယ် နှိုင်းခရယ်…။ နှိုင်းခကိုရော …အာဒမ့်ကို ပါ…။ တစ်ယောက်ကို ၁၅၀၀ရနဲ့ နင့်နေအောင်ချစ်မိ သလို နောက်တစ်ကောင်ကိုလည်း ၅၂၈နဲ့ နင့်နေအောင် ချစ်ရ တာပါပဲ…။ တကယ်ပါ…။"

"ကဲ…ဒါဆို…မောင် အဝတ်အစားလဲတော့ နှိုင်းခတို့ လိုက်သွားကြရအောင်…။ မောင့်အိမ်သားတွေ မောင့်အလာကို စောင့်နေကြမှာပါ…"

နှိုင်းခကို နင့်နေအောင် စိုက်ကြည့်အပြီး…အာဒမ်ရှိရာ လှောင်အိမ်ကလေးဆီ အကြည့်ရောက်သွားချိန်မှာတင်…

"ဟင်…"

အာဒမ်…။

အာဒမ် ဘယ်ရောက်သွားပါလိမ့်…။

"ဘာဖြစ်လို့လဲဟင်…မောင်…"

"အာဒမ်··အာဒမ် ဘယ်ရောက်သွားပြီလဲ…"

"ဟင်…နှိုင်းခ ဒီတိုက်ခန်းထဲရောက်ကတည်းက အာဒမ်ကို သတိမထားမိဘူး။ ရှာပါဦး။ မောင် သူ့ကို ဘယ်မှာ ထားထားသလဲ··။ နှိုင်းခ ရောက်မလာခင်ကတည်းကတော့ အခန်းတံခါးကပွင့်နေတာနော်…"

နှိုင်းခ စကားကို သူ အရေးမလုပ်နိုင်…။



စောစောကအထိတော့ ဒီကောင် ဧည့်ခန်းထဲမှာ ဆော့ နေသေးတယ်။ ချစ်သူနဲ့ အလွမ်းသယ်နေတုန်းများ ဖွင့်ထားတဲ့ တံခါးကနေ ကျော်ပြီး အပြင်ထွက်သွားလေသလား…။

"အာဒမ်…"

သူ့အခန်းထဲ··။ ရေချိုးခန်းထဲ…။ ဘုရားခန်းထဲ··။ မီးဖိုဆောင်ထဲ အရူးတပိုင်းလို သူဝင်ရှာကြည့်သည်။

မတွေ့…။

"အာ…·ဒမ်…"

ဒီအချိန်မှာ သူ့ရဲ့ အချစ်ဆုံးသူဆိုတာ ဘယ်သူများ ဖြစ်နိုင်လိမ့်မယ်လို့ သင် ထင်ပါသလဲ…။

လောလောလတ်လတ် ဆုံးသွားတဲ့ မိခင်လည်း အရေး မလုပ်နိုင်။ လောလောလတ်လတ် ရောက်လာတဲ့ ချစ်သူကိုလည်း သူ အရေးမလုပ်နိုင်··။

အာဒမ်…။ အာဒမ်မှ··အာဒမ်…။

တနည်း…။ လူတစ်ယောက်ရဲ့ အရိုးရှင်းဆုံးနဲ့ အရိုင်း ဆန်လှတဲ့ အတ္တ…။

ဒီလိုနဲ့ ဘယ်မှာမှ မတွေ့တဲ့အဆုံး…အိမ်ရှေ့ ဝရန်တာ ဆီသို့ သူထွက်လာချိန်မှာတော့··။

"ဟာ…"

အာဒမ်…။

ကြည့်စမ်း…။

ရှုပ်ထွေးစည်ကားလှတဲ့ ကားလမ်းမကြီးပေါ်မှာ ပြေး

www.burmeseclassic.com

www.burmeseclassic.com



လွှားခုန်ပေါက်နေတဲ့ အာဒမ်…။

"အာ… … … ဒမ်… … …"

🍎🍎🍎

## (15-a)

သူ့ရဲ့ လေးလွှာတိုက်ခန်းကနေ မြေညီထပ်ရှိရာဆီ ရောက်ဖို့ လှေကားတစ်လျှောက်ကို ခြေထောက်နဲ့ဆင်းလာခဲ့လေသလား…။ ခေါင်းနဲ့ဆင်းလာခဲ့လေသလား ဆိုတာပင် မမှတ်မိတော့…။

သေချာတာ သူ အရူးတစ်ပိုင်း ဖြစ်နေမိပြီ။

"အာဒမ် မင်းသေလို့ မရဘူး…။ တစ်ခုခုဖြစ်လို့ မရဘူး …မင်းဟာ ငါ့ဘဝရဲ့ ကယ်တင်ရှင်…။ ခေတ်တစ်ခေတ်ကို ကိုယ်စားပြုဖို့ ရောက်လာခဲ့တဲ့ သူရဲကောင်း…"

ဘယ်လောက်တောင် ရူးကြောင်ကြောင် နိုင်လှတဲ့ စကားတွေလဲ…။

သူဟာ မျောက်တစ်ကောင်ရဲ့ ဦးနှောက်ကို လုံးဝနီးပါး မှီခိုကိုးကွယ်နေရတဲ့သူလေ…။ သူ့အဖြစ်ဟာ ဘာနဲ့တူသလဲဆိုတော့ နေ့ခင်းကြောင်းတောင်မှာ နေကြတ်သွားလို့ ညအသွင်ကူးပြောင်းသွားတာကို မြင်ပြီး အကြောက်လွန်သေဆုံးသွားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဧကရာဇ်မင်းမြတ် လူးဝစ္စ်လီဒီဗွန်နဲယား(Louis Le Debonnaire(778-840) )အဖြစ်လိုပဲ…။

ဟိုက အဲဒီခေတ် အဲဒီအခါ တုန်းကမို့ စဉ်းစားဆင်ခြေ ဉာဏ်နည်းပါးပြီး အကြောက်လွန်သေဆုံးသွားခဲ့ရတာ…။

သူကတော့ တိရိစ္ဆာန်တစ်ကောင်ရဲ့ ဦးနှောက်ကိုမှ၊ အောင်မြင်မှုမှာ ယစ်မူးရေသာခို အချောင်လိုက်ရင်း အကြောက်လွန် သွေးပျက်သွားတာ…။

သွေးပျက်တာချင်းတူပေမယ့် သွေးပျက်ပုံချင်းတော့ မတူ…။

"အာ…ဒမ်…ပြန်လာခဲ့…"

သူ ပလက်ဖောင်းပေါ် အပြေးတပိုင်းရောက်သွားချိန်မှာတော့ အာဒမ်ဟာ ဗာဒံပင်တစ်ပင်ပေါ် ကမြင်းကြောခွဲတက်ရင်း ထိပ်ဆုံးပိုင်းရောက်တော့မှ သွယ်တန်းထားတဲ့ ဖုန်းကြိုးများအပေါ် ပြေးလွှားဆော့ကစားလျက် ရှိချေသည်။

"ဟာ…ပြဿနာပဲ…။ ခုတ်လိုက်ပြီး သေကုန်ရင်တော့ ဒုက္ခပဲ…။ ဒီလိုဖြစ်မယ်မှန်းသိရင် ဒီမျောက်ကို ငါ သန်းနဲ့ချီပြီးတော့ကို အသက်အာမခံ ထားခဲ့ပါတယ်"

အချိန်က ရုံးတက်ရုံးဆင်း လူစည်ကားသောအချိန်…။

သူတို့ တိုက်ခန်းရှေ့ ခပ်လှမ်းလှမ်းလောက်က လမ်း(၅)ခွ ပေါင်းဆုံရာ လမ်းကြောကြီးမှာလည်း ကားတွေက ဦးဒဟို ဖြတ်သန်းသွားလာလျက်…။

အာဒံဆိုတဲ့အကောင်ကလည်း သခင်နောက်ကို ပြန်လိုက်ဖို့ နေနေသာသာ ဖုန်းကြိုးတွေကတစ်ဆင့် ခုတ်တိုင်တစ်တိုင်ပြီး တစ်တိုင် ကူးလူးရင်းနောက်ဆုံးမှာတော့ ဟောလိဝုဒ်ရုပ်ရှင်ကားဆန်ဆန်ပင် ဘတ်(စ်)ကားတစ်စီး၏ ခေါင်မိုးပေါ် လိုက်သွားလေတော့၏…။



သူလည်း ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်…။

လမ်းမကြီးတစ်လျှောက် အရူးတစ်ယောက်လို ပြေးအလိုက်…။ ကားဟွန်းတီးသံတွေ ဆူညံသွားကြ…။ မော်တော်ပီကယ်များပင် အုတ်အော်သောင်းနင်းဖြစ်ကုန်သော အနေအထားတစ်ခုကြောင့် အချက်မှန်မှန်စနစ်နဲ့ သွားနေတဲ့ မီးပွိုင့်ကို ခဏပိတ်လိုက်ရင်း ဝီစီတွေမှုတ်လျက် လမ်းမပေါ်ထွက်လာ…။

"ဟာ…"

အာဒမ်မှာ တောတွင်းသား စိတ်ပေါက်ကာ ဘတ်(စ်)ကားခေါင်မိုးပေါ်ကတစ်ဆင့် တခြားကားတွေရဲ့ ခေါင်မိုးတွေပေါ် မျောက်လွှဲကျော်လို ကူးလူးအသွား…

သူက မီလို မှီညားပြေးအဖမ်း…။ နောက်ဆုံးမှာတော့ ….။

"ကျွီ…. …"

"ဝုန်း… "

"ဒုန်း…"

"ဟာ… …"

အရှိန်နဲ့ကွေ့လာတဲ့ ကားတစ်စီးက အာဒမ့်ကို တိုက်မိသွားလေပြီ။

www.burmeseclassic.com



"အား…ဒမ်…"

သူ့ အသံနက်ကြီးမှာ ကမ္ဘာကိုပင် တစ်ပတ်ပတ်၍ သူ့ဆီပြန်ရောက်လာခဲ့လေသလား မပြောတတ်ပါ…။ ရင်တစ်ခုလုံး ကွဲထွက်မတတ် သူအော်ရင်း ဒူးတွေညွတ်ကျမတတ်ဖြစ်သွားသည်။

သွားပြီ…။

ကတ္တရာလမ်းမထက်မှာ သွေးအလိမ်းလိမ်းနဲ့ ခွေခွေကလေးငြိမ်သက်သွားလေတဲ့ မျောက်ကလေးတစ်ကောင်…။

"ကဲ..ခေါဗျာ…ခေါဗျာ…ခေါ်တော့ဗျာ…ဒါ လမ်းမကြီးဗျ…။ ခင်ဗျားတို့ အဖြစ်သည်းပြီး ရုပ်ရှင်ရိုက်နေတာနဲ့ ကားတွေလည်း ပိတ်ဆို့ကုန်ပြီ.."

"နေကြပါဦးဗျာ…နေကြပါဦးဗျာ..ဒီမှာ ကျုပ်သားကြီးခေါင်းကကြေ၊ အူတွေပွင့်ထွက်ကုန်ကာ..ကျုပ် ဘယ်လိုချီရမှာမှန်း မသိတော့ဘူး…"

"လုပ်မနေနဲ့…ခင်ဗျား မျောက်သေနေပြီ…"

"မသေသေးဘူး… သူ အသက်ရှိနေသေးတယ်.."

"ဖယ်..မောင်…။ နှိုင်းခ ချီပြီးခေါ်လာခဲ့မယ်..။ အရေးပေါ်အော်ပရေးရှင်း လုပ်ပေးပါ့မယ်…"

ဟင်…။

ချစ်သူ…။

"ကယ်ပါဦး…နှိုင်းခရယ်…ကယ်ပါဦး.."

ဘယ်အချိန်ရောက်တော့မှ ကမ္ဘာက ပျက်လေမယ်



မသိ…။

ခုတော့ ကိုယ့် ကမ္ဘာက စတင်ပျက်လေပြီ…။

www.burmeseclassic.com

www.burmeseclassic.com

## (15-b)

အဲဒီနေ့က ချစ်သူနဲ့ ပြန်လည်ဆုံဆည်းတဲ့နေ့မို့ သူ မပျော်လိုက်ရပါ။ အမေ့ရဲ့ အသုဘလည်း မမှီလိုက်ပါ…။

မျောက်တစ်ကောင်ကို ကျွမ်းကျင်စွာ အော်ပရေးရှင်း လုပ်ပေးနေတဲ့ နှိုင်းခရဲ့ ဆေးခန်းလေးထဲမှာပင် သူ့အချိန်တွေ ကုန်ဆုံးသွားခဲ့ရသည်။

နှိုင်းခ တော်ပါသည်။

အစွမ်းကုန်လည်း ကြိုးစားပြီး အသက်ကယ်တင်ပေး ခဲ့ပါသည်။

နှိုင်းခ ခွဲစိတ်ချုပ်လုပ်သမျှကို ဘေးနားကနေ ကတ်ကြေးပေး၊ ဓားပေးနှင့်ကူညီရင်း အာဒမ်အသက်ပြန်လည် ရှင်သန် လာစေရန် သူအကြိမ်ကြိမ်ဆုတောင်းခဲ့ပါသော်လည်း….

အော်ပရေးရှင်းပြုလုပ်အပြီး နာရီအနည်းငယ်အကြာမှာ ပင် နှိုင်းခမှာ စိတ်မသက်သာသော လေသံဖွဖွနှင့်…

"အာဒမ် သေသွားပြီ မောင်…။ သူ သတိပြန်လည်



မလာနိုင်တော့ဘူး…"

"ဘာ .."

"နှိုင်းခလည်း မောင်နဲ့ ထပ်တူခံစားရပါတယ်…"

"ဟာ … ဟာကွာ.."

သွားပြီ..။

ရွှေတောင်ကြီး ပြိုပြီ..။

လူဖျင်းလူညံ့တစ်ယောက်ရဲ့ ကောင်းကင်ကြီး ပျောက် ဆုံးသွားလေပြီ..။

တစ်ခါတစ်ရံမှာ လမ်းလျှောက်ရင်း လမ်းပျောက်သွား တာကို သင်တို့ကြုံဆုံဖူးပါသလား…။

"အာဒမ်ရယ်…မင်းမို့…ငါ့ကို ထားသွားရက်တယ် ကွာ …။ ငါ့ကမ္ဘာပြိုပြီ။ ငါ့ ကမ္ဘာပြိုပြီကွ…"

ချစ်သူက ဘာမှ ဆက်မပြောတော့..။

အားပေးနှစ်သိမ့်လိုဟန်နဲ့သာ သူ့ ပုခုံးကို သူမလက်ဖ ဝါးလေးနဲ့ ခပ်တင်းတင်းဖျစ်ညှစ်ပစ်လိုက်သည်။

ဩော်..ရက်စက်လွန်းတဲ့ ကံကြမ္မာ…။

www.burmeseclassic.com

www.burmeseclassic.com

# (16)

တစ်နေ့ကုန် နေပူထားလို့ပဲ ဖြစ်မည်··။

မိုးတဖြိုက် နှစ်ဖြိုက်ရွာသွန်းပြီးသည်နှင့် မြေသင်းရနံ့က သင်းတပျံ့ပျံ့ထွက်လာ၏။

"မောင်···ဟိုမှာ ··ကြည့်စမ်း···"

ချစ်သူက အရှေ့ဘက် ကောင်းကင်ဆီ လက်ညှိုးထိုးပြလေသည်။

"အိုး···လှလိုက်တာ··"

သက်တန့်ကြီး တစ်စင်း···။

ခါးကုန်းနေတဲ့ သက်တန့်ကြီးတစ်စင်း···။

လေရူးတစ်သုတ် တိုက်ခတ်သွားချိန်မှာပင် သူတို့နှစ်ယောက် မိုးခိုခဲ့တဲ့ ခရေပင်အိုကြီးမှာ ခရေပန်းပွင့်တွေများစွာ ချွေချပေးသွားသည်။

"ဟေး··· ···"

အိမ်တွင်းအောင်းပြီး မိုးခိုနေခဲ့ရသော ကလေးများ



အပြင်ထွက်ဆော့ကစားဖို့ ပြေးထွက်လာကြပြီး လတ်လတ်ဆတ်ဆတ်ကြွေဆင်းထားသည့် ခရေပွင့်ကလေးများကို တက်နင်းသွားကြသည်။

ကြည့်···။

စောစောလေးတုန်းကပဲ ဒီခရေပွင့်ကလေး လှပနေသေးသည်။ အခုတော့ သူ့အလှတို့ ပျက်ယွင်းသွားရချေပြီ···။

သူ···ဘာရယ်မဟုတ်···။ ကဗျာလေးတစ်ပုဒ်ကို ခပ်တိုးတိုးလေးရွတ်ဆိုလိုက်လေရာ နားပါးလွန်းသော ချစ်သူက ကြားဖြစ်အောင် ကြားသွားလိုက်သေးသည်။

"မောင်···ကဗျာလေး··ပြန်ရွတ်ပါဦး··သိပ် မသဲကွဲလိုက်ဘူး။ ချစ်တော့ ချစ်စရာလေးရယ်··"

သူ ကဗျာကို ထပ်မံရွတ်ဆိုရပြန်သည်။

သူ ချာတိတ်ဘဝတုန်းက ခိုးရေးခဲ့တဲ့ ၂၄ နာရီဆိုတဲ့ ကဗျာလေးပါ။

"လလေးက သာသာ
လေလေးက ဟူးဟူး
ကြည်နူးမိတယ်လေး···။

တိမ်လေးက ပြာပြာ
နေခြည်က နွေးနွေး
စံပယ်နဲ့ တမွှေးမွှေးနဲ့
စောင်ခြုံလို့ ကွေး···။

www.burmeseclassic.com

www.burmeseclassic.com



ကဗျာလေး ရွတ်ပြီးသွားတော့ ချစ်သူက နှစ်ထောင်းအားရ လေသံနှင့်…။

"wow!!!(ဝါးဝိုး‥)ချစ်စရာလေးနော်…"

"မောင်ငယ်ငယ်က တိတ်တိတ်ကလေး ခိုးရေးခဲ့တဲ့ကဗျာလေးပါ။ တစ်ချိန်တုန်းကတော့ အဲဒီကဗျာကြောင့် အရှက်ကွဲခဲ့ရသလို စိတ်ဒဏ်ရာပါ ရခဲ့ဖူးတယ်။ ခုတော့…ဘာမှ မဟုတ်တော့ပါဘူးလေ…"

မောင်က မြေပြင်ပေါ် ကြွေကြနေတဲ့ အနှာအဆာမပါ ခရေပန်းလှလှလေးများကို ရွေးကောက်ပြီး သူမ လက်ခုပ်ကလေးထဲ ထည့်ပေးနေသည်။

မြေပြင်ပေါ်ကို ကြွေကျနေတာချင်း အတူတူတောင် အနှာအဆာမပါတဲ့ ခရေပန်းလှလှလေးများကို တက်မနင်းမိအောင် ရှောင်ကျဉ်ပြီး၊ ခရေပန်းခြောက်ကလေးများပေါ်သာ နှစ်ဦးသား တက်နင်းလမ်းလျှောက်နေဖြစ်ကြသည်။

ဒါကို နှစ်ယောက်စလုံး သတိထားမိနေပေမယ့် တစ်ယောက်နဲ့တစ်ယောက် ဖွင့်ဟ မပြောဖြစ်ကြ…။

တူညီတဲ့ရင်ဘတ်နှစ်ခုရှိနေခြင်းက အချစ်ရဲ့ Level ကို ကြာရှည်တည်တံ့နိုင်မဲ့ရန် ထိန်းကြောင်းပေးထားခြင်း ဖြစ်ကြောင်း၊ ချစ်သက်တမ်းရင့်လာလေလေ နှစ်ဦးသား သဘောပေါက်လာလေလေ ဖြစ်လာသည်။

"မောင်… …"

"ဗျာ… "



"စကားနည်းနည်း ပြောကြည့်မယ်နော်‥"

စတင် တယောထိုးတော့မည်မှန်း သူကောင်းကောင်းရိပ်စားမိ၍ ခေါင်းကို အသာအယာညိတ်ရင်းသာ ပြုံးမိလေသည်။

"မောင်စာတွေ ပြန်ရေးပါတော့လား…"

"… … …"

"စာအုပ်တွေ မထွက်ဘဲ နားထားတာ ခြောက်လလောက်ရှိပြီ‥။ မောင့်စာဖတ်ပရိသတ်တွေလည်း မောင့်စာအုပ်တွေကို မျှော်နေကြလောက်ပြီ…။ စိတ်ပညာရှုထောင့်က ကြည့်ရင် မောင်က Abnormal Grief (သဘာဝလွန်ပူဆွေးမှု)ဖြစ်နေတာ။ အဲဒါ မကောင်းဘူး…"

တော်လိုက်တဲ့‥ချစ်သူရယ်…။

ဟောဒီ ပဲ့ကိုင်ရှင်လေးရှိနေလို့ သူ့ဘဝလှေငယ်လေး ရေစုန်မျောမသွားတာပေါ့‥

"နှင်းခ စာတော်တော်ဖတ်ထားတာပဲ…။ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဆက်ပြောပါဦး"

"စိတ်ပညာရှုထောင့်က ကြည့်မယ်ဆိုရင် မောင်က Dependent Personality(တစ်ဖက်သားအပေါ် မှီခိုလိုတဲ့ ကိုယ်ရည်ကိုယ်သွေး)ဖြစ်နေတာလေ‥။ စိတ်မဆိုးနဲ့နော်…"

"မဆိုးဘူး နှင်းခ…ပြော‥"

"အဲဒါ အညံ့စား ကိုယ်ရည်ကိုယ်သွေး…။ မကောင်းဘူး…။ Stable Personility (တည်ငြိမ်ကိုယ်ရည်ကိုယ်သွေး)

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် မောင်ပြုပြင်ရလိမ့်မယ်။ နှိုင်းခတို့လည်း ဒီလိုပဲ လွတ်လွတ်ထွက်သွားတဲ့ စိတ်တွေကြောင့် ကိုယ့်ကိုယ်ကိုယ် ပြုပြင်နေကြရတယ်။ ဘယ်လို ကုထုံးနဲ့ပြုပြင်ရသလဲဆိုတော့… Cognitive Behavioral Therapy နဲ့ ပြုပြင်ရတယ်…။ အသိတရားယှဉ် ကုထုံးဆိုပါတော့…"

"Cognitive Behavioral Therapy ဟုတ်လား‥။ နှိုင်းခ ကိုယ်တိုင် မောင့်ကို အဲဒီကုထုံးနဲ့ ကုစားပေးနိုင်မလား…"

"မောင့်ဘက်က လက်ခံချင်တဲ့စိတ်ရှိရင် ကုစားပေးလို့ရတယ်။ နှိုင်းခကုစားပေးရမလား…"

သူ အသာအယာ ခေါင်းညိတ်ပြလိုက်စဉ်မှာပဲ အဘွားအိုတစ်ယောက် သူတို့ရှိရာ ခရေပင်တန်းဆီ ရောက်လာခဲ့သည်။

သူတို့ ရပ်နေတဲ့ ခရေပင်ကြီးဆီတော့ မဟုတ်…။

သူတို့နဲ့ မလှမ်းမကမ်း ခရေပင်အောက်မှာ ခရေပန်းဝင်ကောက်နေခြင်းဖြစ်၏။

ဇကာကုံးကလေးတစ်ခုထဲမှာ ရေအစိုဝတ်ကလေးထည့်ပြီး ခရေပန်းများရွေးချယ်ကောက်နေပုံထောက်တော့ ထိုအဘွားအိုမှာ အပျော်တမ်း ခရေပန်းကောက်သူအဆင့် မဖြစ်တန်ရာ‥။

နောက်…သူ့ရဲ့ ဇကာကုံးထဲမှာ ခရေပန်းသီကုံးဖို့ လျှော်မျှင်လေးတွေ ပါလာသည်လေ…။

❦❦❦

# (17)

"ကလေးတစ်ယောက်ရဲ့ လုပ်ရပ်ကို မချိုးကျူးဘဲ ကဲ့ရဲ့ဝေဖန်တတ်တဲ့၊ လှောင်ရယ်ဟားတတ်တဲ့ မိသားစုထဲက ဆင်းသက်လာကြတဲ့ သူတိုင်း စိတ်မလုံခြုံခြင်းဝေဒနာကို ခံစားရလေ့ရှိတတ်တယ် မောင်…။ တကယ်တော့ အာဒမ်လေးက သိပ်တော်လွန်းလို့ မဟုတ်ပါဘူး…အာဒမ်ဟာ မောင့်ဘဝရဲ့ တိုက်စစ်မှူးလည်း မဟုတ်ဘူး‥"

ချစ်သူရဲ့ စကားကို နားထောင်ရင်း ခရေပွင့်အလှများကို ရွေးကောက်နေတဲ့ အဘွားကြီးကို သူ ငေးကြည့်နေမိတော့၏…။

"အာဒမ်ဟာ ဝတ္ထုတစ်အုပ်လုံးကို ရေးပေးသွားတာလဲ မဟုတ်ဘူး။ ပြီးတော့ brainless ပါ…။ ဦးနှောက်မရှိဘူး‥။ အာဒမ်ရွေးချယ်ပေးနိုင်အောင် မောင်က ပြင်ဆင်ပေးခဲ့ရတာ‥။ နောက်ပြီး အဲဒီရွေးချယ်မှုကလည်း ကုန်ကြမ်းအဆင့်ပဲ ရှိတာပါ။ မောင်က အဲဒီကုန်ကြမ်းကို အသေးစိပ်ပြန် ချယ်မှုန်းပေးရတာ‥။

www.burmeseclassic.com



ဟုတ်တယ်နော်…”

“ဟုတ်ပါတယ်…”

“မောင့် idea လေးက ဆန်းပါတယ်။ idea အဆန်းနဲ့ တီထွင်ခဲ့ချိန်မှာပဲ ကံတရားက နောက်က လိုက်လာတယ်။ အဲလို တိုက်ဆိုင်မှုကိုပဲ မောင်က အာဒမ်ဖန်တီးပေးမှ အောင်မြင်မှုရမယ် ဆိုတဲ့ စိတ်အစွဲဝင်သွားတာပါ…။ အောင်မြင်ကျော်ကြားတဲ့ လူတစ်ယောက်ရဲ့ဘဝဟာ တစ်ကနေတစ်ဆယ်အထိ ရှိတဲ့ ကိန်းတန်းတစ်ခုလို့ မောင် မြင်ယောင်ကြည့်လိုက်စမ်း…”

**1,2,3,4,5,6,7,8,9,10....... ။**

အိုကေ…။

“မောင့်ဘဝရဲ့ ကိန်းတန်းဖော်ပြမှုကြတော့ **1,2,3,4,5, ?,?,8,9,10** ဖြစ်နေတယ်။ ဘာဖြစ်လို့လဲ သိလား…။ မောင်ဟာ တစ်ကနေငါးအထိ ငယ်ဘဝတွေကို ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ဖူးပြီးပြီ‥။ အောင်မြင်မှုရဲ့ အထွဋ်အထိပ်ဆုံးကာလ ရှစ်,ကိုး,တစ်ဆယ်တွေလည်း အခုလက်ရှိရနေပြီ‥။ အာဒမ် ရုတ်တရက်ခွဲခွာသွားလို့ ကွင်းဆက်ပြတ်မှု ခြောက်,ခုနစ်…ကိန်းနှစ်လုံးပဲ(?) အနေနဲ့ ရှိတော့တာ…။ တကယ်တော့ အာဒမ်ဆိုတာ ကားတိုက်မသေလည်း မျောက်သက်တမ်းကုန်ဆုံးသွားရင် သေရမှာပါပဲ မောင်…။ အခု မောင်ရှာဖွေရမယ့် (?)ကိန်းနှစ်ခုဟာ နည်းနည်းပါးပါး အားစိုက်လိုက်မယ်ဆိုရင်ကို မောင်တွေ့လာမှာပါ… ဘယ်လိုလဲ…ဒီ စိန်ခေါ်မှုကို မောင် ရင်မဆိုင်နိုင်ဘူးလား…”

“ဟာ…ကောင်းလိုက်တဲ့ ဥပမာလေးကွာ…”



ချစ်သူရဲ့စကားကြောင့် လူညစ်ကလေးတစ်ယောက်လို မျောက်တစ်ကောင်ကို မှီပြီး ရေသာခိုလိုက်ရင်းနဲ့ ဝေ့ဝါးသွားသောလမ်းများ ရှင်းကနဲ မြင်သွားရချေပြီ‥။

အောင်မြင်ကျော်ကြားတဲ့ လူတစ်ယောက်ရဲ့ ဘဝတန်ဖိုးဟာ တစ်ကနေတစ်ဆယ်အထိရှိတဲ့ **(1,2,3,4,5,6,7,8,9,10)** ကိန်းတန်းတစ်ခုလို့ မြင်ယောင်ကြည့်လိုက်စမ်းပါ။ မောင့်ဘဝရဲ့ ကိန်းတန်းဖော်ပြမှုကျတော့ … **1,2,3,4,5,?,?,8,9,10** ဖြစ်နေတယ်…။ အို ကောင်းလိုက်တဲ့ ဥပမာလေး…။ လှလိုက်တဲ့ ဥပမာလေး…။

“ဟုတ်တယ်‥။ မောင်ဟာ တစ်ကနေငါးအထိ ငယ်ဘဝတွေကို ခက်ခက်ခဲခဲရုန်းကန်ရင်ဆိုင်ခဲ့ရတယ်။ အထွဋ်အထိပ်အောင်မြင်မှုတွေ ဖြစ်တဲ့ ရှစ်,ကိုး,တစ်ဆယ်တွေလည်း အခုလက်ထဲမှာ ရှိနေပြီ…။ မောင့်ဘဝပြည့်စုံဖို့…။ နှင်းခ စကားနဲ့ပြောရရင် မောင့်ရဲ့ ကိုယ်ရည်ကိုယ်သွေးပြည့်စုံဖို့(?)ကိန်းနှစ်ခုရဲ့ တန်ဖိုးကိုပဲ ရှာရတော့မှာ။ ဒါ…သိပ်ခက်ခဲတဲ့ ကိစ္စမှ မဟုတ်တော့တာ…။ မောင် ကတိပေးပါတယ် နှင်းခ…။ မောင် လူတော်တစ်ယောက်ဖြစ်အောင် ကြိုးစားပါ့မယ်…”

“ဟာ‥တကယ်လားဟင်…ပျော်လိုက်တာ မောင်ရယ်…”

“အရင် ဘဝနာခဲ့ရတာတွေကို ပြည်ဖုံးကားချပြီး မောင် စာပြန်ရေးတော့မယ်။ ပရိသတ်ကို စော်ကားခဲ့သလို ဖြစ်ခဲ့သမျှ မောင်အကောင်းဆုံး ပေးဆပ်သွားပါ့မယ်…”

www.burmeseclassic.com

www.burmeseclassic.com



"အို..မောင်ရယ်..."

နားလည်မှု ကိုယ်စီနဲ့ နှစ်ဦးသား ဖက်ပွေ့မိကြသည်။

အရှေ့ဘက် ကောင်းကင်ယံက သက်တန့်ကြီးပင် ပြုံးမိသယောင်ဖြစ်သွားလေတော့၏..။

●●●

## (18)

အလင်းနတ်သမီးဟာ သူမရဲ့ဝတ်ရုံကို လှပစွာ နှုတ်သိမ်းရင်း နေမင်းကို လက်ယပ်ခေါ်ကာ ကြယ်ပွင့်ကလေးများကို ကောင်းကင်ပေါ် ပစ်ချပေးနေသည်။

ငှက်ကလေးများလည်း အိပ်တန်းတက်ဖို့ ခရေပင်ကြီးတွေဆီ ရောက်လာကြပြီ။ ချစ်သူနှစ်ဦးမှာတော့ ကြည်နူးရင်ခုန်သည့် စိတ်နှင့် အလင်းတွေဝေသီပြာရီလျက်ရှိ၏။

တစ်ဝက်မှောင်...။ တစ်ဝက်လင်းနေသည့် ညရှုခင်းနုနုပင်...။

ခရေပင်ကြီးအောက်က သူတို့ မသွားသေးသလိုပင်၊ စောစောက ခရေပန်းလာကောက်သည့် အဘွားကြီးမှာလည်း မပြန်သေးဘဲ ခရေပင်တစ်ပင်အောက် အကျအနထိုင်ကာ စောစောက ကောက်လာတဲ့ ခရေပန်းတွေကို လျှော်မျှင်ကလေးနှင့် သီကုံးလျက်ရှိနေချေသည်။

"မောင် ဘဝကို အသစ်ပြန်လည်စတင်မှာပါ နှင်းခ..။ တကယ်တော့ မောင့်ချစ်သူဟာ မောင့်ကို အလင်းတွေမျှဝေပေး

www.burmeseclassic.com

www.burmeseclassic.com



တဲ့ အလင်းနတ်သမီးလေးပါ…။ ဒါနဲ့ စောစောက နှင်းခပြောသွားတဲ့ ဖလော်ဆော်ဖီတွေက မောင့်ကို ကုစားပေးတဲ့ Cognitive Behavioral therapy ကုထုံးဆိုတာလားဟင်..”

“မဟုတ်ဘူးမောင်…။ အဲဒီ ကုထုံးက အခုမှ စမှာပါ…”

“ဟင်… …”

“ဟိုမှာ ..ခရေပန်းတွေ သီနေတဲ့ အဘွားကြီးကို ကြည့်စမ်း…မောင်…”

“မောင် အစောကတည်းက သတိထားမိပါတယ်..”

“သူ ရောက်မလာခင်တုန်းကတည်းက ခရေပင်ပေါ်က ကြွေကျမြေခလာတဲ့ ခရေပန်းလေးတွေကို မောင်သတိထားမိမှာပေါ့…”

သူ ခေါင်းပဲ ညိတ်ပြလိုက်မိသည်။

“တကယ်တော့ နှင်းခတို့ မောင်တို့ဆိုတာ လေအတိုက်မှာ မြေခလာကြတဲ့ ပန်းပွင့်ကလေးတွေလိုပါပဲ…။ တချို့ကြွေတယ်…။ တချို့က မွေးရုံနဲ့ လတ်ဆတ်နေကြတုန်း၊ တချို့ကျတော့ နင်းအခြေခံလိုက်ရလို့ ပျက်စီးသွားကြတယ်။ တချို့ ပန်းပွင့်ကလေးတွေကတော့ ခြောက်သွေ့ကုန်ကြတယ်…။ အဲဒီ ပန်းပွင့်ကလေးတွေဟာ လူ့ဘဝကို ကိုယ်စားပြုတဲ့ အချိန်ခဏလေးတွေနဲ့ တူတယ်…”

“ဟင်…ဩော်…”

ဝိုင်တစ်ခွက်ကို မော့သောက်လိုက်ရသလို ရီဝေဝေ ဖြစ်သွားရသည်။



“ကောင်းပြီ…စောစောက နှင်းခပြောခဲ့တဲ့ ပန်းပွင့်ကလေးတွေဟာ လူ့ဘဝရဲ့ အချိန်ခဏလေးတွေ ဖြစ်တယ်ဆိုရင်…အခု ဟို…အဘွားကြီး ရွေးသီနေတဲ့ ပန်းကုံးကလေးကတော့ ဘဝနေနည်းပဲ ဖြစ်တယ်မောင်…”

“ဘဝနေနည်း…”

သူ နှင်းခစကားကို ခပ်တိုးတိုးလေး သံယောင်လိုက် ပြောလိုက်မိ၏…

“ဟုတ်တယ် မောင်…။ နွမ်းနေတဲ့ပန်းတွေ၊ အနင်းခြေခံလိုက်ရလို့ ကြေမွသွားတဲ့ပန်းတွေကို အဘွားကြီးဟာ ပန်းကုံးထဲ ထည့်မသီဘူး…။ ဒီလိုပဲ နှင်းခတို့ရဲ့ ဘဝပန်းကုံးထဲကိုလည်း… စိတ်ဒဏ်ရာတွေ၊ အတိတ်ခါးခါးတွေ၊ ခြောက်သွေ့အက်ကွဲနေတဲ့ မကောင်းတဲ့စိတ်တွေကို ထည့်မသီမိဖို့လိုတယ်..”

“ဩော်…”

“ကြည့် …။ အဲဒီအဘွားကြီးဟာ သူသီထားတဲ့ ပန်းကုံးလေးတွေကို မကြာခင် လူကြားထဲ သွားရောင်းတော့မှာ…။ ပန်းကုံးကလေးတွေ လူတောတိုးကြတော့မယ် ဆိုပါတော့…။ ဒီလိုပဲ …နှင်းခတို့ရဲ့ ဘဝပန်းကုံးလေးတွေ လူ့ဝင်ဆံ့အောင်၊ လူ့အသိုင်းအဝိုင်းကြီးတစ်ခုလုံး လက်ခံနိုင်အောင် မကောင်းခဲ့တဲ့အချိန်တွေ၊ စိတ်တွေ၊ ဒဏ်ရာတွေ ဖြုတ်ချခဲ့ဖို့လိုတယ်…။ မောင့်ကို နှင်းခ ကုစားပေးမယ်ဆိုတဲ့ Cognitive Behavirol theerapy (အသိတရားယှဉ်ကုထုံး)ဆိုတာ အဲဒါပါပဲ မောင်ရယ်…နှင်းခ နားလည်သလောက် ဖြန့်ဝေတာပါ…။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမ ကြီးတော့ ဘယ်ဟုတ်မလဲ…''

မှောင်ပြီ…။

ပြန်ဖို့ သင့်ပြီ…။

ခရေပန်းတွေ သီကုံးနေတဲ့ အဘွားကြီးလည်း မရှိတော့။

လခြမ်းကွေးကလေး ပြူထွက်နေတာကိုပင် ချစ်သူရဲ့ ကိုယ်သင်းရနံ့နဲ့ ထုဆစ်ထားတဲ့ လေညှင်းတွေကြားကနေ ထွင်းဖောက်မြင်နေရသည်။

ဝိုင်တစ်ခွက် သောက်လိုက်ရသလို မူးမူးမေ့မေ့…။ ရီရီဝေဝေ…။

''ဆရာမကြီး ဘယ်ဟုတ်မလဲ…။ မောင့်ချစ်သူဟာ မောင့်ကို အလင်းတွေ ဖြန့်ဝေပေးတဲ့ အလင်းနတ်သမီးလေးပဲ…။ အရမ်းချစ်တယ်… နှိုင်းခရယ်…''

ပုံပြင်ထဲက ဝံပုလွေလေးတစ်ကောင် ခရေပင်အောက် အရောက် ပျောက်ဆုံးသွားတဲ့ သူ့ကိုယ်သူ ပြန်လည်ရှာဖွေတွေ့ရှိသွားလေတော့၏…။

ကြယ်လေးတွေကတော့ တစ်ပွင့်ပြီး တစ်ပွင့်ထွက်လာခဲ့လေပြီပေါ့…။

ညေး

5-2-2014

www.facebook.com/Nyay Nyay

ညေး/Page

BURMESE CLASSIC

coming soon

အိပ်မက်အသစ်မှ ထပ်မံတင်ဆက်မည့်
ကလောင်အသစ်

# အာဃင်းခိုက်

၏

လုံးချင်းဝတ္ထုသစ်များ

Run

Genius

စက်ချုပ်

Three

www.burmeseclassic.com